www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

[illegible]

စာမူခွင့်ပြုချက်အမှတ်
၄၀၀၆၉၉၁၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၁၁၁၀၇၁၀

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) ခေတ်နာဂစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၉၇၃) ခေတ်နာဂOFFSET
အမှတ်(၅၉)။ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

ဆုမြတ်မွန်မွန်
မောင်သဘော/ဆုမြတ်မွန်မွန်၊-ရန်ကုန်။
ခေတ်နာဂစာပေ၊ ၂၀၁၀။
၂၈၀- စာ၊ ၄.၂x၁၇ စင်တီ၊
(၁) မောင်သဘော

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







ဆုမြတ်ပွင့်ပွင့်

# မောင့်သဘော


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com




စိတ်ညစ်ခြင်း ဟူသည် ... လူတွေအတွက်
အလွယ်ကူဆုံး ခံစားချက်ဖြစ်၍ ...
ပျော်ရွှင်ခြင်း ဟူသည်ကား ... အခက်ခဲဆုံး
ခံစားချက် ဖြစ်လိမ့်မည် ...။ ။

နသာန်နီယယ် ဘရန်ဒင်
(စိတ်ပညာရှင်)

www.burmeseclassic.com

www.burmeseclassic.com







## ၁

"မေမေရေ ... ဒီမှာ လာကြည့်ပါဦး။ စားချင်စရာ မကောင်းဘူးလား"

နန္ဒာ့ရဲ့ အော်သံကျယ်ကြောင့် ဒေါ်မဥ္ဇူက အံ့နားရောက်လာပြီး ငုံ့ကြည့်လိုက်လျှင် စားချင်စဖွယ်ကောင်းစွာ မွှေးပျံ့နေသော ပီဇာအချပ်ကြီးကို တွေ့လိုက်ရသည်။

"မြည်းကြည့်ပါဦး မေမေ"

"အေးဟယ် ... မြင်တာနဲ့ ကောင်းမယ့်ပုံပဲ။ သားရယ် မင်းဟာက Hotel Management တက်လာတာမှ ဟုတ်ရဲ့လား ...

စားဖိုမှူးသင်တန်းများ တက်လာသလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့စကားကြောင့် မင်းနန္ဒာက တဟားဟားနှင့် အော်ရယ်လေသည်။ မေမေပြောလည်း ပြောချင်စရာပင်။ သူက ကျောင်းမှပြန်ရောက်ကတည်းက မိဘနှစ်ပါးကို မုန့်တစ်မျိုးမျိုး လုပ်ကျွေးနေကြဖြစ်သည်။ သူ လုပ်ကျွေးသော မုန့်တွေဟာလည်း အရသာက ပထမတန်းစား ဖြစ်တာကို ဘယ်သူကမှ မငြင်းနိုင်ချေ။

"ဟုတ်ပါတယ် မေမေရာ။ မယုံရင် သားရလာခဲ့တဲ့ ဒီပလိုမာလက်မှတ်ကို ကြည့်လိုက်ပါ။ ကျောင်းက Course ထဲမှာက ဒါတွေလည်းပါတယ် မေမေရ။ အဲ ... သားက နဂိုတည်းကလည်း ဝါသနာပါတော့ သွား,သွားသင်ထားတာလည်း ရှိတာပေါ့ ...

ဒီပုံစံမျိုးနဲ့ဆိုရင် ကော်ဖီဆိုင် ကောင်းကောင်းတော့ ဖွင့်လို့ရနေပြီနော်"

"အေးလေ ... အဲဒါမျိုး ဖွင့်ချင်လည်း ဖွင့်ပေါ့။ သူများတွေကိုယ်တိုင်တောင် တတ်တာမှ မဟုတ်တာ ...

သားရဲ့အရည်အချင်းမျိုး၊ စီမံခန့်ခွဲပုံမျိုးနဲ့ဆို အောင်မြင်မှာ သေချာတယ်"





သူ့အမေက သူ့ကို အထင်တကြီးနှင့် ပြောဆိုနေလျှင် မင်းနန္ဒာက တဟားဟားနှင့် ရယ်မောနေမိသည်။ တကယ်တော့ သူဟာ လူပျော်တစ်ဦးပဲ ဖြစ်ပါသည်။ သူ့မျက်နှာက အစဉ်သဖြင့် ပြုံးနေတတ်ပြီး ဘယ်သူ့ကိုမဆို ဖော်ရွေကူညီတတ်တာမို့ ခင်မင်သူတွေလည်း မရှားချေ။

သူက ဒီမှာ ကျောင်းပြီးသွားသောအခါ စင်ကာပူမှာ Hotel Management ဒီပလိုမာ သွားယူလာခဲ့သည်။ အဲဒီဘာသာရပ်ကို ဝါသနာပါတာကြောင့် လေ့လာခဲ့တာဖြစ်ပြီး အခုချိန်ထိတော့ ဘာလုပ်ရမယ်ဆိုတာ တိတိကျကျ မဆုံးဖြတ်သေးချေ။ ဟိုတယ်တစ်ခုကို စီမံကွပ်ကဲသည့် ဘာသာရပ်ကို သင်ယူလေ့လာခဲ့တာကြောင့် ဟိုတယ်မှာပဲ အလုပ်ဝင်ရမလား၊ ကိုယ်ပိုင်စားသောက်ဆိုင်ပဲ ဖွင့်ရင်ကောင်းမလား စဉ်းစားတုန်းပင်။ အခုလောလောဆယ်မှာတော့ မုန့်တွေ တစ်မျိုးပြီးတစ်မျိုးသာလုပ်လျက် ပျော်မွေ့နေတာဖြစ်သည်။

"အေးဆေးပေါ့ မေမေရယ်။ မရှိလို့ လုပ်စားတာ ဘာဖြစ်လို့ အရေးတွေ ကြီးနေမှာလဲ၊ ကဲ ... မေမေ စားလိုက်ဦး။ သား ခြုံးခြုံးဆီ သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အိမ်မှာ အမေကို လုပ်ကျွေးလို့ အားမရတာနဲ့ နယ်ကျော်ပြီး သူများတွေကိုပါ ကျွေးဦးမယ်ပေါ့လေ"

"ဟဲ ... သူတို့က သား လက်ရာ ကောင်းတယ်ဆိုတာ မယုံကြဘူးလေ။ အဲဒါကြောင့် သွားကြွားမလို့ ...

ကဲ ... မေမေ စား။ သား ရေသွားချိုးလိုက်ဦးမယ် နော်"

"ချိုး ... ချိုး ...။ အကြာကြီးလည်း ချိုးမနေနဲ့ဦး။ အအေး ပတ်နေဦးမယ်"

သူ့အမေက သူ့ကို ဒီအရွယ်ထိ အစိုးရိမ်ကြီးတုန်းပင်။ သူက မေမေ့ကို နှာခေါင်းရှုံ့ ပြောင်ပြကာ အိမ်အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ ပြီးလျှင် ရေချိုးခန်းထဲသို့ဝင်ကာ ရေချိုး၊ အပြင်သွားဖို့ရာအတွက်တော့ ထူးထူးထွေထွေ ပြင်ဆင်ရတာမျိုး မရှိပါ။ သူက အသားဖြူဖြူ အရပ်မြင့်မြင့်မို့ တော်တန်ရုံ အဝတ်အစားနဲ့လည်း လိုက်ဖက်သည်။

အခုလောလောဆယ်မှာတော့ ဆံပင်စတိုင်လ်က စင်ကာပူက ကောက်လာခဲ့သည့် ကိုရီးယားစတိုင်လ် အကောက်နဲ့မို့ သူ့ပုံစံက ကိုရီးယားမင်းသားလိုလို ဘာလိုလို ဖြစ်နေသည်။





မီးခိုးရောင်ဖျော့ဖျော့ ဆံပင်လိုင်းလိပ်တွေနှင့် သူဟာ အရိုးဆုံးနှင့် အဆန်းဆုံး ဖက်ရှင်ဖြစ်သည့် Black & White အတွဲအစပ်ကိုသာ ဝတ်ဆင်လိုက်သည်။

ပြီးလျှင်တော့ သူဟာ အပြင်သွားဖို့ အဆင်သင့်ဖြစ်ပြီ။ အမြဲတမ်း သုံးနေကျ ရေမွှေးဖြစ်သည့် Polo ကို ဆွတ်ဖျန်းပြီးလျှင် သူက အပြင်သွားတိုင်း မပါမဖြစ် ဝေါလက်နဲ့ ဖုန်းကို ယူကာ အောက်ထပ်သို့ လှေကားထစ်တွေကိုကျော်ကာ ခုန်ဆင်းလာခဲ့သည်။

"ဟဲ့သား။ ဘာဖြစ်လို့ ခုန်ဆင်းနေရတာလဲ။ မတော်တဆ ပြုတ်ကျမှဖြင့်ကွယ်"

"မကျပါဘူး မေမေရဲ့။ ကဲ ... သား သွားတော့မယ်နော်"

"အေး ... အေး။ ကားကို ဂရုစိုက်မောင်း သားလေး"

"ရက်စ် မာမီ"

သူက မေမေ့ကို ပြောင်စပ်စပ်ဖြင့် သတိဆွဲပြီး အလေးပြုပြကာ အသင့်ပြင်ထားသော ပီဇာဘူးနှစ်ဘူးကိုယူကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ သူ အခုသွားမှာက မိတ်ကပ်အလှပြင် ဖန်တီးရှင်လောက၏ ဆရာကြီးတစ်ဦးဖြစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော မကြီးသန်း၏အလှပြင်ဆိုင်ကို ဖြစ်သည်။ အဲဒီမှာ သူ့သူငယ်ချင်း မော်ဒယ်မင်းသမီးပေါက်စ ရွှေခြူးသဲသာက မိတ်ကပ်ပြင်နေသည်။ သူ စင်ကာပူ မသွားခင်တည်းက ရွှေခြူးက မကြီးသန်း ဆီမှာပဲ ပြင်နေကြ ဖြစ်တာကြောင့် ရွှေခြူးကို ကူညီပေးရင်းနဲ့ သူပါ မကြီးသန်းနဲ့ ရင်းနှီးပါသည်။

သူသည် မကြီးသန်းရဲ့အလှပြင်ဆိုင်ရှေ့သို့ ရောက်လျှင် ကားကိုရပ်ကာ ပီဇာနှစ်ဘူးကို ဆွဲလျက် ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ ဆိုင်ထဲသို့ သူ ဝင်လာတာ မြင်တာနှင့် မျက်နှာသိ မိန်းမလျာလေးများက တဟိုင်းဟိုင်းနှင့် နှုတ်ဆက်ကြသည်။ သူက ပီဇာနှစ်ဘူးကို စားပွဲပေါ်မှာ ချလိုက်တာနှင့် မိန်းမလျာတစ်ယောက်က "ဟေး ... ယူ၊ မတွေ့ရတာကြာပြီနော်"ဟုဆိုကာ သူ့လက်ဖဝါးကို ဖြောင်းခနဲ လာရိုက်သည်။

သူကလည်း အားကျမခံပင် ...

"အေး ... ကောင်မရယ်။ မတွေ့ရတာ ကြာလို့လား မသိဘူး၊ ညည်းလည်း ဝလာတယ်နော်၊ လှုပါးတွေ ... ဖဲ ဟဲ"

"ဟွန့် ... လူဆိုး"





အခြောက်က သူ့ပခုံးတစ်ဖက်ကို ပစ်တိုက်သွားသည်။ သူကတော့ အဲဒီလိုပင် ရောက်တဲ့နေရာမှာ ပွဲစည်အောင်နေတတ်သည်။ နဂိုကမှ ပျော်တတ်သူ၊ အစအနောက် သန်သူမို့ အခြောက်တောထဲ ရောက်သွားလျှင် သူကပါ အခြောက်ပုံစံအတိုင်း ဖြစ်သွားသည်။ အခြောက်တွေရဲ့ ဟန်မန်စတိုင်လ်အတိုင်း သူတို့ကို ပြန်နောက်ရတာကိုက သူ့အတွက် ပျော်စရာတစ်ခုပင်။ အခြောက်တွေကလည်း သူ အဲဒီလိုလုပ်ပြလျှင် အင်မတန် ပျော်လေ့ရှိကြသည်။

"ရွှေခြူးမရော"

"အထဲမှာလေ။ အမေ မိတ်ကပ်လိမ်းပေးနေတယ်၊ ဝင်သွားလိုက်"

"အိုခေ ... အိုခေ"

သူက လက်အသာပြကာ Slide Door ကိုတွန်းပြီး ဝင်လာခဲ့သည်။ အတွင်းခန်းထဲမှာက မကြီးသန်းမှ ရွှေခြူးကို မိတ်ကပ်လိမ်းပေးနေသည်။ သူက လက်တစ်ဖက်ကို အသာထောင်ကာ ...

"ဟေး ... အသည်းတုံးကြီးတွေ၊ နေကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါ့ ... ကောင်းပါ့။ အံမယ် ... ဒီဇိုင်းသစ်နဲ့ ကဖိုးချစ်ပါလား၊ ကေအသစ်နဲ့ လန်းလှချည်လား၊ ငါ့သားလေးရဲ့"

"လန်းဆို နန္ဒာပဲလေ မကြီးသန်းရဲ့။ ကဲ ... မကြီးသန်းနဲ့ ချွေးခြူးမတို့အတွက် ကျွန်တော်မျိုး ပီဇာလုပ်လာပါတယ်ခင်ဗျာ"

"ဟယ် ပီဇာ ! ။ နင် ကိုယ်တိုင် လုပ်လာတာလား"

အစားသရဲမ ချွေးခြူးက ဝမ်းသာအားရ ထအော်သည်။ သူက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရင်းမှ ...

"ဒါပေါ့ ... ငါ့လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ မြည်းစမ်းကြည့်လိုက်"

"ဟီ ... အတော်ပဲ ဗိုက်ဆာနေတာနဲ့။ အမေ ခြူးကို နှုတ်ခမ်းနီမဆိုးပေးသေးနဲ့ဦး။ ခြူး သူ့လက်ရာပီဇာကို မြည်းဦးမယ်"

"မြည်းပါတော် ... မြည်းပါ။ ဟဲ့ ... ပီဇာ ယူခဲ့ကြပါဦးဟဲ့"

မကြီးသန်းက အော်လိုက်လျှင် ကောင်မလေးတစ်ယောက်က ပီဇာတွေကို လှီးဖြတ်ပြီး ပန်းကန်ပြားထဲထည့်ကာ ယူလာသည်။ မကြီးသန်းရော ချွေးခြူးရောက ပီဇာကို တစ်ကိုက်စီ မြည်းစမ်းပြီးကြသောအခါ ဝမ်းသာအားရ ထအော်ကြသည်။

"ဟယ် ... ကောင်းလိုက်တာ။ နင် ပီဇာကော်နာကတော့ ဝယ်လာတာ မဟုတ်ပါဘူးနော်"

"ဟင့် ... ထင်ရက်လိုက်တာ၊ သွပ်ပြားကိုမျှား"

လက်ညှိုးကို မေးစေ့မှာထောက်ကာ ကန့်ကလျလုပ်ပြသော သူ့ပုံစံကို ချွေးခြူးက ပီဇာပလုတ်ပလောင်းနှင့် တဟားဟား အော်ရယ်သည်။ မကြီးသန်းကတော့ ဣန္ဒြေရှင်တို့၏ထုံးစံအတိုင်း ပီဇာကို မခို့တရို့စားကာ ခပ်ပြုံးပြုံးနှင့် သူ့အမေ မေးခဲ့ဖူးတဲ့အတိုင်း မေးသည်။

"နင် စင်ကာပူမှာ တက်ခဲ့တာ Hotel Management လား၊ Cooking သင်တန်းလားဟဲ့"

"ဟိုတယ်စီမံခန့်ခွဲမှုပညာပါဗျာ။ မယုံဘူးလား၊ အိမ်မှာလည်း မွေးသမိခင် ကျေးဇူးရှင်က မေးနေလို့ Certificate ထုတ်ပြပြီးပြီ ...

ဒါပေမဲ့ ကျွန်တော်တို့ သင်ရတဲ့ Course ထဲမှာ မုန့်လုပ်တာတွေလည်း ပါတယ်ဗျ။ သင်တော့ သင်ရတာပေါ့။







www.burmeseclassic.com

www.burmeseclassic.com



အကြီးကျယ်ကြီးတော့ မဟုတ်ဘူး။ ကျွန်တော်က အစား အသောက် ဝါသနာပါတော့ ကိုယ့်ဟာကိုယ် သွားသင်ထား တာ”

“ကောင်းလိုက်တာ၊ ပီဇာဇော်နာကထက်တောင် ကောင်း သေးတယ်၊ ဟဲ့ ... နောက်ထပ် နင် ဘာတွေ လုပ်တတ် သေးလဲ”

“လုပ်တတ်ပါတယ်၊ တော်တော်များများပေါ့။ စားချင်တာ ကို ပြောကြည့်လေ၊ လုပ်တတ်ရင် လုပ်ကျွေးမယ်”

“ဟိုဟာလေ ... စပါကတီရော ရသလား”

“အိုး ... မိုင်နှာကေ့စ်ပဲ”

“အောင်မယ်လေးဟဲ့ ... နင်တို့ အစားအသောက်အကြောင်း ပြောကြမှာလား။ မိတ်ကပ်ပြင်ကြမှာလား၊ ကဲ ... ကဲ ... ဟို မမလေး စားလို့ဝရင် နှုတ်ခမ်းနီဆိုးတော့မယ် ... လာ”

“အာ ... ခဏလေးပါ အမေရဲ့။ ဒီမှာ တစ်ဇွန်း ... တစ် ဇွန်းလောက်”

ရွှေခြူးက သံယောဇဉ်မပြတ်စွာ ပီဇာ ဆက်စားနေ တုန်းမှာပဲ သူက မကြီးသန်းရဲ့ ဝတ်စုံတွေကို လျှောက်ဖွသည်။





ဝတ်စုံတစ်စုံက လှတာမို့ သူက သဘောယည်။ ဘယ်လောက်မှ ကာ ... ; မျက်လုံးချင်းဆုံသော

“မကြီးသန်း ... ကျွန်တော် ဒီဝဝ ထင်သည်။ ဝတ်ကြည့်ဦးမယ်” ကာဖြစ်သွားသလဲ

“ဟဲ့ ... ဘာလုပ်ဦးမှာလဲ။ ဒီ အရွှးလေးနဲ့တော့ သူတောင် တာပါပဲနော်” င်

“ခဏလေးပါ၊ ပြီးရင် မကြီးသန်းတို့ကို ဖြူဖြူကျော်သိန်း သီချင်းနဲ့ ကပြမယ်လေဗျာ။ မကောင်းဘူးလား”

မကြီးသန်းတောင် ဘာမှမပြောရသေး။ ရွှေခြူးက ဝမ်းသာအားရဖြင့် ထအော်သည်။

“ဟုတ်တယ် ... ဟုတ်တယ်။ ကောင်းတယ် နန္ဒာ။ ဝတ် ပြ ... ဝတ်ပြ၊ ပြီးရင် ရှာကီရာသီချင်းနဲ့ ကပြရမယ်။ ဒီလို လေး ... ဒီလိုလေး ... တင်လေးလှုပ်ပြီး ဒွန့်ပြရမယ်”

ရွှေခြူး ဆိုသော မနိုင်စိန်မလေးက ထိုင်ရာကနေ တောင် ထ,ကာ တင်သားတွေ လှုပ်ဝိုင်းပြီး ကပြလိုက်သေးသည်။ သူက မကြီးသန်းကို မျက်စိတစ်ချက် မှိတ်ပြကာ မကြီးသန်းရဲ့ ညနေခင်းဝတ်စုံကြီးကို ဆွဲချလာပြီးနောက် အခန်းလွတ်တစ်ခုထဲ



www.burmeseclassic.com

www.burmeseclassic.com



အကြီးကျယ်ြ ၊ ပြီးလျှင် မှန်ထဲမှာ သူ့ကိုယ်သူကြည့်ကာ အသောက် ဝါ ကျနေလေသည်။ ဖြစ်နိုင်လျှင် ဒီဝတ်စုံကြီး တာ” တ်ကပ်တွေ ရောင်စုံပြင်လျက် သူ့အမေကို “ကောင်းဂ မြနောက်ချင်သေးသည်။

သူ့အမေက သမီးမိန်းကလေး အင်မတန် လိုချင်သူဖြစ်သည်။ ဒါပေမဲ့ သူ တစ်ယောက်တောင် ခဲရာခဲဆစ် မွေးထားရတာ ဖြစ်လေရာ သမီးမိန်းကလေးကိုတော့ မွေးမပဲ မျှော်လင့်စရာ ရှိတော့သည်။ ဒါကြောင့် သူ့ကိုဆိုလျှင် မေမေက မိန်းမယူဖို့လည်း အင်မတန် တိုက်တွန်းသည်။ ဒါပေမဲ့လည်း သူ့မှာက ရည်းစားလေးတစ်ယောက်တောင် မယ်မယ်ရရ မရှိချေ။ သူကလည်း အဲဒါမျိုးတွေ သိပ်စိတ်မဝင်စား။ သူ့ဟာသူပဲ လူတွေကို နောက်ပြောင်ဟယ်ဖြင့် ပျော်ပျော်နေဖို့သာ အားသန်သူဖြစ်သည်။

သူသည် ပိုးသားဂါဝန်ရှည်ကြီးကို ဝတ်ပြီးတာနှင့် အခန်းထဲကနေ ဝုန်းခနဲ ထွက်လာကာ အခြောက်စတိုင်လ်ဖြင့် “ဟိတ်”ကို ခပ်နွဲ့နွဲ့လေး ခေါ်မိသည်။ အဲဒီမှာပဲ မကြီးသန်းတို့နှင့်အတူ ဆိုဖာပေါ်မှာ ထိုင်နေသော မိန်းကလေးတစ်ယောက်က





ပါ သူ့ကို ဖျတ်ခနဲ မော့ကြည့်တာနှင့် ဆုံသည်။ ဘယ်လောက်မှ ကြာလိုက်ပါ။ သူနဲ့ အဲဒီမိန်းကလေးတို့ မျက်လုံးချင်းဆုံသော အချိန်မှာ နှစ်စက္ကန့်လောက်ပဲ ရှိမည်ဟု ထင်သည်။

အဲဒီနှစ်စက္ကန့်အတွင်းမှာပဲ သူ ဘာဖြစ်သွားသလဲ မသိပါ။ လွတ်သွားသလို ခံစားရပြီးနောက် သူ့ကိုယ်သူတောင် မေ့သလို ဖြစ်သွားသည်။ ရွှေခြူးရဲ့အသံကို ကြားတော့မှပင် သတိပြန်ဝင်လာတာဖြစ်သည်။

“ဟယ် ... မိုက်တယ် ... မိုက်တယ်။ ကပြတော့လေ”

သူ့မှာ မသိသော မိန်းကလေးတစ်ယောက်ကို ရှေ့မှာ ငုတ်တုတ်ချထားလျက် အားပါးတရ ကပြရဲသည့်အထိတော့ မပေါ်ရဲသေးချေ။

ပြီးတော့ ဒီဝတ်စုံကြီးကို ဝတ်ထားပြီးမှတော့လည်း ယောက်ျားလေးတစ်ယောက်လိုလည်း မပြောချင်တော့။

တကယ်တော့ မကြီးသန်း၏ သီးသန့်အခန်းထဲကို တော်တန်ရုံညှော်သည် ဝင်ရတာ မဟုတ်ပါ။ ဒီမိန်းကလေးဟာလည်း မကြီးသန်းရဲ့ VIP တစ်ယောက် ဖြစ်ပုံရလေသည်။ ဒါကြောင့် ခပ်နွဲ့နွဲ့လေးပဲ သူက ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဟဲ့။ ဘယ်လိုဖြစ်နေလဲ တကတဲ ဒီမှာ ညှို့သည် နဲ့ပဲဟာကို"

သူက ပြောရင်းမှ သူမကို တစ်ချက်ထပ်ကြည့်မိသည်။ သူမကလည်း သူ့ကို ကြည့်နေပြန်တာကြောင့် ဒုတိယ ကြိမ်မြောက် အကြည့်တို့ ထပ်ဆုံသွားပြန်သည်။ ဖြူဖွေးနုဖပ်ကာ အဆင့်အတန်းတစ်မျိုး ထွက်နေသော ရုပ်ရည်နှင့် မိန်းကလေးသည် မျက်နှာကြောကတော့ ခပ်တင်းတင်းထဲကဖြစ်သည်။ ဒါပေမဲ့ ဘာလို့မှန်းတော့ မသိ။ အဲဒီ ခပ်တင်းတင်းပုံစံကိုက သူမရဲ့ Style တစ်ခုလို ဖြစ်နေကာ သူကတော့ မြင်မြင်ချင်းပဲ သဘောကျ သွားသည်။

"ဟွန့် … ဒီက ရှုတင်သွားရတော့မယ့်ဟာကို။ တော်ပြီ နင့်ကို စိတ်ကောက်သွားပြီ၊ မခေါ်တော့ဘူး"

"ခေါ်နဲ့ … ခေါ်နဲ့"

ရွှေခြူးက စိတ်ကောက်ချင်ဟန်ဆောင်ကာ ခြေ ဆောင့်ပြီး ထွက်သွားလျှင် သူကလည်း အားကျမခံပင် ခြေဆောင့် ပြလိုက်သည်။ ရွှေခြူး ထွက်သွားတော့မှပင် သူက မကြီးသန်းရဲ့ ညှို့သည် မိန်းကလေးကို ကောင်းကောင်းရှုစားခွင့် ရလေသည်။





သူမက ထပ်ကြည့်လေလေ ပိုချောတယ်ဆိုတာ သိသိလာလေလေ ဖြစ်သည်။ အင်မတန် လှပသော ကျွန်းရောင်ကာလာကို ဆံပင်မှာ ဆေးဆိုးထားကာ အထပ် အထပ်တွေ ခုတ်ထားသော Step ဆံပင် စင်းဖြောင့်ဖြောင့်တွေဖြင့် Hair Style ကတော့ အပြစ်ပြော စရာ တစ်ကွက်မှ မရှိချေ။

ဒါဖြင့်ရင် ဝတ်ပုံစားပုံကျတော့ရော။ အင်္ကျီက ဖဲသား ဆန်ဆန် ငွေရောင်လက်ဖောင်း ဒီဇိုင်းဆန်းဖြစ်ကာ Classic ဆန် သည်။ ဘောင်းဘီက ပုံကျပြီး ပျော့အိနေသော လီနင်သားမီးမ ဝတ် စတိုင်လ်ပန် အနက်ကလေး ဖြစ်သည်။ သူမက သူ့ကို မကြည့်တော့ဘဲ မကြီးသန်းဘက်သို့ပဲ အာရုံစိုက်ကာ …

"အဲဒါဆိုရင် လာမယ့် ဆန်ဒေးဆို အဆင်ပြေနိုင်တယ် ပေါ့နော်"

"အင်း … မနက်ကိုးနာရီလောက်ပေါ့။ ပြေပါတယ်။ အဲဒီ ရှေ့မှာက သတို့သမီးကို ပြင်ရမှာမို့လေ"

"ဟုတ် … အဲဒါဆို မောင့် နီးမှဖုန်းထပ်ဆက်မယ်။ ဟိုဘက်ကိုတော့ Date က Comfirm ဖြစ်ပြီလို့ ပြောလိုက် တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သမီး။ အိုကေ မှာပါ။ မကြီးသန်းလည်း ဖုန်းဆက်ပါမယ်"

"ဟုတ် ... ဒါဆို မောင့်ကို ခွင့်ပြုဦး။ ကိစ္စလေး ရှိသေးလို့"

"ဟုတ်ပြီ သမီး။ ထပ်တွေ့မယ်နော်"

သူမက အပြုံးတစ်ခုနှင့် နှုတ်ဆက်ကာ မတ်တတ်ထရပ်သည်။ အဲဒီအပြုံးတွင် သူ့ရင်ထဲက တစ်စုံတစ်ရာမှာ ချိတ်ပါသွားသည်ဟု ထင်မိသည်။ သူမ ထွက်ခွာသွားတာနှင့် သူက မကြီးသန်းကို အမောတကော မေးမိသည်။

"မကြီးသန်း ... သူက ဘယ်သူလဲဟင်"

မကြီးသန်းက သူ့ကို အံ့သြဟန်ဆောင်ထားသော မျက်လုံးပြူးကြီးဖြင့် ရင်ဘတ်ကိုဖိကာ ကြည့်သည်။

"ပြောပါ မကြီးသန်းရဲ့၊ ကျွန်တော် ကြိုက်လို့ပါ"

"ဟဲ့ ... ဘယ်လိုဖြစ်ရတာလဲ၊ ချက်ချင်းကြီးပဲ"

"ချက်ချင်းကြီးပေါ့၊ ချက်ချင်းကြီး တွေ့တာနဲ့ ကြိုက်သွားတာကိုး။ ဒီဇိုင်းကတော့ လန်ထွက်နေတာပဲနော်။ စင်ကာပူမှာတောင် ဒါမျိုး မတွေ့ခဲ့ဖူးဘူး ...

ပြောပါ၊ သူ ဘယ်သူလဲ၊ ဘယ်ကလဲဟင်။ မကြီးသန်းနဲ့ရော တော်တော်ရင်းနှီးသလား"





သူ့ရဲ့တရစပ်မေးခွန်းတွေကို မကြီးသန်းက မျက်စောင်းတစ်ချက် ထိုးကြည့်ပြီးမှ ...

"သူ့နာမည်က မောင့်ဘဒ္ဒါတဲ့"

"မောင့်ဘဒ္ဒါ ! "

သူက တိုးတိုးလေး ရေရွတ်မိသည်။ မောင့်ဘဒ္ဒါတဲ့။ ဘယ်လိုနာမည်မျိုးလေးပါလိမ့်။

"သူက ဖက်ရှင်ဒီဇိုင်နာပေါ့။ ပြီးတော့ ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ မိန်းကလေးဝတ် အကျႌတွေလည်း ထုတ်တယ်။ နောက် အထည်ချုပ်စက်ရုံလည်း လုပ်တယ်။ အခုလာတာက သူ့ဒီဇိုင်းတွေကို မော်ဒယ်လ်တစ်ယောက်ကို ဆင်ပေးပြီး မဂ္ဂဇင်း Cover ရိုက်မှာကို ငါက မိတ်ကပ်လိမ်းပေးရမှာ ...

သူနဲ့ ငါက သိတာ တစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်။ ရင်းတော့ ရင်းနှီးပါတယ်။ သူက စိတ်ရင်းကောင်းပေမယ့် စကားပြောကတော့ ပြတ်တယ်။ နောက် စိတ်တိုစိတ်ဆတ်တယ်။ ပြောရရင်တော့ ဒီကောင်မလေးက Broken family က လာတဲ့ ကောင်မလေးဆိုတော့ နည်းနည်း စိတ်ဒဏ်ရာရတဲ့ ကောင်မလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မပူနဲ့ ... မပူနဲ့။ အဲဒါကို ကျွန်တော် ကုပေးမယ်။ ကိုယ့်ရဲ့အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေရမယ်။ ဟဲ ဟဲ"

သူ့ရဲ့ပြောင်စပ်စပ်ပုံစံကို မကြီးသန်းက မျက်စောင်းတစ်ချက်ထိုးသည်။ ပြီးတော့မှ သနားသလိုပုံစံနှင့် တစ်ချက်စိုက်ကြည့်ကာ ...

"နင် နောက်ကျသွားပြီ ကောင်လေးရဲ့"

"ဗျာ ... သူ့မှာ ရည်းစားရှိလို့လား"

"ရည်းစားရှိတာထက် ဆိုးတယ်"

"ဟင် ... ဒါဆို ယောက်ျားရှိတာလား"

"အဲလိုလည်း မဟုတ်ဘူး"

"ဟား ... ဘာလဲဗျာ။ မကြီးသန်းက လာစားနေပြန်ပြီ"

"စားနေတာ မဟုတ်ဘူး။ သူက ယောက်ျားဆိုရင် ကြည့်ရတာ မဟုတ်ဘူးဟဲ့။ ယောက်ျားတွေကို စိတ်နာနေတာ။ အမုန်းကြီး မုန်းနေတာ ..."

ဒါကြောင့် နင် သူ့အနားကို သွားကပ်တာနဲ့ သူက ဖြိမှာပဲ"





"ဖအား ... အဲလောက်တောင်လား။ အဲလောက်တောင် ဖြစ်ရအောင် သူက ဘာတွေကို စိတ်နာနေရတာလဲ"

"သူ့မှာ အရင်က ရည်းစားတစ်ယောက် ရှိခဲ့တယ်။ အဲဒီရည်းစားက သူနဲ့ယူခါနီး စေ့စပ်ပြီးတော့မှ တခြားမိန်းကလေးတစ်ယောက်နဲ့ ခိုးပြေးသွားတာလေ"

"ကျွတ် ... ကျွတ် ... ကျွတ် ...။ ကျွန်တော့်ကိုယူရင် ဒီလိုမျိုးဖြစ်မှာ မဟုတ်ဘူး။ စိတ်မကောင်းလိုက်တာ"

"နင် ဗလွတ်ရွတ်နောက် လျှောက်ပြောမနေနဲ့။ သူက ယောက်ျားဆိုရင် အသေအလဲ မုန်းတာနော်။ အဲဒီတစ်ယောက်နဲ့ လက်ထပ်ဖို့ ပျက်သွားပြီးနောက်မှာ သူ့ကို try တဲ့လူတွေ၊ လာတောင်းတဲ့သူတွေ အများကြီးပဲရှိတယ် ...

ဒါပေမဲ့ ခါးခါးသီးသီးကို ငြင်းလွှတ်တာ။ ပြင်းပြင်းထန်ထန် တုံ့ပြန်တာ။ ယောက်ျားဆို အသံကို မကြားချင်တော့လောက်အောင် စိတ်နာတာ။ သူက ဘယ်လောက်တောင်များ စိတ်နာသလဲဆိုရင် ယောက်ျားတွေနဲ့ ပတ်သက်ရမှာစိုးလို့ သတို့သမီးဝတ်စုံတောင် မချုပ်ဘူးတဲ့လေ ...

သတို့သမီးတွေလာရင် သတို့သားတွေပါ ပါလာမှာစိုးလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြားရတာ အားတက်ဖွယ်ပဲ။ ဒါပေမဲ့ လူကြီးရှင် ပန်းကန်တောင် ဗွန်း ဖြစ်ပါတယ် မကြီးသန်းရယ် ... နော့"

သူက ခပ်နွဲ့နွဲ့လေးပြောကာ မကြီးသန်းကို ပစ်တိုက်လိုက်လျှင် မကြီးသန်းက မဲ့ရွဲ့ပြသည်။

"ပြောတတ်တော့ဘူး တော်ရေ။ ရှင်ကလည်း တစ်သက်လုံးက ငပေါလုပ်လာပြီးမှ ခုမှ ဘာဖြစ်ရတာလဲ။ မနိုင်ဘူးတကယ်ပဲ"

"ဪ ... ငပေါမှာလည်း ချစ်တတ်တဲ့ နှလုံးသား ရှိတယ်လေဗျာ။ ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော်တော့ သူ့ကို အရမ်းစိတ်ဝင်စားသွားပြီ ..."

ဝမ်း တူး သရီး ... ကိုယ် ချစ်သွားပြီ ... ရေလည်အောင် ရှင်းရှင်းပြောမည် ဝေါ်အိုက်နီ ... ဝမ်း တူး သရီး ရည်ရွယ်လိုက်ပြီ ... အိုအောင်မင်းအောင် ပေါင်းသင်းပါ့မယ် ရှေ့လျှောက်ခရီး ..."

သူက ထိုင်နေရာမှထကာ စိတ်ပါလာသဖြင့် အရှီးရဲ့သီချင်းကိုဆိုကာ တေးသရုပ်ဖော်ဖြင့် ကပြလိုက်သေးသည်။





ဒါကိုပင် မကြီးသန်းက သဘောကျ၍ ရယ်မဆုံးချေ။ ဒါပေမဲ့ မကြီးသန်း ရယ်တာက ခွက်ထိုးခွက်လန် မဟုတ်ချေ။ ဣန္ဒြေရှင် ဒီဇိုင်း မဟာဆန်စွာ မခို့တရို့ရယ်တာမို့ အဲဒါကိုပဲ သူက ပြန်သဘောကျကာ တဟားဟား ရယ်ရလေသည်။

ဘယ်လိုဖြစ်ဖြစ် သူ့မျက်လုံးထဲမှာတော့ မောင့်ဘဒ္ဒါက ထွက်ခွာမသွားတော့။ မောင့်ဘဒ္ဒါသည် တစ်ကြိမ်တည်းနှင့် သူ့ရင်ထဲကို ခပ်ပြင်းပြင်း ဝင်ဆောင့်သွားသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

မောင့်သည် ခြေရှေ့ရောက်တာနှင့် ကားကိုရပ်ကာ ဟွန်းတီးလိုက်သော်လည်း တော်တော်ကြာအောင် တံခါးဖွင့်ပေးမယ့်လူက ပေါ်မလာချေ။ နောက်ဆုံး တီးလွန်းမက တီးတော့မှပဲ အန်တီလေးကို ကမန်းကတန်း ပြေးထွက်လာသော အနေအထားဖြင့် တွေ့လိုက်ရသည်။ ခါတိုင်းလာဖွင့်ပေးနေကြ မတုတ် မဟုတ်တာကြောင့် မောင့်က စိတ်ထဲ ထင့်ခနဲ ဖြစ်သွားကာ ဘာမှတော မမေးတော့ဘဲ ကားကို ခြံထဲသို့သာ မောင်းဝင်ပြီး ကားဂိုဒေါင်ထဲမှာ တစ်ခါတည်း ထိုးသွင်းထားလိုက်သည်။ ဒီနေ့အဖို့ အပြင်လည်း ထပ်သွားစရာ မရှိတော့။

မောင့်က ကားပေါ်မှဆင်းကာ အိမ်ထဲသို့ မဝင်သေးဘဲ အန်တီလေးကို စောင့်လိုက်သည်။ နှလုံးရောဂါသည် အန်တီလေးသည် လှုပ်လီလှုပ်လဲ့ဖြင့် လျှောက်လာတာမို့ စိတ်မရှည်စွာ စောင့်နေရသေးသည်။ ပြောရလျှင်တော့ မောင့်သည် ဘယ်နေရာမှ စိတ်ရှည်တတ်သူ မဟုတ်ပါ။ ထစ်ခနဲဆိုလျှင် စိတ်တိုတတ်ပြီး ဒေါသထွက်တာကလည်း အရင်ဖြစ်တာကြောင့် အန်တီလေးမှာလည်း မောင့်နဲ့ နေရတာ ရင်အမြဲတုန်နေရသဖြင့် သူ့နှလုံးရောဂါ တော့င် ပိုဆိုးလာသလား မပြောတတ်ပါ။

"မတုတ်ရော အန်တီလေး"

မောင့်က မျက်မှောင်ကြုတ်ကြုတ်ဖြင့် မေးတာကို အန်တီလေးက လက်တစ်ချက် ကာပြကာ ...

"အိမ်ထဲ ဝင်ပါဦး မောင့်ရယ်။ ထိုင်ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

မောင့်က ထပ်မပြောတော့ဘဲ အိမ်ထဲဝင်လာပြီး ထမင်းစားခန်းထဲ တောက်လျှောက် ဆက်ဝင်လာကာ ရေခဲသေတ္တာထဲမှ ရေတစ်ဘူးကို ထုတ်ယူပြီး ရေတစ်ခွက် ငှဲ့သောက်လိုက်သည်။ နောက်မှ လိုက်လာသော အန်တီလေးက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ကာ စပြောသည်။

"မတုတ်က ပွဲစားလာပြန်ခေါ်လို့ ပါသွားပြီ မောင့်ရဲ့"







www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... ပွဲစားက လာပြန်ခေါ်သွားတယ် ဟုတ်လား။ သူက ဘာကိစ္စနဲ့ ခေါ်သွားရတာလဲ"

"မတုတ်က သူ့ရွာကို ပြန်ချင်လို့တဲ့။ သူ့ယောကျ်ားက သူ့ကို ပြန်ပေါင်းချင်တယ်ဆိုပြီး ပွဲစား ဒေါ်စိန်မြတင်ကို လာပြောတာနဲ့ ဒေါ်စိန်မြတင်က လာခေါ်ပေးတာ ..."

မောင့် သိတဲ့အတိုင်းပဲ ခုတလော မတုတ်ကလည်း အလုပ် လုပ်တာ စိတ်နဲ့ ကိုယ်နဲ့ မကပ်ဘူးလေ။ သူ့ယောကျ်ားဆီပဲ ပြန်သွားချင်နေတာ နေမှာပေါ့၊ အဲဒါကြောင့် ..."

"ဘာရယ် ... ဘာရယ် ... နေပါဦး။ မတုတ်က အပျိုကြီးဆို၊ အခု ဘယ်ကယောကျ်ားက ပေါ်လာရတာလဲ။ ဟာ... ဘာတွေလဲ"

"အဲဒါ ပွဲစားမနဲ့ မတုတ်နဲ့ ပေါင်းလိမ်ထားကြတာပေါ့"

"ဒုန်း"

အဲဒီအသံက မောင့် ထုလိုက်သဖြင့် စားပွဲနှင့် လက်သီးထိကာ ထွက်လာသောအသံဖြစ်သည်။ ထိုအသံကြောင့် အန်တီလေးက "အမယ်လေး"အော်ကာ လန့်ဖျပ်သွားရသည်။





"တောက် ... ဒါ သက်သက် လူလည်လုပ်တာ။ ဒီလို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ ရမတဲ့လား။ သူတို့က ပိုက်ဆံတွေ ကြိုထုတ်ထားတာလေ အန်တီလေးရဲ့ ...

အခု မတုတ်ဆီမှာ လခနှစ်လစာ ကြိုပေးထားတာ မဟုတ်လား၊ အဲဒါကို အန်တီလေးက ဘာဖြစ်လို့ ပွဲစားနဲ့ ပြန်ထည့်ပေးလိုက်ရတာလဲ"

မောင့်ရဲ့ ခပ်ဆတ်ဆတ်လေသံကို အန်တီလေးက ရိုးနေဟန်ဖြင့် သက်ပြင်းချသည်။ ပြီးတော့မှ အန်တီလေးရဲ့ထုံးစံအတိုင်း မပွင့်တပွင့် လေသံဖြင့် ...

"ပွဲစားက ငါ့ကို ခြိမ်းခြောက်တာလေဟယ်၊ မတုတ်ယောကျ်ားက ထောင်ထွက်လူမိုက်တဲ့။ သူ့မိန်းမကို မခေါ်ပေးရင် ဒီအိမ်လိပ်စာတောင်းပြီး လိုက်လာလိမ့်မယ်တဲ့။ ငါလည်း အိမ်မှာ တစ်ယောက်တည်းနေရတာ ကြောက်တာပေါ့ဟယ် ..."

ခုတောင် ပွဲစားမနဲ့ မတုတ်ကို ကြောက်နေမိတာ။ မောင့် သိတဲ့အတိုင်းပဲ ဒီခေတ်ထဲမှာ မိတ်ဆွေသူငယ်ချင်းတွေကအစ ယုံရတော့တာမှ မဟုတ်တာ။ ပွဲစားနဲ့ မတုတ်



www.burmeseclassic.com

www.burmeseclassic.com



တောင် အန်တီလေးကို သတ်ချင်သတ်သွားလို့ရတယ်။ ဒါကြောင့် မြန်မြန်သွား နားအေးပြီးရောဆိုပြီး ထည့်ပေးလိုက်တာ ...

ပွဲစားကတော့ တစ်ရက် နှစ်ရက်နေရင် နောက်ထပ်ကောင်မလေးတစ်ယောက် ထပ်ပို့ပေးမယ် ပြောသွားတာပဲ မောင့်ရယ်"

အန်တီလေးက သူ့ဝသီအတိုင်း လေသံအေးလေးတွေဖြင့် တစ်လုံးစီ ခြွေသော်လည်း မောင့်ကတော့ ဆတ်ဆတ်တုန်အောင် ဒေါသတွေ ထွက်နေပြီဖြစ်သည်။ ကြာရင် မောင့်သည်လည်းပဲ အန်တီလေးလိုပဲ နှလုံးရောဂါရတော့မည်။

"အလကား ... အဲဒီပွဲစား အစုတ်အပြတ်တွေက ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ဒီလိုပဲ ပြောသွားမှာပေါ့။ မလာတော့လည်း သူတို့နောက်ကို ဘယ်သူက အားအားယားယား လိုက်နေနိုင်မှာမို့လို့လဲ ...

ဟင်း ... အလုပ်ထဲမှာလည်း အချိုးမပြေလို့ အိမ်ရောက်လို့ သံပရာရည်အေးလေးများ သောက်ရမလား မှတ်တယ်။ အမောဆို့စရာသတင်းက ဆီးကြိုပြီးနေတယ်"





"ဪ ... မောင့်က သံပရာရည် သောက်ချင်တာလား။ အန်တီလေး ဖျော်ပေးမယ်လေ"

"နေပါစေ အန်တီလေးရယ်။ တော်ပါပြီ သောက်ချင်စိတ်လည်း မရှိတော့ပါဘူး။ ဟူး ... စိတ်လေတယ်။ အဲဒါ ဘယ်လိုလုပ်ကြမတုံး ...

မောင့်က အန်တီလေးကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချပါဘူး။ ဒီခြံနဲ့ အိမ်ကြီးထဲမှာ အန်တီလေးတစ်ယောက်တည်း ဘယ်လိုကျန်ရစ်ခဲ့မှာလဲ ...

မဖြစ်ဘူး။ မနက်ဖြန် မောင့် ရုံးသွားရင် အန်တီလေးကို ခေါ်သွားမှဖြစ်မယ်"

"အဲလောက်လည်း မဟုတ်ပါဘူး မောင့်ရယ်။ ခြံတံခါးကို သော့ခတ်ထားရင်လည်း လုံခြုံပါတယ် ...

အန်တီလေးကိုလည်း သိပ်စိတ်မပူပါနဲ့"

"ပူတာပေါ့ အန်တီလေးရယ်။ ပြေးကြည့်တော့မှ ဒီတူဝရီး နှစ်ယောက်တည်း ရှိတဲ့ကိစ္စကို။ ဟင်း ... အိမ်ဖော်တစ်ယောက်ကတော့ မြန်မြန်လိုတယ် ...

ဟိုမိန်းမ အစုတ်ပလုတ်ကြီးကလည်း နောက်တစ်ယောက်က တကယ်ရော လာပို့ပါ့မလား မသိဘူး။ ဟင်း ... စိတ်ကုန်ပါဘိ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်က ထမင်းစားပွဲပေါ်သို့ လက်ထောက်ကာ စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူမိလေသည်။ ဘဝမှာ ဘာကြောင့်ပဲ အဆင်မပြေမှုတွေနဲ့ ဆက်တိုက်မိတ်ဖွဲ့နေရပါလိမ့်။ တစ်ခါတစ်ရံမှာ ကာယကံရှင်ရဲ့ ကြိုးစားအားထုတ်မှုနှင့် အဆင်ပြေမှုတို့ဟာလည်း တိုက်ရိုက်ကျချင်မှကျမည်။

မောင့်ဖေဖေနဲ့ မေမေဟာ မောင် ရှစ်တန်းနှစ်မှာ ကွဲသွားကြပြီး ဖေဖေက နောက်အိမ်ထောင်နှင့် နိုင်ငံခြားသို့ ထွက်သွားသည်။ ဖေဖေက စတင်ပြီး အိမ်ထောင်ရေး ဖောက်ပြန်တာ ဖြစ်တာကြောင့် ပိုင်ဆိုင်မှု အားလုံးနီးပါးကို မေမေ့အား လွှဲပေးရသည် ဖြစ်လေရာ မောင့်တို့အတွက် အခြေအနေမပျက်ခဲ့။ မေမေက သူ မဦးစီးနိုင်သော တချို့လုပ်ငန်းတွေကို အပြတ်ရောင်းချပြီး အထည်ချုပ်စက်ရုံကိုပဲ ဦးစီးလုပ်ကိုင်ခဲ့သည်။ ဒါပေမဲ့ မောင် ဘွဲ့ရပြီး ဒီဗိုင်နာသင်တန်း တက်နေတုန်းမှာပဲ မေမေက ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပါးသွားခဲ့လေရာ မောင့်နဲ့ အန်တီလေး နှစ်ဦးသာ ကျန်ရစ်ခဲ့ရလေသည်။

အန်တီလေး ဆိုတာကလည်း မွေးရာပါ နှလုံးရောဂါသည်မို့ အိမ်ထောင်လည်း ပြုလို့မရ၊ အလုပ်လည်း သိပ်ပင်ပင်





ပန်းပန်း လုပ်လို့မရချေ။ ဒါကြောင့် အားလုံးသော တာဝန်တွေဟာ မောင် ခေါင်းပေါ်မှာချည်းပဲ ဖြစ်သည်။ ဒီတာဝန်တွေကို ခိန်ခေါ်မှုတစ်ခုအဖြစ် သတ်မှတ်ကာ မောင့်ကား အားကြိုးမာန်တက် ထမ်းဆောင်သည်။ ဒီ့အတွက် မောင့်တို့မှာ ပိုက်ဆံဆိုတာ အားစရာ နေရာမရှိ။ ဒါပေမဲ့ ဆွေမျိုး၏ကောင်းခြင်းနဲ့ မပြည့်စုံရှာလေတော့ အရေးကြုံလျှင် စောင့်ရှောက်မယ့်သူက မရှိ။ ပိုက်ဆံတွေ ချမ်းသာသော်ငြား အိမ်ဟင်း အိမ်ထမင်း ကောင်းကောင်း စားရချေ။

ပြောရလျှင် ဓိမ်မကျ၊ သူဌေးစာတာ မပါဘူးဟု ပြောရမည် ဖြစ်သည်။

ရုံးအလုပ်နှင့် တခြားအလုပ်ကိစ္စတွေမှာ ဝန်ထမ်းကိစ္စက အဆင်ပြေသော်လည်း အိမ်ဖော်ကိစ္စမှာတော့ ဘယ်လိုမှ အဆင်မပြေ။ မေမေ့လက်ထက်တုန်းက အပိုကြီးဟာလည်း ခြံစောင့် ကားဒရိုင်ဘာနှင့် အိမ်ထောင်ကျကာ နှစ်ယောက်စလုံး အလုပ်ထွက်သွားကြပြီမို့ လူယုံ လူရင်းတွေ ဆုံးရှုံးသွားပြီဟု ပြောလို့ရသည်။ အဲဒီနောက် ရောက်လာတာတွေဟာ တစ်ယောက်မှ အချိုးမပြေချေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေက မိန်းမသားနှစ်ဦးတည်းမို့ မာလီလည်း မထားရဲ။ အိမ်ဖော်တွေကလည်း ပွဲစားနဲ့ပေါင်းပြီး အိမ်ရှင်ကို နှိပ်စက်ကြလေသောအခါ မောင့်သည် အခုလောလောဆယ်မှာတော့ တံနိုးရှင်တစ်ယောက်ကသာ ကိုယ့်ကို ဘာဆုတောင်းမလဲမေး လာလျှင် သစ္စာရှိကာ ကျိုးနွံသော အချက်အပြုတ် အင်မတန် ကောင်းသော အိမ်ဖော်တစ်ယောက်လောက်သာ လိုချင်ပါသည်ဟု တောင်းမိမှာ အမှန်ပဲဖြစ်တော့သည်။

"မနက်ဖြန်တော့ အန်တီလေး ရုံးမလိုက်တော့ပါဘူး မောင့် ရယ်။ အိမ်မှာပဲ တံခါးတွေ သေချာပိတ်ပြီး နေခဲ့ပါ့မယ် ... နော်"

အန်တီလေးက တောင်းတောင်းပန်ပန်လေး ပြော လာသောအခါ မောင့်က သက်ပြင်းတစ်ချက် ရှိုက်မိသည်။ မောင့်ရဲ့ဒီဇိုင်နာရုံးခန်းနှင့် ဖက်ရှင်ဆိုင်ဟာ မြို့ထဲမှာ တည်ရှိရာမို့ လူဝင်လူထွက်များတာကြောင့် အေးအေးဆေးဆေး နေလိုသော အန်တီလေးဟာ ရုံးခန်းသို့လည်း မလိုက်လိုချေ။ ဒါကိုလည်း မောင့်က နားလည်ပါသည်။

မောင့်သဘော မောင့်ဆန္ဒအရဆိုလျှင် ဝင်ဒါမီယာ ထဲက ဒီအိမ်နှင့် ဒီခြံမှာ မနေလိုတော့။ လူနှစ်ယောက်နှင့် ဒီခြံ





မှာ ကျယ်လွန်းသည်ဟု ထင်မိလေသည်။ ဒါပေမဲ့ အန်တီလေးက ခြံနဲ့ပဲ လွတ်လွတ်လပ်လပ် နေချင်သည်။ မြက်ခင်းပေါ် လမ်း လျှောက်ရတာ သစ်ပင် ပန်းမန်တွေနဲ့ နေရတာ သူ့အတွက် ကျန်းမာရေး ပိုကောင်းစေသည်ဟု ယူဆသောကြောင့် မောင့်သည် ကွန်ဒိုတစ်ခန်းဝယ်ဖို့ အစီအစဉ်ကို ဖျက်လိုက်ရလေသည်။

"အင်း ... အန်တီလေး အဆင်ပြေတယ် ဆိုရင်လည်း သဘောပါပဲ။ မောင့်လည်း နီးစပ်ရာကို အိမ်ဖော်လေး ဘာလေး ရလိုရငြား အကူအညီတောင်းဦးမှပါ ...

စိန်မြတင်ရဲ့ လက်ထွက်တွေကတော့ မဟန်ပါဘူး။ ကဲ ... မောင့် ရေသွားချိုးဦးမယ်။ ညစာ ဘာရှိလဲ"

"ဘာမှ မရှိဘူးလေ"

"ဒါဆိုလည်း အပြင်ပဲ ထွက်စားကြတာပေါ့"

မောင့်က စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောကာ ထိုင်ရာမှထပြီး အိမ်အပေါ်ထပ်သို့ ခပ်ဖြည်းဖြည်းပဲ တက်လာခဲ့ တော့လေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၃

မောင့်ရဲ့ အိမ်ဖော်ပြဿနာသည် အဆင်မပြေသေး ချေ။ ပွဲစားက အိမ်ဖော်လာပို့သည်။ အိမ်မှုကိစ္စတွေ လုပ်တာတော့ သာမန်ပဲ ဖြစ်ပေမယ့် ထမင်းဟင်းချက်တာကတော့ ချာတူးလန် ညံ့သည်။ ဘယ်လိုမှ စားမဖြစ်ချေ။ နှလုံးရောဂါသမား စားမည့် ဟင်းတွေက အရောင်ဆီရဲပဒေါင်းထကာ ဟင်းတိုင်းက ငန်နေ သည်။ ပြောရင်းလည်း မကြိုက်။ နှုတ်ခမ်းကို တစ်တောင်လောက် ထော်ထားတာတို့ အိုးခွက်ပန်းကန်တို့ကို ဆောင့်အောင့်ချတာတို့ ကို လုပ်တတ်သည်။

ဒါမျိုးကို သည်းမခံနိုင်သော မောင့်နှင့် ပြဿနာ တက်ကာ အဲဒီအိမ်ဖော်ကို ပွဲစားက လာပြန်ခေါ်သွားသည်။





နောက်တစ်ယောက်ကျပြန်တော့ ကျိုးကျိုးနွံနွံရှိသည်။ ခိုင်းသမျှ လုပ်သည်။ ထမင်းဟင်းချက်သော လက်ရာကတော့ မကောင်း။ အောင့်လည်း မကြိုက်၊ အန်တီလေးလည်း မကြိုက်ချေ။ ဖြစ်နိုင် လျှင် မောင့်တို့ဟာ အစားကောင်းကြိုက်သူတွေပီပီ သန့်ရှင်းအရသာ ရှိသော အိမ်ဟင်း အိမ်ထမင်း ကောင်းကောင်းကိုသာ စားလိုသူ တွေ ဖြစ်ကြသည်။ မေမေ ရှိစဉ်တုန်းက ထမင်းချက်သည် အင်မ တန်တော်သည်။ ရာသီစာ ဟင်းလျာများကို ဖွယ်ဖွယ်ရာရာ စီစဉ်တတ်ကာ အချိုပွဲကအစ ခမ်းနားတာမို့ ဒီလိုထမင်းဝိုင်းတွေ နဲ့ ကြီးပြင်းခဲ့ရသော မောင့်အတွက် ထမင်းကောင်း ဟင်းကောင်း ခစားရသောဒုက္ခမှာ ဆိုးလှသည်။

"ရှင်တို့လူတွေကလည်း ထမင်းဟင်းကောင်းကောင်းတောင် မချက်တတ်ကြဘူးလား။ ဒီကလေးမကလည်း ကြက်ဥ တောင် ဖြော်င့်ဖြောင့်မကြော်တတ်ဘူး"

မောင့်ရဲ့အပြစ်တင်စကားကို ပွဲစားမက မဲ့ရွဲ့ကာ...

"ဒီခေတ်ထဲမှာ အဲဒီလောက် ဘက်စုံတော်တဲ့ အိမ်ဖော်မျိုး မရှိတော့ဘူး။ မိသားစုများတဲ့အိမ်ဆို အကြီးနဲ့ အငယ် နှစ်ယောက်လောက်တော့ ထားရတာချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အကြီးက ထမင်းဟင်းချက်၊ အငယ်က အိမ်ဟာရှိ လုပ်၊ ဒီလို လုပ်ရတာ၊ ထမင်းဟင်းချက်တတ်တဲ့လူက အဆင့်မြင့်တယ်၊ အဝတ်လျှော် ကြမ်းတိုက် မလုပ်ဘူး”

“အောင်မယ်လေး ... ကျွန်မတို့အိမ်မှာ ပြေးကြည့်မှ ကျွန်မနဲ့ ကျွန်မအဒေါ်နဲ့ နှစ်ယောက်တည်းရှိတာ ...

အိမ်ဖော်နှစ်ယောက်က ဘာကိစ္စ ခေါ်ရမှာလဲ။ ရှင်တို့က အဲဒီလိုကောင်းတဲ့လူတွေကျတော့ တခြားအိမ်ဖို့ သုံးစားမရတဲ့ ဟာတွေကျမှ ဒီအိမ်ဖို့ပေါ့။ သိပ်ကောင်းတယ် ... ဟင်း”

“ဒီကောင်မလေးလည်း လုဝ်တာပဲ မဟုတ်လား။ ဟင်းကောင်းကောင်း ချက်တတ်ဖို့ကတော့ အိမ်ရှင်တွေက သင်ပေါ့။ သူတို့က ရွာမှာ ကောင်းကောင်းစားလာခဲ့ရတာမှ မဟုတ်တာ ...

ငါးပိဖုတ်နဲ့ ချဉ်ပေါင်ဟင်းလောက်ပဲ ကောင်းကောင်း ချက်တတ်မှာပေါ့၊ အစ်မတို့စားတဲ့ အရသာမျိုး ရအောင်တော့ ကိုယ့်ဟာကိုယ် သင်ယူရမှာပဲ”

“ဟုတ်သားပဲ မောင့်ရယ်။ ဒီကောင်မလေးက လုပ်ချင်စိတ်လေးရှိတာပဲ တော်လှပါပြီ။ အရင်ဟာတွေဆို သူ့လောက်တောင် စေတနာပါတာ မဟုတ်ဘူး”





အန်တီလေးကပါ ဝင်ပြောသဖြင့် မောင့်သည်လည်း ဘာမှမပြောသာတော့။ ပွဲစားမကတော့ သူ့အကြံအစည် အောင်သွားသဖြင့် ကျေနပ်စွာဖြင့် ပြန်သွားသည်။ ပွဲစားမ ပြန်သွားတာနှင့် အန်တီလေးက မောင့်ကို နားချသော မျက်လုံးများဖြင့်ကြည့်ကာ ...

“အခု မော်စန်းလည်း သိပ်တော့ မဆိုးပါဘူး။ အန်တီလေးလည်း သင်ပေးပါ့မယ်။ အဓိက,က လုပ်ချင်တဲ့စိတ်ပါပဲ”

“ဒါတော့ ဒါပေါ့ အန်တီလေးရယ်။ ဒါပေမဲ့ ပုံစံကြည့်တာနဲ့ Talent မရှိတာ သိသာပါတယ် ...

အဲဒါ သူ့ကိုသင်ရင်းနဲ့ အန်တီလေးပဲ ပင်ပန်းဦးမယ်။ မောဦးမယ်။ လခလည်း လိုချင်သလောက် နင့်နေအောင် ပေးထားပြီးမှတော့ သင်လည်း သင်ချင်မနေတော့ဘူး အန်တီလေးရယ်”

“ဩော် ... သမီးရယ်။ သမီးလိုချင်တဲ့ ပျံလန်နေအောင် ချက်တတ်တဲ့လူမျိုးက ပွဲစားပြောသလို ရှားသွားပြီကွယ်။ ရှိလည်းပဲ ငယ်မွေးခြံပေါက်တွေမှသာ ရမှာ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးရဲ့စကားကို မောင့်က နှာခေါင်းရှုံ့ပြနေတုန်းမှာပဲ မောင့်ရဲ့ဖုန်းမှ မြည်သံထွက်ပေါ်လာတာမို့ ဖွင့်ကိုင်လိုက်သည်။

"ဟယ်လို မကြီးသန်း"

"အေး ... သမီးရေ။ မဂ္ဂဇင်းအတွက်လေ မော်ဒယ်ကို ဓာတ်ပုံရိုက်ဖို့ရာ အဝတ်အစားတွေ သမီးဆိုင်က စပွန်ဆာပေးမလားလို့ ..."

မိတ်ကပ်က မကြီးသန်း လိမ်းမှာ။ မဂ္ဂဇင်း Cover အတွက်လေ"

"ဩော် ... ရပါတယ်။ လွှတ်လိုက်လေ။ အဲဒါက အရေးမကြီးပါဘူး"

"ဆိုပါဦး၊ ဘယ်အရာက အရေးကြီးနေပြန်တာလဲ"

"မကြီးသန်းရဲ့ အသိအကျွမ်းထဲမှာ ထမင်းဟင်းကောင်းကောင်းချက်တတ်တဲ့သူ မရှိဘူးလားဟင် ...

မကြီးသန်းက မိတ်ပေါ်တော့ နီးစပ်ရာတွေမှာ မေးကြည့်ပေးပါလား။ သမီး တကယ် အခက်အခဲ ဖြစ်နေလို့ပါ။ မကြီးသန်းလည်း သမီးတို့ အိမ်တွင်းရေးအကြောင်း သိပါတယ်။ အခုရှိတဲ့ ကောင်မလေးကလည်း အိမ်သန့်ရှင်းရေးနဲ့ အဝတ်လျှော်လောက်သာ ရတာလေ။ အဲဒါ"





"အိုခေ ... အိုခေ ... မောင့် ပြောချင်တာ မကြီးသန်း သဘောပေါက်ပြီ၊ ရှာထားပေးမယ်လေ၊ ထမင်းဟင်းကောင်းကောင်းချက်တတ်တဲ့သူကို လိုချင်တာ ဟုတ်လား"

"ဟုတ်တယ် ... ဘာမှ ပြန်သင်စရာမရှိတဲ့ လူပေါ့"

"အင်း ... မောင့် လိုချင်တဲ့ပုံစံ သိပြီ။ အေးပါ မကြီးသန်း စုံစမ်းပေးပါ့မယ်။ တွေ့ရင် ဖုန်းဆက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

"ရတယ် သမီး။ ဆီးယူ"

မောင့်ကလည်း မကြီးသန်းကို နှုတ်ဆက်ကာ ဖုန်းချလိုက်သည်။ အရုပ်ကူပါ လှုဝိုင်းပါ ဖြစ်နေသော မောင့်အဖြစ်ကို အန်တီလေးကလည်း စာနာနားလည်စွာ ကြည့်နေရုံမှအပ ဘာမှမတတ်နိုင်ချေ။ အဲဒီညနေက အိမ်ကကောင်မလေး ချက်ထားသော ဟင်းတွေကိုကြည့်ကာ ညနေစာကို အထူးတလည် လျှော့စားစရာတောင် မလိုတော့။

စိတ်ရှုပ်ရှုပ်နှင့် ထမင်းချက်ကောင်းကောင်း တစ်ယောက် အလိုရှိသည်ဟု သတင်းစာထဲကနေ၍ ထည့်ကြော်ငြာရင် ကောင်းမလားဟု တွေးမိလေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၄

မကြီးသန်းရဲ့ အလုပြင်ခန်းမရှိသော လမ်းဟာ မြို့လယ်ကောင်မှာမို့ တစ်ခါတစ်ရံမှာ အဲဒီလမ်းထဲ၌ ကားရပ်၍ မရချေ။ ဒါကြောင့် မင်းနန္ဒာသည် ဟိုးဘက်ထိပ်မှာ ကားရပ်ပြီးမှ မကြီးသန်းရဲ့ဆိုင်သို့ ခြေလျင်လျှောက်လာရသည်။ သူ့လက်ထဲမှာလည်း မကြီးသန်းကို မျက်နှာလုပ်ပြီး ဖားဖို့ရာအတွက် သီးစုံကျောက်ကျောဘူးကဲ ပါသေးသည်။ ဒီသီးစုံကျောက်ကျောကလည်း သူကိုယ်တိုင် ထိုးလာသော ကျောက်ကျောတွေဖြစ်သည်။

မကြီးသန်းရဲ့ဆိုင်နားသို့ ရောက်ခါနီးမှာပဲ သူဟာ ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်ပြီး ထွက်လာသော တစ်စုံတစ်ယောက်ကို သွားမြင်သည်။ အဲဒီ တစ်စုံတစ်ယောက်ဟာ တခြားသူမဟုတ်ပါ။ တစ်ကြိမ်တည်းနှင့် သူ့ရင်ကို ထုတ်ချင်းဖောက်ပြီး ထိုးဝင်





ခဲ့သော "မောင့်ဘဒ္ဒါ" ဆိုသည့် မိန်းကလေးဖြစ်သည်။ မောင့်ဘဒ္ဒါသည် သူ့ကိုမမြင်ချေ။ ဆိုင်ထဲက ထွက်လာတာနှင့် နဖူးပေါ်မှာ ပင့်တင်ထားသော မျက်မှန်ကို အောက်ချလိုက်ကာ သူမကားရပ်ထားသော နေရာသို့ လျှောက်လှမ်းလာသည်။

သူမက လမ်းပေါ်က။ သူက ပလက်ဖောင်းပေါ်ကမို့ သူမက သူ့ကို မမြင်ချေ။ ပြီးတော့ သူမ ကြည့်ရတာ ဘယ်သူ့ကိုမှလဲ ဂရုစိုက်ပုံ မပေါ်ပါ။ အနက်ခံပေါ်မှာ အနီရောင်အပွင့်လေးတွေ ကွဲပြန့်နေသော ဂါဝန်တိုလေးဖြင့် သူ့မတူအောင် စတိုင်လ်ကျ လှပနေတာကို သူက သတိလက်လွတ် ငေးမောနေမိသည်။ သူသည်လည်းပဲ ရန်ကုန်မြို့လယ်ကောင် အသိုင်းအဝန်းမှာ ကြီးပြင်းလာကာ စင်ကာပူမှာတောင် ကျောင်းသွားတက်ခဲ့သူပါ။ အလှပဂေးတွေဆိုတာ မမြင်ဖူးတာ မဟုတ်။ ဒါပေမဲ့ မောင့်ဘဒ္ဒါကို အမြင်မှာ တော့ ဘယ်လိုဖြစ်သွားလဲဆိုတာ မပြောတတ်ချေ။ ရှေးရေစက်ဟုပဲ ပြောရမည် ထင်ပါသည်။

သူ လိုက်လံငေးမောနေသော မောင့်ဘဒ္ဒါသည် သူမ၏ MARK II ကား နို့နှစ်ရောင်ပေါ်သို့တက်ကာ မောင်းထွက်သွားသည်။ သူက မြင်ကွင်းထဲမှ သူမ ပျောက်သွားလေမှ မကြီး



www.burmeseclassic.com

www.burmeseclassic.com



သန်းရဲ့ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ သူလာသောအချိန်ဟာ နေ့ခင်းတစ်နာရီခန့်မို့ အလုပ်များသော မကြီးသန်းမှာ ခုမှ ထမင်းစားဖို့ပြင်ဆင်တုန်း။ အားနာစရာ မလိုသော သူက မကြီးသန်းရဲ့ သောမှာ ဝင်ထိုင်ရင်း လက်ထဲက ကျောက်ကျောဘူးကို ချပေးကာ ...

"ကဲ ... မကြီးသန်းနဲ့ သမီးများ၊ စားစေသတည်း ... ရော့"

"ဘာတွေတုန်းဟဲ့"

"သီးစုံကျောက်ကျော၊ ရှယ်မိုက်တယ်"

မကြီးသန်းက သူ ဖွင့်ပြသော ကျောက်ကျောဘူးကို တစ်ချက်ငုံ့ကြည့်ကာ ...

"အင်း ... ဒီကောင်လေးတော့ ငါ့ကို လာဖားနေတယ်နဲ့ တူတယ်။ အခုလေးတင် မောင့်ဘဒ္ဒါ ဒီကပြန်သွားတာ ရှင်နဲ့ အဝင်အထွက်ပဲ"

"တွေ့သားပဲ၊ ကျွန်တော်တောင် ရပ်ငေးနေမိသေးတယ်။ မကြီးသန်း ကူညီပါဗျာ။ ကျွန်တော် မကြီးသန်းရဲ့ကျေးဇူးကို မမေ့ပါဘူး"





"ဟဲ့ ... ငါက ဘာကူညီရမှာလဲဟဲ့။ ကျွတ် ... ပြဿနာပဲ။ သူက ယောက်ျားဆို ခါးခါးသီးသီး မုန်းတာနော်။ နင် သူ့အနား သွားကပ်လို့ကတော့ အတီးခံရမှာပဲ"

"အဲဒါတွေ ဂရုမစိုက်ပါဘူးဗျာ။ ကြိုက်ရင်တော့ ဒီလောက်တော့ စွန့်စားရမှာပေါ့"

"စွန့်စားချင်ရင်လည်း နောက်မှ စွန့်စားပေါ့။ လောလောဆယ်တော့ နင် တကယ်ကြိုက်ရင် သူ့အတွက် ထမင်းဖာင်း ကောင်းကောင်းချက်တတ်တဲ့ လူတစ်ယောက်လောက် ရှာပေးလိုက် ...

အခု သူ အပူတပြင်း ရှာဖွေနေတာ ထမင်းချက်ကောင်းကောင်း တစ်ယောက်ပဲ"

"ဟာ ... ဒါများဗျာ။ ပြောပြောက ဓာတာ မဟုတ်ဘူး"

သူ့ရဲ့ အလန့်တကြား လေသံကို မကြီးသန်းက ချက်လုံးပြူးကြည့်ကာ ...

"ဘာလဲ ... နင့်အသိထဲမှာ ထမင်းချက်ကောင်းကောင်း ရှိလို့လား"

"သိပ်ရှိတာပေါ့။ ဝေးဝေးတောင် ရှာစရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် !။ ဒါဆိုလည်း မြန်မြန်ခေါ်လာခဲ့ပါဟယ်။ မောင့်က ငါ့ကို ဖွတ်ဂျီကျနေတာ။ သူရော သူ့အဒေါ်ရော အစားသောက်ကောင်းကောင်း စားရလို့တဲ့ ..."

သူတို့က ဆိုင်က အစားအသောက်တွေကျတော့လည်း ကျန်းမာရေးနဲ့ မညီညွတ်လို့ မစားချင်ဘူးတဲ့။ သူ့အဒေါ်က မွေးရာပါ နှလုံးရောဂါသည်လေ၊ အဲဒါကြောင့်။

ဟဲ့ ... နင့်ထမင်းချက်က ဘယ်မှာလဲ၊ မနက်ဖြန်ခေါ်လာလို့ ရမလား"

"အခုကို ခေါ်လာလို့ရတယ်"

"ဘယ်သူလဲ"

"ဒီမှာလေ"

သူက သူ့မျက်နှာသူ လက်ညှိုးနှင့် ထိုးပြလိုက်လျှင် မကြီးသန်းက ဟင့်ခနဲ ရှုံ့မဲ့သည်။

"လာနောက်မနေစမ်းပါနဲ့ နန္ဒာရဲ့။ ငါ အကောင်းပြောနေတာ"

"ဟား ... ကျွန်တော်လည်း အကောင်းပြောနေတာပဲ။ ကျွန်တော်လည်း ထမင်းဟင်း ကောင်းကောင်းချက်တတ်





တာပဲ။ ကျွန်တော် သူ့ထမင်းချက် လုပ်မယ်လေ။ မကောင်းဘူးလား"

"ကျွတ် ... ဒီအရူးနဲ့တော့ ခက်နေပြီ။ ဟိုက ယောကျ်ားလေးဖြစ်တဲ့ နင့်ကို ဘယ်လိုလုပ် ခန့်မှာလဲ။ တစ်ခါတည်း ပါးတောင်ရိုက်လွှတ်လိုက်ဦးမယ်"

"ဟား ... မကြီးသန်းကလည်း။ ဒီလို လမ်းရိုးကြီးအတိုင်းတော့ သွားမလား"

"ဘာလဲ ... နင်က နင့်ကိုယ်နင် မာမီရှိန်း လုပ်ဦးမလို့လား။ ဒီမှာ ... အဲဒါက ရုပ်ရှင်ဟဲ့။ အပြင်မှာ ဘယ်လိုမှ လုပ်မရဘူး ... ဟိုက လည်လိုက်တာမှ ဟိုဘက်လွန်။ တော်ပါနန္ဒာရယ်၊ နင့်ဟာနင် အေးဆေးနေစမ်းပါ။ ကြားထဲက ငါခေါင်းကျိန်းလွန်းလို့"

သူက မကြီးသန်းကို ခနိုးခနဲ့ စိုက်ကြည့်ရင်းမှ ဟက်ခနဲ ပြုံးရယ်လိုက်ကာ ...

"မကြီးသန်းရယ် ... ကျွန်တော်က အဲဒီလောက် ပိန်းတဲ့ကောင် ဟုတ်ပါဘူးဗျာ။ သူ ယောကျ်ားတွေကို မုန်းတယ်ဆိုရင် ယောကျ်ားမလုပ်တော့ရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို မကြီးသန်းက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ရင်ဘတ်ကိုဖိကာ ...

"ဘာရယ် ... နင်က ယောကျ်ား မလုပ်တော့ဘူး ဆိုတော့"

သူက မကြီးသန်းရဲ့ အလန့်တကြားပုံစံကို ချစ်စနိုးဖြစ်သွားဟန်ဖြင့် မျက်လုံးပြူးပြီး ပြုံးပြကာ နဖူးကို လက်ညှိုးလေးနှင့် တွန်းထုတ်လိုက်ပြီးနောက် ...

"မကြီးသန်းတို့လိုပေါ့"

"ဟဲ့ ... ကောင်လေး။ နင် ဘာတွေ ပေါက်ကရ လျှောက်ပြောနေတာလဲ"

"ပေါက်ကရ လျှောက်ပြောတာ မဟုတ်ဘူး။ တကယ်ပြောနေတာ။ မကြီးသန်း ပြောပြလို့ သိရတဲ့ သူ့ဘဝလေးကို ကျွန်တော် စာနာတယ်ဗျာ။ သနားလည်း သနားတယ်။ ထမင်းကောင်း ဟင်းကောင်း မစားရတဲ့ သူ့ဘဝလေးကို အစားကောင်းကောင်း ချက်ကျွေးချင်တယ် ...

ဒါကြောင့် မကြီးသန်းက ပြောပေးဗျာ။ ကျွန်တော် သူ့ဆီမှာ စားဖိုမှူးလုပ်မယ်။ ယောကျ်ားတွေဆို မုန်းနေတဲ့ လက်မခံချင်တဲ့ သူ့ဆီကို မိန်းမလျာပုံစံနဲ့ ဝင်မယ်။





မကြီးသန်းကသာ ကျွန်တော့်ကို အပြတ်အသတ်ထောက်ခံပေးရင် သူ လက်ခံမှာပါ ... နော်"

သူ့ရဲ့အားတက်သရော ပုံစံကို မကြီးသန်းက စိတ်ဓာတ်ကျသလိုကြည့်ကာ သက်ပြင်းချသည်။ ပြီးတော့မှ ခေါင်းတယမ်းယမ်းဖြင့် ...

"မဖြစ်ပါဘူးဟယ်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ တစ်ခုခုပေါ်သွားရင် ငါလည်း မကောင်းဘူး။ ငါက အခြောက်ဆိုပေမယ့် ဒီလောကမှာ သိက္ခာရှိရှိ ရပ်တည်နေတဲ့ အခြောက်ဟဲ့။ ဘယ်တုန်းကမှ သူများပြောစရာဖြစ်အောင် နေခဲ့တာမဟုတ်ဘူး"

"ဟုတ်ပါတယ်။ အဲဒါကြောင့်လည်း မကြီးသန်းရဲ့ပါဝါကို သုံးတာပေါ့။ လုပ်ပါ မကြီးသန်းရယ်။ ကျွန်တော့်ကိုသနားရင် ကူညီပါဗျာ။ နော် ...

ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

"ခက်တာပဲ။ နင်က ဘယ်လိုအခြောက်လုပ်မှာတဲ့တုန်း"

"ဟား ... ဒါများ လွယ်လွယ်လေး။ အခြောက်ဆိုပေမယ့် မိတ်ကပ်တွေလိမ်း၊ နှုတ်ခမ်းနီတွေ ဆိုးနေတဲ့၊ ဂါဝန်တွေ စကတ်တွေ ဝတ်နေတဲ့ အခြောက် မလုပ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ်နေကျအတိုင်း နည်းနည်း နုနုရွရွလေးတွေ ပိုဝတ်ပြီး နွဲ့ပြလိုက်ရုံပဲလေ။ ကျွန်တော် တတ်ပါတယ် မကြီးသန်းရယ်။ နော် ...

ကျွန်တော့်ကို ကူညီပါ။ သူ့ကိုလည်း ကူညီလိုက်ပါ”

“အမယ်လေး ... ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲ။ နင် အဲဒီလိုလုပ်ရင် နင့်မိဘတွေကို ဘယ်လိုပြောမှာလဲ။ ပြီးတော့ နင်ပဲ သူ့ကို ကြိုက်နေတာဆို။ ဒီပုံကြီးနဲ့ ဘယ်လိုဆက်စခန်းသွားမှာလဲ”

“ကဲ ... အဲဒါတွေက ငွေရောင်ဖန်သားပြင်ပေါ်မှာ ဆက်လက်ကြည့်ရှုပေါ့ဗျာ။ မကြီးသန်းရယ် ... ပြောလိုက်ပါဗျာ ... နော် ...

ကျွန်တော် အကောင်းဆုံး ကြိုးစားပါ့မယ်။ မကြီးသန်းရဲ့မျက်နှာကိုလည်း ထောက်ပါ့မယ်။ နော် ... မကြီးသန်း။ ကူညီပါဗျာ ... နော် ...

ကျွန်တော့်အတွက်ကလေ သူ့အနားမှာ နေဖို့ရာ ဒီတစ်လမ်းပဲ ရှိလို့ပါ”





သူ့စကားအဆုံးတွင် မကြီးသန်းက တွေတွေငေးငေးကာ ကြည့်ကာ နောက်ဆုံးတော့ ခေါင်းညိတ်ပြလိုက်သည်။ သူသည် ဟေးခနဲ အော်ကာ မကြီးသန်းကို ထပြီး ပွေ့ဖက်တော့ မည့်ဟန် ပြုလိုက်သည်။ မကြီးသန်းက လန့်ပြီး ရှောင်တိမ်းသည့် သဏ္ဌာန် ပြုလိုက်လျှင် သူက သဘောတကျဖြင့် တဟားဟား အော်ရယ်မိသည်။

မကြီးသန်းကတော့ သူ့ကို လှပသော မျက်စောင်းကြီးတစ်ချက် ထိုးပါသည်။ ကဲ ... မောင့်ဘဒ္ဒါရေ ... မင်းနဲ့ အနီးဆုံးနေရာကို ကိုယ် ရောက်လာခဲ့ပါတော့မယ်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



✿ ၅ ✿

မောင့်သည် မကြီးသန်းရဲ့နံ့ဘေး၊ ဆိုဖာပေါ်တွင် ခါးမတ်မတ်ထားကာ တင်ကိုနောက်ပစ်ပြီး မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ လုပ်နေသော မိန်းမလျှာကောင်လေးတစ်ယောက်ကို တစ်ချက်မျှ စိုက်ကြည့်ပြီးသောအခါ ရင်ထဲမှာ အီလည်လည်ကြီး ဖြစ်သွားသည်။ ကိုယ်က, ခေါ်ချင်တာက မိန်းမ ထမင်းချက်။ မကြီးသန်း ရှာပေးထားတာက မိန်းမလျှာ၊ နည်းနည်းတော့ စံလွဲနေသည်ဟု ထင်သည်။ ဒါပေမဲ့လည်း မကြီးသန်းရဲ့အညွှန်းအရတော့ ဒီအခြောက်လေးဟာ ထမင်းဟင်းချက် အလွန်ကောင်းသည်ဆိုပဲ။

ပြီးတော့ ယခု မြင်တွေ့ရသလောက်လည်း သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် ရှိလှသည်။ ပြောရလျှင်တော့ မိကောင်းဖခင်သားသမီး ပုံစံမျိုးဖြစ်ကာ အရပ်မြင့်မြင့်၊ အသားဝင်းဝါဝါ





နှင့် ယောကျ်ားပီပီသသနေလျှင် အတော်အဖိုးတန်မည့်သူမျိုး ဖြစ်သည်။ အင်း ... သူ့မိဘတွေကတော့ ဘယ်လောက်များ နှမြောလိုက်မတဲ့လဲ။

"တဲ ... မောင့်ဘဒ္ဒါ တစ်ယောက် ဘယ်လိုများ ဆုံးဖြတ်မလဲကွယ်။ မကြီးသန်းက ဖွတ်တော့ မတိုက်တွန်းလိုပါဘူး။ မောင့်ကလည်း ထမင်းဟင်းကောင်းကောင်း ချက်တတ်တဲ့လူ လိုချင်တယ် ...

ဒီတစ်ယောက်ကလည်း သူ့အိမ်နဲ့ အဆင်မပြေလေတော့ အလုပ်တစ်ခုလောက် လိုချင်တာ။ သူ့ပုံစံနဲ့လည်း ကုမ္ပဏီတို့ ဘာတို့မှာက အဆင်မပြေလေတော့ အခက်အခဲ ဖြစ်နေတာ။ မကြီးသန်းဆီမှာ အလုပ်ထည့်ပေးဖို့ကျပြန်တော့လည်း ဒီအခြောက်က အခြောက်ထဲမှာ ရှာမှရှားတဲ့ စားဖိုမှူးအခြောက်လေ။ သူက မိတ်ကပ်ပြင်တာကို ဝါသနာမပါဘူး"

မောင့်က မကြီးသန်းရဲ့စကားကို ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် နှစ္စာ အမည်တွင်သော အခြောက်လေးကို တစ်ချက်ငဲ့ကြည့်လိုက်လျှင် ထိုအခြောက်လေးက မောင့်ကို မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြီးသန်းရဲ့ ပြောပြချက်အရတော့ ဒီအခြောက်လေးဟာ ဝန်ထမ်းမိဘနှစ်ပါးက ပေါက်ဖွားလာပြီး အစ်ကိုနှစ်ယောက်ရှိသော ညီအငယ်ဆုံး ဖြစ်သည်တဲ့။ ဒီလိုအခြောက်ဘဝကို ပီပီပြင်ပြင် ခံယူလိုက်သဖြင့် ဖခင်နှင့် အစ်ကိုတွေက အိမ်ကနှင်ချထားတာကြောင့် စားဝတ်နေရေး အခက်အခဲ ဖြစ်နေ၍ နေစရာ အပြီးအစီးပါသော အလုပ်တစ်ခုကို အပူတပြင်း လိုချင်နေတာတဲ့။

ဒီကိစ္စကို မောင့်လည်း ဘယ်လိုတောင် ဆုံးဖြတ်ရမလဲ မပြောတတ်တော့ပါ။

"မမောင့်ဘဒ္ဒါ အနေနဲ့ စမ်းသပ်ခန့်ချင်ရင်လည်း ရပါတယ်ရှင်"

အခြောက်လေးထံမှ စကားသံထွက်လာလျှင် မောင့်က မကြီးသန်းကို တစ်ချက်ပြန်ကြည့်ကာ ...

"အင်းလေ ... မောင့်အနေနဲ့ ခုလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးတော့ ပြောရမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ သူက ထမင်းဟင်း ကောင်းကောင်းချက်တတ်တယ် ဆိုတော့ စိတ်တော့လည်း ဝင်စားပါတယ် ...





အဓိက,က ထမင်းဟင်းကောင်းကောင်း ချက်တတ်ဖို့ပါပဲ။ အဝတ်လျှော် အိမ်မှုကိစ္စ ဘာညာတွေက လုပ်မယ့်သူ အိမ်မှာ ကောင်မလေးတစ်ယောက် သပ်သပ်ရှိပါတယ်။ အဓိက,က မီးဖိုချောင်ကို နိုင်နင်းဖို့ပါပဲ"

"ဟုတ်ကဲ့ ... နန္ဒာ လက်ရာကို စမ်းကြည့်ပါ။ ကြိုက်မှ သုံးပါ"

အခြောက်လေးက ခပ်နွဲ့နွဲ့လေးနှင့် ရိုရိုကျိုးကျိုးလေး ထပ်ပြောသည်။ မောင့်က သူ့ကို တစ်ချက်ပြန်စိုက်ကြည့်ကာ ...

"အင်းလေ ... ဒါဆိုလည်း လုပ်ကြည့်ဦးပေါ့။ မောင့် ဖြစ်စေချင်တာက အိမ်ရှင်မက ဘာချက် ဘာချက်လို့ မစီမံပေးဘူး။ တစ်လစာ မီးဖိုချောင်စရိတ်ကို ထုတ်ပေးထားမယ် ...

နန္ဒာ ကြိုက်သလို ဟင်း အတွဲအစပ်တွေကို စီမံပေါ့။ အိမ်မှာက အသားအားလုံးစားတယ်။ တို့က ဘာကိုမှ လှည့်ကြည့်မှာ မဟုတ်ဘူး။ အချိန်တန်ရင် မိသားစုထမင်းဝိုင်းလိုမျိုး ဖွယ်ဖွယ်ရာရာမဲ စားချင်တာ ...

ဘယ်လိုလဲ ... ဖြစ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



အခြောက်က ယဉ်စစလေးပြုံးကာ "ဖြစ်နိုင်ပါတယ်" ဟု ခပ်အေးအေးလေးပဲ ပြန်ဖြေလေသည်။

"ဟုတ်ပြီလေ ... ဒါဆိုရင် ဘယ်တော့လောက် အလုပ်စဝင်နိုင်မလဲ"

"ရှေ့လဆန်းတစ်ရက်နေ့မှာ ဝင်ပါ့မယ်။ ဪ ... ဒါနဲ့လေ၊ အမေ့ကို သွားပြန်ကန်တော့ခွင့်လေး၊ အိမ်ခဏပြန်ခွင့်လေးတော့ တစ်ပတ်ကို တစ်ရက်လောက် ပေးပါနော်"

"အဲလောက်ကတော့ ရပါတယ်"

မောင့်ရဲ့စကားကို အခြောက်လေးက အားပါးတ ပြုံးပြကာ ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ မောင်တို့နှစ်ယောက်ကို အပြန်အလှန် ကြည့်ရှုနေသော မကြီးသန်းက လက်နှစ်ဖက်ကို ဖြောင်းခနဲ ရိုက်လိုက်ကာ ...

"ကဲ ... ဒါဆိုရင်တော့ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားကြပြီပေါ့။ မောင့်အတွက် နန္ဒာရဲ့လက်ရာကို မြည်းစမ်းနိုင်ဖို့ အတွက် ယောဒီမှာ စားသွားဦး၊ ကြာဆံကြော်တဲ့"

"အို ... နေပါစေ၊ တော်ပါပြီ"

မောင့်က ငြင်းဆန်သော်လည်း သူကပါ ခပ်ယို့ယို့လေး ဝင်ပြောသည်။





"စားသွားပါ။ ဒီနေ့ မောင့်ဘဒ္ဒါ လာမယ်ဆိုတာသိလို့ တမင်ကြော်လာတာပါ။ စားသွားပါနော်"

ထုကယ့်ကို မခို့တရို့ ပုံစံလေးနှင့် ပြောနေတာမို့ မောင်က အနည်းငယ် ပြုံးမိသွားကာ ခေါင်းညိတ်ပြလိုက်ရသည်။ အဲဒီနောက် မကြီးသန်းဆိုင်က ထမင်းစားခန်းထဲမှာ သူ့လက်ရာဖြစ်သော ကြာဆံကြော်ကို မြည်းစမ်းခွင့်ရသည်။ ကြာဆံကြော်သည် နာမည်ကြီးဆိုင်တွေမှာ ရောင်းတတ်သော လက်ရာမျိုးဖြစ်ကာ ပထမတန်းစားဖြစ်သည်။ ငုံးဥ၊ Sea foods တွေနဲ့ ကြာဆံကြော်ကို စားပြီးနောက် မင်းနန္ဒာ ဆိုသော မိန်းမလှလေး၏ လက်ရာကို အထူးသဘောကျ နှစ်ခြိုက်သွားလေသည်။

"ဘယ်လိုလဲ အဆင်ပြေရဲ့လားဟင်"

မဝံ့မရဲလေးကြည့်ကာ လှမ်းမေးနေသော မင်းနန္ဒာကို မောင့်က အချိုသာဆုံး ပြုံးပြလိုက်ကာ လက်မတစ်ချက် ထောင်ပြလိုက်သည်။

"အရမ်းကောင်းပါတယ်။ ဆိုင်က ကြာဆံကြော်ကို စားနေရတဲ့ အတိုင်းပဲ။ ဒီလောက် ကောင်းမယ်တောင် မထင်ဘူး"

သူမရဲ့အပြောကို သူက ပီတိဖြာသော မျက်လုံးများဖြင့် ပြုံးကြည့်နေသော်လည်း မကြီးသန်းကတော့ မဲ့ရွဲ့ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ပြောတာပေါ့။ ဒီအခြော်တကောက်က တခြားအခြော်တကောက်လို မဟုတ်ပါဘူးလို့ ...

မိတ်ကပ်ပြင်တာ ဝါသနာပါဘဲ ချက်တာ ပြုတ်တာ ဝါသနာပါနေတာ။ ဒါကြောင့် တစ်ယောက်တည်း ဂိုထား ကွဲပြီး ဘယ်သောင်ကပ်ရမှန်းမသိ ဖြစ်နေတာ"

"ခု ကပ်ရမယ့်ကမ်း တွေ့ပါပြီနော် ... ဟင်း။ မကြီးသန်း တို့ကတော့လေ သူများကိုဆို ပြောဖို့ချည်းပဲ"

နန္ဒာက မကြီးသန်းကို ခပ်စွာစွာလေး ပြန်ပြောလျှင် ဘာကြောင့်မှန်းမသိဘဲ မကြီးသန်းကတော့ အဲဒီပုံစံကို တဟားဟား အော်ရယ်လေသည်။ မောင့်သည်လည်း သိပ်မရင်းနှီးသောကြောင့် ဟက်ဟက်ပက်ပက် မရယ်မိသော်လည်း သဘောတော့ ကျနေခဲ့သည်။ ဘာပဲဖြစ်ဖြစ် သန့်သန့်ရှင်းရှင်းနှင့် ကျန်းမာရေးဖြင့် ညီညွတ်သော စားကောင်းသောက်ဖွယ်ရာများကို စားသောက်ရတော့မှာမို့ ကျေနပ်နေခဲ့သည်။

အန်တီလေးလည်း ကျေနပ်နေပါလိမ့်မည်။

○ ❦ ○





## ၆

မင်းနန္ဒာသည် မှန်ရှေ့မှာ ပေါ်နေသော သူ့ရုပ်သွင်ကိုကြည့်ကာ ဟီခနဲ တစ်ချက်ရယ်မိသည်။ သူ ဝတ်ထားတာက ပန်းရောင်တီရှပ် အကျပ်လေးဖြစ်ကာ ဂျင်း(န်)ဘောင်းဘီတစ်ထည်သာ ဖြစ်သော်လည်း အဝတ်အစားက အဓိက မဟုတ်ဘဲ လေယူလေသိမ်းနှင့် ဟန်ပန်ကသာ အဓိကဖြစ်ကြောင်းကို အခြောက်သုတေသနစစ်တမ်းအရ သိရှိပြီးဖြစ်သည်။ ဒါကြောင့် သူက မိတ်ကပ်လည်း လိမ်းစရာမလို၊ နှုတ်ခမ်းနီလည်း ဆိုးစရာမလိုချေ။ တကယ်ခြောက်နေသော သူတစ်ယောက်ဟာ မိန်းမလို ဝတ်ဆင်ထားမှ မဟုတ်ဘဲ ပုံစံအမူအရာနှင့် စကားပြောဆိုတာတို့ကို ကြည့်ပြီး ခြောက်မှန်းသိသာစေသောကြောင့် သူက အခြောက်အိုက်တင်ကို ပါးပါးလေးပဲ ယူထားသည်။



www.burmeseclassic.com

ဒါကြောင့်လည်း သူ့အတွက်က မောင်ဘဒ္ဒါတို့အိမ်မှာ အလုပ်လုပ်ရတာ အဆင်ပြေပါသည်။ သူ့အမေကိုတော့ သူငယ်ချင်းနှင့်စပ်တူ ဘီယာဆိုင်ထဲ ရှယ်ယာဝင်ထားတာမို့ ဆိုင်မှာ သွားထိုင်ပေးရမည်ဟု အကြောင်းပြထားသဖြင့် အပေါင်းအသင်းမက်သော သူ့အကြောင်းကိုလည်း သူ့အမေက ယုံသည်။

မောင်ဘဒ္ဒါတို့အိမ်သည် ဝင်ဒါမီယာထဲတွင် တည်ရှိကာ မျိုးရိုးစဉ်ဆက်က ချမ်းသာလာသူတွေဟု ခန့်မှန်း၍ရလေသည်။ သို့သော် ဆွေမျိုး၏ အင်အားတောင့်တင်းခြင်းကတော့ နည်းပါလှသူလေးဖြစ်ကာ တစ်အိမ်လုံးနှင့် တစ်ခြံလုံး ပြေးကြည့်တော့မှ နှလုံးရောဂါသည် အဒေါ်အပျိုကြီးတစ်ယောက်နဲ့ မောင်ဘဒ္ဒါတို့ နှစ်ယောက်သာရှိသည်။

လက်တိုလက်တောင်း ခိုင်းစေဖို့ ခေါ်ထားသော အိမ်ဖော်လေးနဲ့မှ သုံးယောက်ရှိကာ လုံခြုံရေးကတော့ တွေးကြည့်တာနဲ့တောင် အားငယ်ဖို့ကောင်းလှသည်။ အဒေါ်အပျိုကြီးဆိုပေမယ့် အသက်က သုံးဆယ့်ငါးကျော်ကျော်လောက်ပဲ ရှိသေးကာ ကျန်းမာရေးအခြေအနေအရ ဘာမှတော့ သိပ်မလုပ်နိုင်တော့ချေ။





မောင့်ဘဒ္ဒါကသာ အိမ်ရဲ့စီးပွားရေးကို ဦးဆောင်နေရသူဖြစ်ကာ တကယ်တမ်း တွေးကြည့်လျှင်တော့ သူမရဲ့ဘဝဆေးက သနားဖို့ကောင်းလို့နေသည်။ ရည်းစားလေးတစ်ယောက်အားပြန်တော့လည်း သစ္စာဖောက်ကာ သူများနဲ့ညားတဲ့ ငါ့ရည်းစား ဖြစ်သွားသည်ဆိုတော့ မောင့်ဘဒ္ဒါရဲ့မျက်ခုံးနှစ်ဖက်ဟာ အစဉ်အမြဲ တွန့်ချိုးနေတာတော့ အဆန်းမဟုတ်တော့ပြီ။

အဲဒီ မျက်ခုံးလေးတွေ တဖြည်းဖြည်းနဲ့ ပြေလာမည့်အချိန်ကိုတော့ သူက စိတ်ရှည်လက်ရှည်နဲ့ပဲ စောင့်ရမည်ဖြစ်လေသည်။ သူ့အဆိုအရတော့ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမည် ဆိုတာပဲ ဖြစ်သည်။ အဲဒီအတွေးနဲ့အတူ သူက သူ့အတွက်ပေးထားသော အခန်းထဲမှ ထွက်လာခဲ့သည်။ သူ့အခန်းနှင့် အိမ်ဖော်ကောင်မလေး၏အခန်းမှာ အောက်ထပ်မှာ ရှိသည်။ သူက မနေ့ကညကမှ ဒီအိမ်သို့ ရောက်လာတာဖြစ်ခြင်းကြောင့် ဒီအိမ်ရဲ့အထာကိုတော့ သိပ်မသိသေး။ ဒါကြောင့် Breakfast ကိုတော့ ခပ်ရိုးရိုးပဲ ပြင်ထားလိုက်သည်။ ကော်ဖီ၊ ကြက်ဥဟပ်ဖရိုက်နှင့် ပေါင်မုန့်မီးကင်တို့ဖြစ်ကာ နှလုံးရောဂါသမားအတွက်တော့ နွားနို့တစ်ခွက် စီစဉ်ထားလိုက်သည်။

www.burmeseclassic.com



ရှစ်နာရီမှာတော့ တူဝရီးနှစ်ယောက်စလုံး ထမင်းစားခန်းထဲသို့ ရောက်ရှိလာလေသည်။ သူသည် နံနက်စောစောမှာ မောင့်ဘဒ္ဒါရဲ့ မျက်နှာလေးကို မြင်ရတာလောက် စိတ်ချမ်းသာဖို့ကောင်းတာ မရှိဘူးဟု ထင်မိလေသည်။ ဘာမှ လိမ်းခြယ်မထားရသေးသော်လည်း မောင့်ဘဒ္ဒါ၏ မျက်နှာလေးမှာ ဖြူစင်နူးညံ့နေသည်။ အိပ်ရေးဝဝ အိပ်ထားရသဖြင့် ဖူးစင်ဝင်းမွတ်ကာ တင်းတင်းရင်းရင်းလေး ဖြစ်နေသည်။ ဆံနွယ်ညိုရင့်ရင့်တွေကို ဘီးကုပ်တစ်ချောင်းဖြင့် ပင့်တင်ထားကာ သူမက Breakfast ဝိုင်းကို ငုံ့ကြည့်သည်။

အဲဒီတော့မှပဲ သူက ခြောက်နေသော နှုတ်ခမ်းလေးဖြင့် စကားစတင်ပြောလေသည်။

"ဒီနေ့တော့ အိမ်မှာရှိတဲ့ ဟာလေးတွေနဲ့ပဲ Breakfast ကို အဆင်ပြေအောင် စီစဉ်ထားပေးပါတယ် ...

မောင့်အတွက်က ကော်ဖီ၊ အန်တီလေးအတွက်က နို့ပါ၊ ရရဲ့လားဟင်"

"ရတယ်။ တော်သေးတာပေါ့၊ အန်တီလေးက ကော်ဖီ သောက်လို့ မရဘူးကွယ့်။ နန္ဒာက သိသားပဲ"





"ဟုတ် ... နန္ဒာ့ကိုလေ မောင့်က ပြောထားပါတယ်"

သူက ခပ်ပိုပိုလေးပင် လက်ကလေးကိုပါယမ်း၍ ပြောလိုက်လျှင် အန်တီလေးက ပြုံးစိစိဖြင့် တစ်ဖက်သို့ လှည့်သွားသည်။ သူမကတော့ သူ ဖျော်ထားသော ကော်ဖီကို တစ်စိမ့်စိမ့်ကြည့်ကာ မျက်လုံးပင့်ကြည့်လျက် ...

"ကော်ဖီက စက်နဲ့ဖျော်ထားတာလား"

"ဟုတ် ... အဆင်ပြေရဲ့လားဟင်"

"အင်း ... ပြေပါတယ်။ အိမ်မှာ ကော်ဖီကြိတ်စက်တို့၊ ကော်ဖီဖျော်တဲ့စက်တို့ ရှိပေမယ့် အချိန်ပေးပြီး တကူးတက မလုပ်နိုင်တော့ မသုံးဖြစ်ဘူး ...

နန္ဒာက ကော်ဖီကောင်းကောင်း ဖျော်တတ်တယ်နဲ့ တူတယ်"

"ဟုတ်"

သူက သူမကို ရွှန်းရွှန်းလဲ့လဲ့ကြည့်ကာ ခပ်နွဲ့နွဲ့လေး ပြန်ဖြေလိုက်လျှင် သူမက သူ့ကို သေချာပြန်စိုက်ကြည့်ပြီးနောက် ဘာမှမပြောတော့ဘဲ ကော်ဖီကို ငုံ့သောက်နေသည်။ ပြီးတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်အတွက် ဘာတွေ ဝယ်ဖို့ရှိသလဲ။ နန္ဒာ လိုအပ်မယ် ထင်တာတွေပေါ့။ ပြီးရင် ပိုက်ဆံထုတ်ပေးမယ်။ အေးချော နဲ့ သွားဝယ်လိုက်ကြပေါ့"

"ဟင် ... မောင့်က သွားမဝယ်ဘူးလား"

သူ့ရဲ့ ခပ်ဆူဆူဆောင့်ဆောင့် အပြောကို မောင်က ဖျတ်ခနဲ မော့်ကြည့်ကာ ...

"တို့က ဘာသွားဝယ်စရာလိုလဲ။ အဲဒါ ရှင့်အလုပ်လေ"

"ဟင် ... ဟုတ်တော့ ဟုတ်တာပေါ့လို့။ ဒါပေမဲ့ မောင်နဲ့တူတူ လိုတာလေးတွေ ညှိနှိုင်းပြီးဝယ်တော့ ပိုမကောင်းဘူးလားလို့"

သူက အကဲပိုပိုဖြင့် မေးလေးဆတ်ကာ ဆတ်ကာ ပြောလိုက်လျှင် သူမက မျက်စောင်းတစ်ချက်ကို မထိုးရုံတမယ်ဖြင့် ပေါင်မုန့်တစ်ချပ်ကို ကိုက်ဝါးကာ ...

"မကောင်းဘူး၊ ကျွန်မ ဈေးဝယ်တာ ဝါသနာမပါဘူး။ ချက်တာပြုတ်တာလည်း ဝါသနာမပါဘူး"

"ဩော် ... တော်တော့်ကို မိန်းမပီသတာပဲ"

"ဘာရယ်"





"ဩော် ... မိန်းမ, မဆန်လိုက်တာလို့ ဆိုလိုချင်တာပါ။ ယောကျ်ားဆန်တာပေါ့နော်။ ဘယ်လိုပြောရမလဲ၊ အဲလိုမျိုးလား"

သူက မျက်စ မျက်နတွေပါ ပစ်လျက် လက်ချောင်းလေးတွေကို လှုပ်ကာ ခတ်ကာဖြင့် ပြောလျှင် သူမက မျက်မှောင်ကြုတ်ကြည့်သည်။ သူမအားက အပျိုကြီးကတော့ ပြုံးချင်သော မျက်နှာပေးဖြင့် ရှိနေသည်။ ဒီအပျိုကြီး ကြည့်ရတာ အခြောက်တောင် ကောင်းကောင်းကန်းကန်း မြင်ဖူးပုံ မပေါ်ချေ။ ဒါကြောင့် သူ ပြောသမျှ ဆိုသမျှတို့ကို သင်းအား ဖျော်ဖြေနေသည့်အလားပါးစပ်အဟောင်းသားဖြင့် လိုက်ကြည့်နေလေသည်။

"ဒီမယ် မင်းနန္ဒာ။ ဒီအိမ်မှာနေရင် စကားအပို သိပ်မပြောပါနဲ့၊ စကားအပိုပြောတာ ကျွန်မ မကြိုက်ဘူး"

"ဩော် ... နန္ဒာကတော့ ပါးစပ်ပိတ်ကြီးနဲ့ မနေတတ်ပါဘူးရှင်။ ဆွေးဆွေးနွေးနွေး ပြောပြောဆိုဆို family type ပေါ့ ... ဟင်း ဟင်း"

"ဟုတ်ပါတယ် မောင့်ရယ်။ သူ ပြောတာတွေက နားထောင်လို့ ကောင်းပါတယ်၊ အန်တီလေးမှာ တစ်နေ့ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပဲ စာဖတ်၊ TV ကြည့် လုပ်နေတော့ ဒီလိုပြောပြောဆိုဆိုလေးရှိမှ စိတ်အပန်းပြေတာပေါ့ ...

ကဲ ... နန္ဒာ။ မောင့် ပြောတာတွေ ခေါင်းထဲမထည့်နဲ့။ မောင့်ဟာ အဲလိုပဲ။ သူက တစ်နေ့ တစ်နေ့ သိဝ်အလုပ်များတော့ Stress တွေပိပြီး စိတ်အလိုမကျတွေ ဖြစ်နေတာ။ အရာရာတိုင်းဟာ ကိုယ့်သဘောအတိုင်းချည်း ဘယ်ဖြစ်ပါ့မလဲကွယ်"

"ဟုတ်ပါ့ ... ဟုတ်ပါ့။ မောင့်သဘောချည်းတော့ ဘယ်ဖြစ်မလဲ နော့"

သူက အကဲပိုပိုလေး ဝင်ပြောလိုက်လျှင် သူမထံမှ လှပသော မျက်စောင်းကြီးတစ်ခုက ဒိုင်းခနဲ ဝဲပျံပြီး ရောက်လာသည်။ အဲဒီ မျက်စောင်းဟာ အင်မတန် လှပသောကြောင့် သူ့ရင်ထဲမှာတောင် တစ်ချက်ဆောင့်ခုန်လို့ သွားလေသည်။ အန်တီလေးကတော့ သူ့အပြောကို သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်လို့နေသည်။

သူမက အဒေါ်ဖြစ်သူကိုပါ မျက်စောင်းတစ်ချက် ကဲကြည့်ကာ ...





"အန်တီလေးလည်းနော်၊ ဒီမာမီရှိန်းကို ကော်တော်သဘော ကျနေတယ်နဲ့ တူတယ်။ ပြောသမျှ အပြီ လိုက်လို့သာ နေတော့တာပဲ"

"ဩော် ... အန်တီလေးလည်း ခုမှ ရယ်စရာ ပြုံးစရာ တွေ့တော့တာလေကွယ်၊ မောင့်ကလည်း တစ်နေ့ တစ်နေ့ အလုပ်များလွန်းအားကြီးတော့ အန်တီလေးနဲ့လည်း ဒီလို ဟက်ဟက်ပက်ပက် စကားပြောနိုင်တာမှ မဟုတ်တာ ...

ဘာပဲဖြစ်ဖြစ် သူ ရောက်လာတော့ အန်တီလေးတို့ အိမ် စိုစိုပြည်ပြည် ရှိတာပေါ့"

"ဟုတ်ပါ့ ... ဟုတ်ပါ့။ နောက်ဆိုရင်လည်းလေ စိုပြည်ရုံတင် မကဘူး၊ စိုရွှဲဦးမှာ ... ဟင်း ... ဟင်း ... ဟင်း"

ဝင်ပြောလိုက်သော သူ့စကားကိုလည်း အန်တီလေးက ဟက်ဟက်ပက်ပက်ရယ်သည်။ နောက်တော့ သူမကပဲ စိတ်မရှည်ဟန်ဖြင့် စကားဝိုင်းကို ဖြတ်တော့သည်။

"ကဲ ... တော်ကြတော့။ နန္ဒာ ... ရှင်လည်း ဈေးဝယ်စရာ ရှိတာ သွားဝယ်၊ ဘာတွေဝယ်မှာလဲ၊ ဘယ်လောက်ကုန်ကျနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သွန်နီ၊ ကြက်သွန်ဖြူ များများဝယ်ထားချင်တယ်။ ဆီဝယ်ထားမယ်။ ငါးခြောက်တို့ ဘာတို့ ဝယ်ထားမယ်_

တခြား လိုအပ်တဲ့ ကုန်ခြောက်တွေ ဝယ်ထားမယ်။ ဟင်းသီးဟင်းရွက်နဲ့ အသားငါးကတော့ နှစ်ရက် သုံးရက် တစ်ခါ ဝယ်လို့ရပါတယ်"

"ကောင်းပြီ၊ အခုလောလောဆယ်ဝယ်ဖို့ ငါးသောင်းပေးလိုက်မယ်၊ တစ်သိန်းက တစ်လစာ မီးဖိုချောင်စရိတ်အဖြစ် သတ်မှတ်ပြီး ပေးထားမယ် ...

စာရင်းလုပ်ထားပေါ့။ လကုန်တာနဲ့ စာရင်းရှင်းတမ်း လုပ်ကြမယ်၊ အဆင်ပြေလား"

သူက သူမကို ခပ်အီအီ အကြည့်လေးနှင့် မခိုးမခန့် စိုက်ပြုံးပြလိုက်ကာ ...

"မောင့် အဆင်ပြေရင် တို့များလည်း အဆင်ပြေရမှာပေါ့ ကွယ်"

သူမက ပေစောင်းစောင်းဖြင့် တစ်ချက်ကြည့်ကာ ဘာမှ ဆက်မပြောတော့ချေ။ စားစရာရှိတာကိုသာ ငုံ့စားနေသည်။ သူမတစ်ယောက် သူ ပြင်ဆင်ပေးထားသော Breakfast





ကို နှစ်သက်စွာ စားနေပုံကိုကြည့်ပြီး နေ့တိုင်းမှာ ဘယ်လိုကောင်းအောင် ချက်ကျွေးရမလဲဆိုသော အတွေးစိတ်ကူးတွေက သူ့ခေါင်းထဲသို့ တန်းစီပြီး ဝင်ရောက်လာသည်။

ယောက်ျားတို့၏ နှလုံးအိမ်ဆီသို့ အချစ်သည် အစာအိမ်အုလမ်းကြောင်းမှတစ်ဆင့် စီးဆင်းသွားသည်ဟု သူ ကြားဖူးသည်။ ဒါဟာ ယောက်ျားတွေချည်းပဲဟုတော့ အတပ်ပြော၍ မရနိုင်ချေ။ အစားကောင်းကြိုက်သော မိန်းကလေးတွေမှာလည်း အချစ်ဟာ အစာအိမ်ကတစ်ဆင့် နှလုံးသားသို့ ရောက်မသွားဟု ဘယ်သူမှ မပြောနိုင်ပါ။

သေချာတာကတော့ ဟုတ်,မဟုတ်ကို သူက လက်တွေ့စမ်းသပ်ကြည့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

အိမ်အပေါ်ထပ်က ဆင်းလိုက်ပြီး ထမင်းစားခန်းထဲသို့ ဝင်လိုက်တာနှင့် မောင့်ရဲ့နှာခေါင်းဝသို့ သင်းပျံ့သော မုန့်ဟင်းခါးဟင်းရည်နံ့က တိုးဝင်ပြီးလာလေသည်။ မောင့်က စားပွဲမှာ ရပ်ကြည့်လိုက်လျှင် ကြွေပန်းကန်လုံးကြီးထဲမှာ အငွေ့တထောင်းထောင်း ထနေသော အိုးဘဲဥစိပ်လေးများဖြင့် မုန့်ဟင်းခါးဟင်းရည်တွေကို တွေ့မြင်လိုက်ရသည်မှာ ချက်ချင်းပင် အာခေါင်မှာတောင် စွတ်စိုလာသလို ခံစားရလေသည်။

"စားတော့မယ် မဟုတ်လား မောင့်ရေ၊ ပြင်လိုက်တော့မယ်နော်"

အန်တီလေးရဲ့အမေးကို မောင့်က ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် စားပွဲမှာ ဝင်ထိုင်လိုက်သည်။ အန်တီလေးကပဲ





မောင့်ကို မုန့်ဟင်းခါးတစ်ပွဲ ပြင်ပေးသည်။ မောင့်သည် မုန့်ဟင်းခါးကို တစ်ဇွန်းခပ်စားကြည့်ပြီးမှ အရသာရှိလှတာကို သတိပြုမိတာ ...

"ဒီမုန့်ဟင်းခါး ကောင်းလိုက်တာ။ ဘယ်ဆိုင်က သွားဝယ်လာတာလဲ"

"ဝယ်တာ မဟုတ်ဘူး မောင့်ရေ။ အဲဒါ နန္ဒာ ချက်တာလေ"

"ဟုတ်လား။ ဘယ်လိုချက်လိုက်တာလဲ"

"အဲဒါတော့ အန်တီလေးလည်း မသိဘူး။ အန်တီလေးနိုးလာတော့ကို မုန့်ဟင်းခါးက ကျက်နေပြီ။ အဲဒီမှာ မောင့်အတွက် ကော်ဖီလည်း ဖျော်ထားတယ်။ အခြောက်လေးက ဟင်းချက်တာတော့ ဘယ်လိုနေမယ် မသိဘူးနော် ...

မုန့်ဟင်းခါးလက်ရာကတော့ ပထမတန်းစားပဲ"

ဟုတ်နေသောကြောင့် မောင့်က ဘာမှပြန်မပြောမိချေ။ မုန့်ဟင်းခါးကိုသာ ခေါင်းမဖော်စတမ်း စားနေမိသည်။ တော်ရုံတန်ရုံ ထမင်းဟင်းက လူတိုင်းချက်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးက ထမင်းဟင်း ချက်တတ်သူတိုင်း မချက်တတ်ချေ။ ဒီလို ပထမတန်းစား မုန့်ဟင်းခါးကို ချက်တတ်ပြီ ဆိုမှတော့ ထမင်းဟင်းကတော့ ပြောနေဖို့ မလိုဟု သဘောပေါက်လိုက်သည်။

"ခများမှာ ယောကျ်ားစစ်စစ်လေးသာဆို ဘယ်လောက် အဖိုးတန်မလဲနော်။ သူ့မိဘတွေများ ဘယ်လောက်နှမြော လိုက်မလဲ"

"ဒါမျိုးက တကယ်စိတ်ပါလာရင် ဘာနဲ့မှ တားမရဘူး လေ။ ဘဝပေးကုသိုလ်ကံ ဆိုတော့လည်း အပြစ်ပြောလို့ မရပြန်ဘူး ...

လောကမှာ ယောကျ်ားစစ်စစ်လိုနေပြီး အခြောက် တစ်ယောက်လောက်မှ စိတ်ဓာတ်မမြင့်မြတ်တဲ့ ယောကျ်ား မျိုးတွေလည်း တစ်ပုံတစ်ခေါင်း ရှိတာပဲ"

ချက်ချင်းပဲ ဒေါသတွေထွက်ကာ စိတ်တိုပြီး ရှူးရှူး ရှားရှား ဖြစ်လာသော မောင့်ကို အန်တီလေးက မသက်သာသလို ကြည့်ကာ ...

"ဖြစ်နိုင်ရင် အဲဒါကြီးကို မောင့်ခေါင်းထဲက ထုတ်ထားပါ ကွယ်။ ကိုယ်နဲ့ မထိုက်တန်လို့ သွားတယ်ပဲ မှတ်ပါ ...





သူနဲ့ ထိုက်တန်တဲ့ မိန်းကလေးကိုပဲ သူ ရသွားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ မောင့်ကလည်း အဲဒီယောကျ်ားမျိုးထက် စာရင် အခြောက်ကမှ မြင့်မြတ်သေးတယ်လို့ ပြောနေတာ ...

ဒီအခြောက်လည်း သိပ်တော့ ယုံမထားနဲ့ဦး အန်တီ လေးရေ။ ဒါပေမဲ့ မကြီးသန်းကံ အာမခံထားတာဆိုတော့ အကျင့်စာရိတ္တပိုင်းကတော့ စိတ်ချရပါတယ်။ သတိဆိုတာ တော့ ပိုတယ် ဘယ်ရှိပါ့မလဲ"

"အေးပါကွယ်၊ ဘာပဲဖြစ်ဖြစ် သူ ရှိတော့ ပျော်စရာကောင်း ပါတယ်"

"ဟေး ... ဘယ်လိုလဲ မောင့်ဘဒ္ဒါရေ၊ စားလို့ သောက် လို့မှ အဆင်ပြေရဲ့လား"

အဲဒီအသံစာစာက မင်းနန္ဒာဆိုသော အခြောက်လေး ထံမှ ဖြစ်သည်။ မီးဖိုခန်းထဲမှနေ၍ ထမင်းစားခန်းထဲသို့ အသံ စာစာဖြင့် ဝင်ရောက်လာတာမို့ မောင့်က အန်တီလေးကို မျက်စ တစ်ချက် ပစ်ပြလိုက်ကာ သူ့ကိုတော့ ခေါင်းညိတ်ပြလိုက်ရသည်။ သူက မောင့်တို့ဘေးမှာ လာရပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ Breakfast ကတော့ မုန့်ဟင်းခါးလေ။ မနက်ဖြ
ကျရင် မန္တလေးမြီးရှည်လုပ်မှာ။ Breakfast တွေကို တ
နေ့တစ်မျိုး မရိုးအောင် တင်ဆက်သွားမယ်နော် ...

ဩော် ... မောင့် ရုံးသွားရင် ထည့်ဖို့အတွ
ထမင်းချိုင့်လည်း အဆင်သင့်ပဲနော်"

"ဘာဟင်းတွေ စီစဉ်ထားလဲ"

"ဒီနေ့လား။ ဒီနေ့က ကြက်သားဟင်း၊ ငါးဖယ်သု
အစိမ်းကြော်နဲ့ ချဉ်ပေါင်ဟင်းချိုတို့လေ ...

အားလုံး ကျက်ပါပြီ။ ရုံးသွားခါနီးရင် အေးအေ
ထည့်ပေးဖို့ မှာထားတယ်။ ဩော် ... မောင့် စားချင်တ
ဟင်းတွေ ရှိရင်လည်း ပြောလေ၊ နန္ဒာ ချက်ပေးမှာပေါ့
မောင့်က ဘာတွေ ကြိုက်တတ်လဲဟင်"

မောင့်က ရွှန်းရွှန်းတွေ ဝေနေသော အခြောက်က
ခပ်တည်တည်ပဲ မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"အကုန်ကြိုက်ပါတယ်။ အဆင်ပြေသလိုသာ အစပ်အဟ
တည့်အောင်ချက်ပါ"

"အိုခေ ... နန္ဒာကလေ မောင့်တို့ ဘွဝရီးကို တစ်နေ့တစ်မျိုး
မရိုးရလေအောင်ကို ချက် ကျွေး ဦး မှာ ... ဟင်း ဟင်း"



အခြောက်သည် တကယ့်ကိုပင် ရှောက်သီးဆေးပြား
ဆောင်းနေသည့်အလား အိုက်တင်အပြည့်ဖြင့် ပြောနေတာဖြစ်တာ
ကြောင့် မောင့်က စိတ်ပျက်လက်ပျက်ဖြင့် မသိမသာ နှာခေါင်း
ရှုံ့မိသည်။ အန်တီလေးကတော့ အဲဒါကိုပင် သဘောတကျဖြစ်
တာ တပြုံးပြုံးနှင့် ကျေနပ်မဆုံး ဖြစ်နေသည်။

"နန္ဒာက တခြားမိန်းမလျာတွေလို မိတ်ကပ်အလှပြင်တာ
ဘာညာကျတော့ ဝါသနာမပါဘူးလားကွယ့်"

"ဟင့်အင်း ... နန္ဒာက အလှတော့ ကြိုက်တယ်။ ဒါပေမဲ့
အလှပြင်ပေးတာတော့ ဝါသနာမပါဘူး။ နန္ဒာကလေ
အခြောက်တွေထဲမှာဆို လိုင်းကြောင်အခြောက်လို့ ပြောလို့
ရတယ် ...

ဟင်းချက်တာပဲ ဝါသနာပါတယ်"

"လိုင်းကြောင်တယ်လို့တော့ ပြောလို့မရပါဘူး။ တချို့
ယောကျ်ားလေးတွေကလည်း အချက်အပြုတ် ဝါသနာပါ
တာတွေ ရှိပါတယ် ...

စားသောက်ဆိုင်တွေမှာဆို အမျိုးသား စားဖိုမှူးတွေ
ပဲ ရှိတာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဒါပေမဲ့ နန္ဒာကတော့ အချော်တကောက် စားဖို့မှုးတဲ့၊ သြော် ... အန်တီလေး၊ Breakfast စားပြီးရင် သောက်ဖို့ဆေးနော်"

သူက တစ်ခါသောက်စာ ပြင်ထားသော ဆေးဝန်းကန်ပြားလေးကို အန်တီလေးရှေ့ အသာတိုးပေးလိုက်လျှင် အန်တီလေးက ကျေနပ်စွာဖြင့် လက်ခံယူသည်။ အန်တီလေးရဲ့ နံဘေးမှာ ရပ်ပေးပြီးနောက် ဆေးသောက်ဖို့ ရေထည့်ပေးခြင်း၊ တစ်သျှူးဘူး ယူပေးခြင်း စသဖြင့် ဂရုတစိုက် လုပ်ပေးနေတာကို မောင့်က သေချာစွာ အကဲခတ်နေမိသည်။

အင်း ... ဒီအခြောက်ဟာ အဆင့်အတန်းရှိရှိ မျိုးကောင်းရိုးကောင်း မိကောင်းဖခင်သားသမီး အသိုင်းအဝန်းထဲက ဆင်းသက်လာသော အခြောက်ဖြစ်ပုံရတယ်ဟု မောင့်က ခန့်မှန်းလေသည်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ Personality ကား အညံ့ထဲက မဟုတ်ချေ။ ပြီးတော့ သူ ဝတ်ပုံစားပုံကလည်း တန်ဖိုးကြီးကြီး နုနုရွရွမျိုးတွေဖြစ်ကာ ရေမွှေးနံ့လေး တသင်းသင်းကလည်း မွှေးပျံ့နေသေးသည်။ ဆံပင်ပုံစံကအစ တန်ဖိုးကြီးကြီးပေးပြီး သေချာပြုပြင်ထားမှန်း သိသာသော မယောင်္ဂနီရောင်ဖြေး





အလန် အလန်လေးတွေ ဖြစ်ကာ နားမှာက ပလက်တီနမ်နားကွင်းလေးဖြင့် အပြင်အဆင်ကတော့ ပထမတန်းစားထဲကဖြစ်သည်။

ကိုယ့်မှာကလည်း လိုအပ်ချက်ကြောင့်သာ လက်ခံဆိုက်ရပေမယ့် မောင့်သည် ဒီလို ဟိုမရောက် ဒီမရောက် လူမျိုးကိုတော့ တယ်မခန့်ချင်လှပေ။ ယောကျ်ားဆိုလျှင် မျဉ်းကျားကဆောင် မကူးချင်သည့် မောင့်မှာ အခြောက်တစ်ယောက်ဟာလည်း ယောကျ်ားပဲမို့ အလုပ်မခန့်လိုပေ။ ဒါပေမဲ့လည်း ကိုယ့်မှာက လိုအပ်နေသည် ဖြစ်လေရာ မချစ်သော်လည်း အောင့်ကာနမ်းရသည့်ပုံစံ ဖြစ်နေသည်။

မောင့် လိုချင်တဲ့ ပုံစံမှာ ဒီပုံစံမျိုးပဲ ဖြစ်သည်မို့ ဒီခေတ်ထဲမှာက ဒါမျိုးကလည်း တော်တန်ရုံမရှိတော့။

အမှန်အားဖြင့်ဆိုလျှင် အိမ်ရှင်မတစ်ယောက်ဟာ ဒီနေ့ ဘာချက် ဘာချက် ဆိုတာလောက်တော့ စီစဉ်ပေးရမှာဖြစ်ပြီး မောင့်က အဲဒါမျိုးကိုပင် လုပ်ချင်သူ မဟုတ်ချေ။ မီးဖိုချောင်ဇရိတ် တစ်လစာ ထုတ်ပေးထားပြီး အချိန်တန်လျှင် ထမင်းဝိုင်းမှာ ဝင်ထိုင်ကာ ထမင်းကောင်း ဟင်းကောင်းကို စားချင်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်သည် ဒီအခြောက်ကို သဘောကျတယ်လည်း မဟုတ်၊ သဘောမကျဘူးရယ်လည်း မဟုတ်ဘဲ တစ်မျိုးတော့ တစ်မျိုးကြီး ဟု ခံစားနေရသည်မှာ ထူးတော့ ထူးဆန်းပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် အန်တီလေးကိုတော့ ဂရုစိုက်ဖို့ မှာရဦးမည်။ မောင့်သည် နန္ဒာ နောက်ထဲဝင်သွားတာနှင့် ...

"အန်တီလေး ဒီအခြောက်ကို သိပ်သဘောကျပြီး ယုံစား မနေနဲ့ဦးနော်၊ ပုံမှန်ပဲ ကောင်းတယ်"

"အေးပါ မောင့်ရယ်။ မောင့်ကလည်း သူ့ကို အာဏာရှင် ပုံစံကြီး သိပ်မဆက်ဆံပါနဲ့။ ခများမှာ သနားစရာ ကောင်းပါတယ်"

"မောင့်က ပုံမှန်ဆက်ဆံတာ။ ရေရှည်အတွက်ဆိုရင် ပုံမှန်ပဲ ကောင်းတယ်။ ဒီအိမ်မှာ အန်တီလေးကလည်း သူ့ကို ဟဲ ဟဲ၊ အေးရွှေကလည်း ဟဲဟဲနဲ့၊ အဟာန့်တစ်ခုတော့ရှိ ဖြစ်မှာလေ ...

လူတွေကို မယုံကြည်နဲ့ အန်တီလေးရေ။ နှစ်နဲ့ချီပြီး ဆက်ဆံလာတဲ့သူတွေတောင် နောက်ကျောကို ဓားနဲ့ထိုး သွားသေးတာ ...





သတိနဲ့အပြည့်နေနိုင်မှ တော်ကာကျမှာ၊ ကဲ ... မောင့် ရုံးသွားဖို့ ပြင်ဆင်တော့မယ်၊ ဂရုစိုက်"

"အေးပါကွယ်။ မောင့် စိတ်လေးတွေ နည်းနည်းပျော့လိုက် ရင် ပိုသက်သာမလားပဲ"

မောင့်က ဘာမှထပ်မပြောတော့ဘဲ အပေါ်ထပ်သို့ တက်လာကာ ရေချိုးသည်။ ပြီးတော့ ရုံးသွားဖို့အတွက် ပြင်ဆင် ကာ အောက်ထပ်သို့ ပြန်ဆင်းလာလျှင် ပေါ်တီကိုအောက်မှာ မောင့်ရဲ့ကားကို အဆင်သင့် ရပ်ထားပေးပြီးသား တွေ့လိုက်ရသည်။

"သွားတော့မလား မောင့်။ အေးရွှေရေ ... မောင့်ရဲ့ရုံးခြင်း ယူခဲ့တော့ဟေ့"

"မောင့်ကားကို ဒီနားမှာ ဘယ်သူရပ်ထားတာလဲ အန်တီ လေး"

"နန္ဒာပေါ့ကွယ်။ မောင့် အဆင်သင့် တက်မောင်းလို့ရ အောင်လို့တဲ့ သူ ရွှေ့ပေးထားတာ"

"ဟင်း ... ဒီအခြောက်ကလည်း ရှည်ကို ရှည်တယ်"

"ဩော် ... သူက စေတနာနဲ့ပါကွယ်။ ကဲ ... အေးရွှေ၊ ခြင်းကို ကားပေါ်တင်တော့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကဲ အန်တီလေး။ မောင် သွားတော့မယ်နော်၊ သတိဝီရိယနဲ့နေ"

"ဟော ... မောင် ရုံးသွားတော့မှာလား။ Dreive safe နော်၊ မောင့် ကားကို ဂရုစိုက်မောင်း၊ ဖြည်းဖြည်းမောင်း ပါ"

ထုံးစံအတိုင်း သူ မပါလျှင် မပြီးသော အခြေအ နန္ဒာက ပေါ်တီကိုအောက်မှာ ခပ်နွဲ့နွဲ့လာရပ်ရင်း မောင့်ကို တ တာပြကာ နှုတ်ဆက်သည်။ မောင့်က ဘာမှပြန်မပြောတော့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကားပေါ်တက်ပြီး မောင်းထွ လာခဲ့သည်။

ပြုံးရယ်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့သည် မောင့်ရဲ့က မှာ ပျောက်ဆုံးနေခဲ့တာ ကြာပြီဖြစ်လေသည်။

○❦○





၈

မင်းနန္ဒာသည် မီးဖိုထဲမှာ ချက်စရာ ပြုတ်စရာ ရှိတာတွေကို စီစဉ်ပြီးသောအခါ အိမ်ရှေ့ခန်းဆီသို့ မယောင်မလည် နှင့် ထွက်လာခဲ့သည်။ အကြောင်းကတော့ အန်တီလေးကို စကား ရောဖောရောနှင့် မောင့်ဘဒ္ဒါရဲ့အကြောင်းတွေ အစ်အောက်မလို့ ပင်။ အန်တီလေးကတော့ မောင့်ဘဒ္ဒါနဲ့ မူကွဲစွာ စိတ်နှလုံးသား နူးညံ့ပုံရသေးသည်။ သူမကတော့ တစ်နေ့ကုန်နေလို့ တစ်ခါတောင် ပြုံးတာ မမြင်ဖူးသေးချေ။ ဒါကလည်း သူ့အကြောင်းနဲ့သူ ရှိပါ လိမ့်မည်။

အန်တီလေးသည် အိမ်ရှေ့မှာ မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန် ဒီလှော လုပ်နေသည်။ သူက အန်တီလေးရဲ့အနားသို့ မယောင်မလည် တိုးကပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး"

"ဩော် ... အင်း။ ဘာပြောမလို့လဲ နန္ဒာ၊ ပြောလေ"

"ဩော် ... ညနေစာကိုလေ ဘဲအချိုပေါင်းရယ်၊ ကြံမဆိုင် ဟင်းချိုရယ်၊ ကျောက်ပွင့်သုပ်ရယ်၊ နောက် ... ပုစွန်ကညွတ် ကြော်ရယ် စီစဉ်ထားထယ်၊ အဲဒါ အဆင်ပြေရဲ့လား။ ဘာများ ထပ်စားချင်တာ ရှိလဲလို့ပါ"

"မရှိပါဘူးကွယ်။ ဒါတွေတောင် ပြည့်စုံလွန်းနေပါပြီ"

"ဟို ... မောင့်ကရော ကြိုက်ပါ့မလား မသိဘူး"

"ဩော် ... ကြိုက်ပါတယ်၊ အမယ်လေး ... သူက ဘဲအချို ပေါင်းဆို သိပ်ကြိုက်တာ။ ကြံမဆိုင်ကလည်း သူ့အကြိုက် ပဲ။ မောင့်က အစားကောင်း အရမ်းမက်တာ။ သူ့အမေ တုန်းကဆို သူက အမြဲတမ်း ကောင်းကောင်းစားခဲ့ရတာ လေ ...

ဒါကြောင့် အရင်အိမ်ဖော်တွေချက်တဲ့ လက်ရာ ဘယ်တော့မှ စိတ်တိုင်းမကျဘူး။ စားလည်း မစားဘူး အခုမှပဲ သူ့ဆန္ဒ ပြည့်ဝသွားတော့တာ"

"ဟွန်း ... သူ့ဆန္ဒ ပြည့်ဝတယ်သာ ပြောနေ။ သူကပြ နန္ဒာ့အပေါ်မှာ သိပ်စိမ်းတာပဲ"





သူ့ရဲ့ ဆူဆူအောင့်အောင့် မူနွဲ့နွဲ့အပြောကို အန်တီ လေးက အသာအယာ ရယ်မောကာ ...

"မောင့်က အဲလိုပဲ နေတတ်လို့ပါ။ အင်း ... ပြောရရင် တော့ မောင့်က သနားဖို့ ကောင်းပါတယ်"

"ဟုတ်လား။ ဘာဖြစ်လို့လဲဟင်"

သူက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ပြန်မေးလိုက်လျှင် အန်တီလေးက ခေါင်းတစ်ချက်ဆတ်ကာ အကုန်ပြောပြလေသည်။

"မောင့်အဖေနဲ့ အမေက မောင့် ရှစ်တန်းလောက်တည်းက ကွဲသွားကြတာကွယ့်။ မောင့်အဖေက နောက်အိမ်ထောင်နဲ့ နိုင်ငံခြားမှာ။ နောက်ကျတော့ မောင့်မှာ ရည်းစားတစ် ယောက် ရတယ် ...

ယောကျ်ားတွေဆို အဖေကစပြီး မယုံခဲ့တဲ့ မောင့် ဟာ အဲဒီတစ်ယောက်ကိုလည်း စစ်စစ်စီစီ ရွေးချယ်ခဲ့တာ ပါပဲ။ သူ့အမေရဲ့ တိုက်တွန်းမှုတွေလည်း ပါတာပေါ့။ ဒါနဲ့ပဲ စေ့စပ်ဖြစ်သွားပြီး လက်ထပ်ဖို့ သုံးလအလိုမှာ ဟိုက သူ့ထက် တော်တော်ငယ်ပြီး တော်တော်လည်တဲ့ ကောင်မလေးတစ်ယောက်နဲ့ ခိုးပြေးသွားရောလေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မောင့်ရဲ့စိတ်တွေဟာ လုံးဝကို ခက်ထန်ကြမ်းရှသွားတော့တာပါပဲ။ ယောကျ်ားတွေဆိုလည်း အရမ်းမုန်းသွားတယ်။ နဂိုတည်းကလည်း စိတ်တို စိတ်ဆတ်ဒေါသဖြစ်လွယ်တဲ့သူပါ။ သူ့ဒဏ်ကို ခံနိုင်တဲ့ယောကျ်ားဆိုတာလည်း ရှားမယ်"

မရှားပါဘူး အန်တီလေးရယ်။ သူ့ဒဏ်ကို ခံချင်လွန်းလို့ပဲ သူ့အနားကို ရောက်အောင် လာခဲ့တဲ့သူပါ။

"အင်း ... ဟုတ်ပါတယ်လေ။ အန်တီလေး ပြောသလိုဆိုရင် မောင့်က သနားစရာ ကောင်းတဲ့သူပါပဲ"

"ဟုတ်တယ်ကွယ့်။ မောင့်က စိတ်ရင်းကတော့ တကယ်ကောင်းတယ်။ ဒါကြောင့် စကားပြောတာ ခပ်ပြတ်ပြတ်ဖြစ်ပေမယ့် သူ့အလုပ်မှာ အောင်မြင်နေတာပေါ့ ...

စီးပွားရေးလုပ်တယ်ဆိုတာ ချိုသာနေမှရတာ။ သူကတော့ ခပ်တည်တည် ခပ်ပြတ်ပြတ်ပဲ။ ဒါပေမဲ့ ဒီဇိုင်းထွင်တာ တော်တယ်။ ရက်ချိန်းမှန်တယ်၊ ကတိတည်တယ်။ ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တော့ သူ့ဆီမှာ အလုပ်အပ်ချင်သူတွေက ဝိုင်းဝိုင်းကို လည်လို့ပေါ့"





"ဟင်း ... ဟင်း ... အန်တီလေး ကြည့်ရတာ မောင့်ကို တော်တော်ချစ်တယ်နဲ့ တူတယ်နော် ...

သူ့တူမအကြောင်း ပြောပြတာများ မျက်နှာကိုပြုံးလို့"

"ဩော် ... အန်တီလေး ဘဝမှာ ခင်တွယ်စရာဆိုလို့ သူပဲရှိတာပဲလေ။ သူကလေးကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ရှိတာပဲ မြင်ချင်တာပါ၊ အဲလို လုပ်ပေးနိုင်မယ့်သူရှိရင် သိပ်ကောင်းမှာပဲ"

"ရှိပါတယ် အန်တီလေးရဲ့။ နန္ဒာလေ ... ဟဲ ... ဟဲ။ နန္ဒာကလေ လူတွေကို သိပ်ပျော်စေချင်တာ။ ပျော်အောင်လည်း ကူညီတတ်တယ် ...

နန္ဒာ့ကြောင့် လူတွေ စိတ်ချမ်းသာသွားရင် နန္ဒာအပျော်ဆုံးပဲ။ ကဲ ... မောင့် ပြန်လာခါနီးပြီ။ နန္ဒာ သံပရာရည် သွားဖျော်လိုက်ဦးမယ်"

အန်တီလေးက ပါးစပ်အဟောင်းသားပွင့်၍ ကျန်ရစ်ခဲ့ချိန်ဝယ် သူက မီးဖိုချောင်ထဲသို့ဝင်ကာ သံပရာရည်ကို ကိုယ်တိုင်ဖျော်သည်။ အေးရွှေသည်လည်း ဖျော်တတ်ပေမယ့် သူကသူ့မအတွက် စေတနာဗရပွဖြင့် ကိုယ်တိုင် ကိုယ်ကျပဲ ဖျော်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိုးအစား ကျနစွာ ဖော်စပ်သည်မို့ မြည်းကြည့်သော သူပင်လျှင် လျှာလည်သွားရသည်။

ရေခဲတုံးလေးတွေ ထည့်နေတုန်းမှာပဲ အိမ်ရှေ့က ကားရပ်သံကြားလျှင် သူက ခွက်ကိုမ,ကာ ပြေးလာခဲ့လေသည်။

"မောင့် ပြန်လာပြီလား။ ဒီမှာလေ အမောပြေ သံပရာရည် အေးအေးလေး သောက်လိုက်ပါဦး"

သူမက သူ့ကို တစ်ချက်မျှ အကဲခတ်သလိုကြည့်ကာ သူ့လက်ထဲမှ သံပရာရည်ခွက်ကို လှမ်းယူရင်း "ကျေးဇူးပဲ" ဟု ခပ်တိုးတိုးဆိုသည်။

"အို ... ကျေးဇူးတင်စရာ မလိုပါဘူး။ နန္ဒာက ကျေးဇူး အတင်ခံချင်လို့ လုပ်ပေးတာ မဟုတ်ဘူး ...

ဘယ်လိုလဲ ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကဲ ... ရှင် လုပ်စရာရှိတာ သွားလုပ်ပါ။ ကျွန်မ အန်တီလေးနဲ့ စကားပြောမလို့"

"ဩော် ... ပြောပါ ... ပြောပါ။ နန္ဒာက မနှောင့်ယှက်ပါဘူး။ ဒါပေမဲ့ မောင့်ကို ထပ်ခွင့်တောင်းတာပါ။ ဆန်း ဒေးကျရင် နန္ဒာရဲ့နားရက်နော် ...





အဲဒါ စနေနေ့ည အိမ်ပြန်အိပ်ပြီး ဆန်းဒေးညနေကျ မှပဲ ပြန်လာမယ်လို့"

"ကောင်းပြီလေ။ ဒါပေမဲ့ လိုအပ်တာတွေတော့ အေးရွှေ ကို ပြပေးခဲ့ပေါ့"

"စိတ်ချ ... စိတ်ချ။ ပြစရာရှိတာ အကုန်ကို ပြခဲ့မှာ"

"ဘာရယ်"

"ဩော် ... မောင့် ပြောတဲ့ လိုအပ်တာတွေကို ပြောတာပါ။ မောင်တို့ အဆင်ပြေအောင် ဟင်းတွေပါ ချက်ပေးသွားပါ့ မယ်"

"ရပါတယ်ကွယ်။ တစ်ရက်တလေပဲဥစ္စာ။ ဆိုင်က ဝယ် စားလည်း ရပါတယ်။ ခါတိုင်းလည်း ဖြစ်သလို စားနေ ရတဲ့ဟာပဲ ...

တစ်ပတ် တစ်ခါလေး အမေ့အိမ် ပြန်ရတာ အေး အေးဆေး ပြန်ပါ"

"ဟုတ် ... အန်တီလေး။ ဩော် ... မောင့် ထမင်းစားရင် ပြောနော်။ စားခါနီးတော့မှ ကျောက်ပွင့်သုပ်မှာ မို့လို့လေ"

"ဟုတ်ပါပြီ၊ သွားလို့လည်း ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို တော်တော်ချစ်သည် ထင်ရသည်။ ဖွတ်ကိုပဲ နှင်ထုတ်နေတာကြောင့် သူက ဟင့်ခနဲပဲ ခြေဆောင့်ကာ ထွက်လာခဲ့ရသည်။ တကယ်တမ်းမှာ မိန်းမလျာစိတ် မရှိဝါဘဲနှင့် အခြောက်ပုံစံ လုပ်ရသည်မှာ မလွယ်လှချေ။ တစ်ခါတလေကျတော့လည်း ဒီလိုမျိုး ဘာကြောင့် လုပ်မိသွားသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် စဉ်းစားမရပါ။

ဒါပေမဲ့ သူ ကျေနပ်ပါသည်။ တစ်နေ့ထက် တစ်နေ့ ပိုပိုတိုးကာ ချစ်မိနေပြီဖြစ်သော သူမနဲ့ ဒီလောက် အနီးကပ်နေခွင့် ရတာကိုက သူ့အတွက် ကျေနပ်ဖွယ်အတိပဲ ဖြစ်သည်။ နောက်ဆုံးတော့ သူမကို ပေးဆပ်နေရတာကိုက သူ့ရဲ့မဟာချစ်ခြင်းတစ်ခုပဲ ဖြစ်တော့သည်။

○ ❦ ○





❋ ၉ ❋

"အမယ်လေး ... ကျေးဇူးရှင်။ ပေါ်လာသေးတယ်နော်။ ငါ့မှာတော့ နင်ပဲ ထိပ်ပေါက် ခေါင်းကွဲပြီး ရောက်လာမလား၊ မောင်ဘဒ္ဒါပဲ ငါ့ကို ဘယ်နေ့ လာဆဲမလဲ၊ တထိတ်ထိတ်နဲ့ စောင့်နေရတာ ...

ဟင်း ... သတင်းမကြား ဘာမကြားနဲ့ တော်တော် အိုးစကေနေရှာယ်ပေါ့လေ"

ထင်တဲ့အတိုင်းပဲ ဖြစ်သည်။ မရောက်တာကြာပြီဖြစ်သော မကြီးသန်းရဲ့ အလှပြင်ဆိုင်သို့ ရောက်သွားတာနှင့် မကြီးသန်းရဲ့ အော်ဟစ်သံကို စတင်ကြားရတော့သည်။ သူက မကြီးသန်း အကြိုက် စပါယ်ရှယ်လုပ်လာသော ဘဲကင်ကို အားပါးတရ ကိုင်ပြကာ ဟဲခနဲ မျက်နှာချိုသွေးရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မအိုကေသေးပါဘူး မကြီးသန်းရယ်။ ကိုယ့်အစ်မကြီးကို အမြဲတမ်းပဲ သတိရနေတာပါ ...

ကျွန်တော့် off က ဒီနေ့မှလေ၊ အဲဒါကြောင့် မကြီးသန်းဆီ အပြေးလေး လာရတာ"

"ဟွန်း ... ပြောလိုက်ရင်တော့ ဆင်ခြေ အပြည့်ပဲ။ ဖုန်းကလည်း အမြဲ စက်ပိတ်ထားတော့ ဘယ်ကို ဆက်သွယ်ရမှန်းကို မသိဘူး၊ဖုန်းက ဘာကြောင့် ဆယ့်နှစ်ရာသီ ပိတ်ထားရတာလဲ"

"ခြော် ... သူများအိမ်မှာ ထမင်းချက် သွားလုပ်တဲ့သူက ဟန်းဒ်ဖုန်းကြီး တကားကားနဲ့ဆိုရင် ဘယ်ကြည့်ကောင်းပါ့မလဲ ...

ဒါကြောင့် ဖုန်းကို တမင်စက်ပိတ်ထားတာ။ ဆက်စရာရှိမှပဲ ဖွင့်ဆက်တာ"

"ဟွန်း ... အကြောင်းပြချက်ကတော့ ဟုတ်နေတာပဲ ကဲ ... ဘယ်လိုလဲ ? အခြေအနေက ဘာထူးခြားလဲ"

"ဘာထူးခြားရမှာလဲ။ ခုလောလောဆယ်မှာတော့ ဘာမှ မထူးခြားဘူးပေါ့။ အဲဒီ မောင့်ဘဒ္ဒါက တော်တော်အကြော မာတာပဲနော် ...





တစ်နေကုန်နေလို့ တစ်ခါပြုံးတာတောင် မမြင်ဖူးဘူး။ သူ့အဒေါ်ကတော့ သဘောကောင်းပါတယ်"

"ဟုတ်တယ်ဟေ့။ မသိရင်တော့ ဘဒ္ဒါရဲ့စတိုင်လ်က တစ်လောကလုံးကို သူ ရာကျွေးနေရတဲ့ အတိုင်းပဲ ...

နေပါဦး မင်းနန္ဒာရယ်။ နင့်ကို ငါ မေးစမ်းပါရစေဦး။ နင် သူ့ကို တကယ်ချစ်တယ်ဆိုရင် ဒီလိုပုံစံကြီးနဲ့ ရှေ့ဆက် ဘယ်လိုစခန်းသွားမလဲဟဲ့"

"ဟား ဟား ... သူ ဒါကိုပဲ သိပ်သိချင်နေတယ်။ ကဲပါ ဒီလောက် သိချင်နေတော့လည်း ပြောပြရတာပေါ့။ ကျွန်တော် သူ့ကို လေ့လာခန့်မှန်း ကြည့်ရသလောက်ကတော့ သူက စိတ်ဒဏ်ရာရနေတဲ့ သဘောပဲဗျ ...

လက်ရှိဘဝကို စိတ်ကုန်နေတာ၊ စိတ်ပျက်နေတာ မဟုတ်ဘဲ စိတ်မှာ ဒဏ်ရာရနေတဲ့ သဘောပဲ။ ဒဏ်ရာ ဆိုတဲ့အတိုင်း အဲဒါကို ပျောက်အောင်ကုစားဖို့က အချိန်တစ်ခု လိုတယ်။ ဆေးဝါးလိုတယ် ...

ကျွန်တော်က သူ့အနားမှာနေပြီး သူ့ဒဏ်ရာတွေကို ပျော့်ရွှင်ခြင်းဆေးဝါးနဲ့ ကုစားပေးချင်တာ။ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်ဖြစ် ဝမ်းနည်းတာပဲဖြစ်ဖြစ် အဲဒီအရာတွေဟာ
ဗိုင်းရပ်စ်လိုပဲ အနားကလူကို ကူးစက်ပျံ့နှံ့တဲ့ သဘော
တယ် ...

ကျွန်တော်က ပျော်ပျော်နေပြီး ဟာသတွေ လျှော
လုပ်ပြတော့ အခု ပထမဆုံး သူ့အဒေါ် အန်တီလေး
တယ်၊ နောက် သူပါ ပျော်လာလိမ့်မယ်။ လူဟာ
ရှင်နေတဲ့အခါမှာ အကောင်းမြင်စိတ်တွေ ရှိလာတယ် ...

လောကကြီးကိုလည်း ကျေနပ်တဲ့စိတ်နဲ့ အကောင်
ဘက်က မြင်တတ်လာမယ်။ အဲဒီအခါကျရင် ကျန်တဲ့အ
တော်တော်များများကို အိုကေအောင် လုပ်လို့ရပါတယ်"

"ဟင်း ... နင့်ဟာနဲ့ နင်နဲ့တော့ ဟုတ်နေတာပဲ။ ပြီးတော့
မှသာ ဘယ်လိုဖြစ်မယ်မှန်း မသိ။ ငါတော့ နင့်အစား
လေးတာပဲ"

"ရင်လေးမှာပေါ့။ မကြီးသန်းက ဆေးထိုးထားတာကိုး"

"ဟဲ့ ... နင် ဘာပြောတာလဲ။ သောက်ကောင်လေး
တော့မှာပဲ"

"ဟုတ်ဖူးလားလို့၊ မသိတာကျနေတာပဲ ... ဟား ဟား ဟား"





"တော်စမ်းပါ၊ ငါ ထိပ်ခေါက်လို့ သေတော့မယ်။ နင်နော်
အပြင်မှာ ပြောင်စပ်စပ် လုပ်နေတာ အရေးမကြီးဘူး ...

ဟိုအိမ်သွားပြီး ဒီလို ပေါက်ကရအချိုးတွေ သွားချိုး
လို့ကတော့ ဝွမ်းမယ်သာမှတ်"

"မဝွမ်းပါဘူး။ တို့များက လန်း ... ဦး ... မှာ ... ဟဲ ဟဲ"

သူ့ရဲ့ ပြောင်စပ်စပ် အခြောက်စတိုင်လ်ကို မကြီး
သန်းက နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"အေး ... လန်းပဲ လန်းမလား။ ဝွမ်းပဲ ဝွမ်းမလားတော့
ကြည့်ရသေးတာပေါ့ဟော့ ...

နင်ကတော့ မနိုင်ဘူးဟော့၊ ဒဂုံပဲ ... ဟွန်း"

"ကျွန်တော်ကတော့ သိပ်စိတ်မပူပါဘူး။ ကျွန်တော်က
သူ့ကို ချစ်တာအပြင် စေတနာတစ်ခုပါ အဆစ်ပါတာဗျ ...

အစစအရာရာ ကောင်းစေချင်တဲ့ စေတနာတစ်ခု
ပေါ့။ အဲဒီစေတနာကြောင့် ကျွန်တော် ဘယ်အရာပဲလာလာ
မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စေတနာသည်
တူသော့အကျိုးပေးဗျ။ အဲဒါကြောင့်"

"အေးပါ ... အေးပါ။ နင့်ဇာတ် နင် နိုင်အောင်က,နိုင်ရင်
ပြီးတာပဲ။ နင့်ကို ချွေခြူးကတောင် မေးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သွားမပြောနဲ့ ... သွားမပြောနဲ့။ သူက ရှော့ပ်ရှိတယ်။ ဘဲကင်လေးမြှုပ်ပြီး ကျေနပ်လိုက်ပါ မကြီးသန်းရယ်။ နောက်တစ်ပတ်ကျရင်လည်း မကြီးသန်းအကြိုက် ကကတစ်ပေါင်းခဲ့မယ် ... နော် "

"မနိုင်ဘူး ... ဒဂုံပဲ ... ဟွန်း"

"ကဲ ... အဲဒါဆိုလည်း ကျွန်တော် လစ်တော့မယ်ဗျာ — တာ့တာ"

သူက မကြီးသန်းကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့သည်။ ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်တာကြောင့် သူက မောင့်ဘဒ္ဒါတို့အိမ်သို့ ညနေဘက် ပြန်ဝင်ရမည်။ ကြားထဲမှာ အချိန်ရသေးသောကြောင့် သူက ပျင်းပျင်းရှိတာနှင့် Shopping Mall ထဲ လျှောက်ပတ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီအတွက် Taxi တစ်စီးကို တားကာ ဒဂုံစင်တာသို့ မောင်းခိုင်းလိုက်သည်။

ဒဂုံစင်တာသို့ ရောက်လျှင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေတုန်းမှာပဲ ရှောင်ချင်သောသူနဲ့ တည့်တည့်ကို တိုးလေသည်။

"ဟိတ်"

"အောင်မယ်လေး ... ပလုတ်တုတ်။ မင်း ဘယ်ပြေးမလဲ မိရွှေသဲ ... ဟဲ ဟဲ"





"အောင်မာ ... သူကများ၊ ငပြူးက ပြိပြိနေသေးတယ်"

"ငါ ပြူးတာ နင်က ဘယ်လိုသိသလဲ"

"တိတ်စမ်း။ နင်ဘယ်ပျောက်နေတာလဲ ပြောစမ်း။ နင့်ဖုန်းကို ဆက်တော့လည်း ဖုန်းက အဲဗားစက်ပိတ်ထားတယ် ... ဘယ်ပျောက်နေတာလဲ။ ဒီလိုတော့ ရှော်ထားလို့ မရဘူးနော်။ လာခဲ့ ... J'donuts ထဲသွားပြီး စာရင်းရှင်းမယ်"

"အေးဆေးပေါ့ဟ။ နင်က ဘယ်လာတာလဲ။ မတွေ့တာကြာလို့လား မသိဘူးနော်။ ရွှေခြူးမ ... နင် ပိုရုပ်ဆိုးလာသလိုပဲ"

"သေဦးမယ် ... လာခဲ့ ... လာခဲ့။ နင့်ကို တွေ့တုန်း ညှပ်ဦးဆဲရမယ်၊ ဟော့ကောင်တွေ ဒကာတွေ့ပြီ ချီတက် Go to J'donuts "

ရွှေခြူးက သူ့လက်မောင်းကိုဆွဲကာ ခေါ်သွားသဖြင့် သူမှာ ယက်ကန် ယက်ကန်နှင့် ပါသွားရသည်။ သာလီကာမ ...စုနှင့် ဂျေဒိုးနတ်ဆိုင်ထဲမှာ ကြွက်ကြွက်ညံသည့် ဒုက္ခကို ခံရ...သည်။ ဟိုဟာသွားယူ၊ ဒီဟာသွားယူနှင့် စုံအောင်ယူပြီးမှ ...လား ဆေးလား လုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောစမ်းပါဦး။ နင်က ဘယ်တွေ ပျောက်နေတာ
လဲ"

"ဘယ်သူမှ မပျောက်ဘူး။ ပူလို့ အပြင်မထွက်တာ။ နင်
တို့ကရော ဒီကို ဘာလာလုပ်တာလဲ"

"ဒီမှာ ရှုတင်ရှိတယ်ဟဲ့။ အခု ခဏနားတုန်း အအေးသွား
သောက်မယ်ဆိုပြီး ထွက်လာတာ။ နင် ကံဆိုးချင်တော့
နင့်ကို တွေ့တာပဲလေ ... ဟဲ ဟဲ"

"ရပါတယ်၊ ဒီသောက်ကတော့ အသေးအဖွဲ့ပါ။ စားကြ
သောက်ကြ မျိုကြ ဆို့ကြ ... ဟဲ ဟဲ"

"အောင်မာ ... ဒါက ကြုံလို့ဆွဲတာနော်"

"သြော် ... မကြုံရင် မဆွဲဘူးပေါ့။ တကူးတကဆို မဆွဲ
ချင်ဘူးပေါ့"

"တိတ်စမ်း ... နင်ဟာလေ စကားပြောရင် အနှောင့်
အသွား မလွတ်နဲ့"

"ဟဲ့ ... တော်ကပြောလို့ ကျုပ်က ပြောရတာလေ။ ဒီ
စကားကို တော်က စပြောတာပါနော်။ တော်ပဲ ကြုံလို့ဆွဲတာ
လို့ စပြောတာလေ ... ဟင်း"





အဲဒီစကားတို့ကို သူက လက်ဖဝါးနှစ်ဖက်ရိုက်ပြီး
အခြောက်ပုံစံဖြင့် ခါးတွေ ဘာတွေပါ ထောက်ကာ အရွှန်းဖောက်
လိုက်လျှင် ရွှေမြူးတို့ တစ်အုပ်စုလုံးက တဝါးဝါး တဟားဟား
ဖြင့် ပွဲကျသွားကြသည်။ သူကလည်း သူပဲဖြစ်သည်။ လူကြား
သူကြားထဲတွေ ဘာတွေ သိပ်နားမလည်ချေ။ သူ စိတ်ကူးပေါ်လာ
လျှင် ပေါ်လာသလို ဘာပဲဖြစ်ဖြစ် ပေါပြလိုက်တာပဲ ဖြစ်တော့သည်။

"ဟုတ်ပါတယ်။ သမီးတို့က စပြောတာ ဟုတ်ပေမယ့်
အဲလိုကြီးတော့ မပြောနဲ့ပေါ့လို့။ နန္ဒာက သိပ်စိမ်းတာကိုး။
ဘာလဲ အသစ်တွေ့နေတာလား ... ပြောစမ်း"

"တွေ့စရာလား ... ဟင် ... တွေ့စရာလား ပြောစမ်းပါဦး"

"သိဘူးလေ။ အဆင်လေးတွေများ တွေ့နေပြီလားလို့"

"တိတ်စမ်း။ များတို့က အဆင်လေးတွေ မကြိုက်ဘူး။
အကိတ်ကြီးတွေမှ ကြိုက်တာ"

"ဖြွယ် ... အကိတ်ကြီး ဆိုပါလား။ အဟီး ... ဟီး
အကိတ်ကြီးဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

"အကိတ်ကြီး ဆိုတာလား။ အကိတ်ကြီးဆိုတာက ...
ဟင် ?"



www.burmeseclassic.com

www.burmeseclassic.com



သူက အားရပါးရဟန်ဖြင့် ပြောတော့မည် လုပ်ပြီးမှ ဟင်ခနဲ ဖြစ်သွားရသည်။ အကြောင်းမှာ သူ့ကို ရှုးရဲသော မျက်ဝန်းတစ်စုံက လှမ်းပြီးအကဲခတ်နေသောကြောင့် ဖြစ်လေသည်။ သူ လုံးဝမျှော်လင့်မထားသော မောင့်ဘဒ္ဒါသည် ကောင်တာနားမှာရပ်ကာ သူ့ကို လှမ်းကြည့်နေသည်။ သူက အဲခနဲဖြစ်သွားကာ ဆံပင်မွေးတွေ ထောင်သွားသလို ဖီလင်ကို ခံစားပြီးမှ ရှုးချင်ယောင်ဆောင်ပြီး ဟဲခနဲ သွားဖြဲပြ၊ လက်တစ်ဖက်ကိုထောင်ကာ နှုတ်ဆက်လိုက်ရသည်။

သူမက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ကာ တစ်ဖက်သို့ ပြန်လှည့်သွားလေသည်။ သူမ သူ့ကို ဘယ်အချိန်တည်းကများ စတွေ့နေခဲ့တာပါလိမ့်။ ဖြစ်နိုင်တာကတော့ သူတို့ ထိုင်ပြီးတော့မှပဲ ဖြစ်နိုင်ပါလိမ့်မည်။ သူတို့ ကောင်တာမှာ မုန့်တွေ၊ အအေးတွေ သွားဝယ်တော့ကို သူမ မရောက်သေးချေ။ သူက သူမကို သွားနှုတ်ဆက်ကောင်းနိုး မကောင်းနိုး စဉ်းစားနေတုန်းမှာပဲ သူမက ပါဆယ်ဝယ်ထားသော အထုပ်တွေကိုဆွဲကာ ပြန်ထွက်သွားသည်။

"ဟဲ့ ... ပြောလေ။ ဘယ်လိုဖြစ်တာလဲ အကိတ်ကြီးဆိုတာ ဘာပြောတာလဲလို့"





"အကိတ်ကြီးဆိုတာလား။ နင့်အဖေလို ဟာမျိုးတွေကို ပြောတာ"

"ဟွန့် ... မိုက်ရိုင်းတယ်။ နင်နော် ငါတို့ကို အခြောက်အိုက်တင် လုပ်လုပ်ပြရင်းနဲ့ တကယ်ပဲ အခြောက်စိတ်ဝင်သွားပြီလား"

"ဝင်လာသလိုလိုပဲ။ နောက်ဆို မကြီးသန်းဆီမှာ တပည့်ခံတော့မလို့ စဉ်းစားနေတာ"

"ကောင်းတယ် ... ခံလိုက်။ ပြီးရင် ငါ့နောက်ကို လိုက်ပေးပေါ့"

"ဟွန်း ... များတို့က ဒီလို ရုပ်ပါမဟုတ်တဲ့ ခပ်ပေါပေါ မင်းသမီးတွေနောက် မလိုက်ပေါင်"

"အောင်မာ ... မိုက်ရိုင်းလိုက်တာ။ ဟဲ့ ... အခုနကစကား ဆက်ပြောရဦးမယ်။ ဒီ ဂျဒိုးနတ်က ကြံ့ဆွဲလို့ ပြောပြီးသားနော် ...

ငါတို့ကို ဆိုင်ကောင်းကောင်းမှာ လိုက်ကျွေးရဦးမယ်"

"ဟုတ်ပါ၊ နင်က ငါ့ကို ဘယ်နှပြားဖိုး ရှာပေးထားတာမှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဟာ သိပ်ရယ်စရာ မဟုတ်ပါဘဲနှင့် ကောင်မလေးတစ်သိုက်က ဝါးခနဲ ရယ်ကြပြန်သည်။ အခုနကလေးတင် ဒီဆိုင်ထဲမှာ မောင့်ကို တွေ့ခဲ့ရသည့်အတွက် နောက်ကျော သိပ်မလုံချင်တော့ပေ။ ဒါကြောင့် မစ်ခ်ရှိတ်ကို မြန်မြန်မော့သော က ထိုင်ရာမှထပြီး နှုတ်ဆက်သည်။

"ကဲ ... ရွှေခြူးမ။ ငါ ကိစ္စရှိသေးလို့ လစ်တော့မယ် တာ့တာ"

"ဟဲ့ ... နေဦးလေ။ ငါတို့ကို ဘယ်နေ့ကျွေးမှာလဲ ပြောခဲ့ဦး"

သူက လှည့်ကိုမကြည့်တော့ဘဲ လစ်ထွက်လာ သည်။ အဲဒီနောက် သူ ဝယ်နေကျ အံကျီဆိုင်မှာ ချည်အပြေ သား အပွင့်အခက်လေးတွေပါသော အဆင်သုံးထည်ကို ရွေးချယ် ဝယ်ယူကာ အိမ်သို့ပြန်လာခဲ့လေသည်။ သူ အိမ်ပြန်ရောက်ချ အထိ သူမက ပြန်မရောက်သေးချေ။ ညနေစောင်းပိုင်းကျမှ ပြ ရောက်လာသည်။

သူက ထုံးစံအတိုင်းပင် သူမရှိရာသို့ အပြေး စတိုင်လ်လေးဖြင့် မှုန့်နှံ့ပြေးသွားကာ သူမ လွယ်ထားသေ အိတ်ကို လွဲပြောင်းယူဖို့ရာ ဟန်ပြင်သည်။





"မောင် ပြန်လာပြီ။ အပြင်က ဘာတွေစားခဲ့လဲ။ သံပရာ ရည် သောက်မလားဟင်"

သူမက အိတ်ကိုမပေးဘဲ လက်နဲ့အသာဖယ်ကာ ...

"မသောက်ဘူး။ ဒါနဲ့ နေပါဦး။ ရှင့်ကို ဒဂုံစင်တာမှာ တွေ့လိုက်တယ်"

"ဟုတ်တယ်လေ။ မောင့်ကိုတောင် တို့က လက်ပြသေးတာ ပဲ၊ မောင် မုန့်တွေ ဝယ်သွားတယ် မဟုတ်လား။ ဘယ် မှာလဲ မပါဘူးလား"

"မပါဘူး။ နေစမ်းပါဦး ရှင်က အခြောက်သာပြောပေမယ့် ထိုင်နေတော့ အလှပဆေး မိန်းကလေးတွေနဲ့ပါလား ...

ဘာလဲ ရှင်က နှစ်ဖက်ချွန်လား"

"မဟုတ်ပါဘူး။ တစ်ဖက်တည်း ချွန်တာပါ"

"ဘာရယ်"

သူက လက်ညှိုးလေးထောင်ကာ လှည့်ပြလိုက်သေး တာမို့ သူမက မျက်ဝန်းတွေ မီးတောက်သွားကာ သူ့ကို လှည့် အော်သည်။ ဒီတော့လည်း သူက ချက်ချင်းပင် ရှုံးချင်ယောင် ဆောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ။ နှစ်ဖက်ချွန်တာလား မေးလို့ နှစ်ဖက်ချွန်တာ မဟုတ်ဘူး။ တစ်ဖက်တည်း ချွန်တာပါလို့ ပြောတာပါ မောင့်ကလည်း။ စိတ်ကြီးပဲ ဒဂုံပဲ"

"နေပါဦး ... တစ်ဖက်တည်း ချွန်တယ် ဆိုတာကရော ဘာအဓိပ္ပာယ်လဲ"

သူမကတော့ ညစ်ပြီ။ သူ့ကို တမင်သက်သက် ချောင်ပိတ်မေးတာ ဖြစ်သည်။ သူကလည်း ဒါမျိုးဆို အလျှော့ မပေးတတ်သူပီပီ ညစ်ကျယ်ကျယ် မျက်နှာပေးဖြင့် ပြန်မေးသည်။

"နှစ်ဖက်ချွန်တယ် ဆိုတာကို မောင့်သိရင် တစ်ဖက်တည်း ချွန်တယ် ဆိုတာလည်း သိမှာပေါ့။ ဘာဖြစ်လို့ လာမေးနေရတာလဲဟင်"

"ကြည့်စမ်း ... ရှင် ဒါ ဘာစကားပြောတာလဲ"

"ဘာစကားမှ ပြောတာ မဟုတ်ပါဘူး။ မောင့်က စပြော လို့ တို့က ပြောရတာပါ။ မောင့်ပြောလို့ တို့က ပြောတာ ဟင်း ... ဟင်း"

သူ့ရဲ့အခြေကြီးကြီး အခြောက်စတိုင်လ်ကို သူမ အမြင်ကတ်ဟန်ဖြင့် တစ်ချက်စိုက်ကြည့်ပြီးမှ နှုတ်ခမ်းကို တင်းစေ့ကာ ချာခနဲ လှည့်ထွက်သွားသည်။ အဲဒါက တကယ့် တကယ်တမ်းမှာ သူနဲ့ရင်ဆိုင်ပြီး မပြောရဲသော အချိုးအချိတ်မို့ သူက ဟက်ခနဲ ရယ်မိကာ ပြောနေကျ ပုံစံအတိုင်း ပါးစပ်က လွှတ်ခနဲ ယောင်ထွက်သွားမိသည်။

"ဟင်း ... ဖားတုလို့ ခရုခုန် ဖင်ကျိုးရုံပဲ ရှိမပေါ့ မမြဝင်းရယ်"

အဲဒီစကားကြောင့် သူမက ချာခနဲ ပြန်လှည့်ထွက်လာသည်။ အသေခံတိုက်ခိုက်တော့မည့် အာဖဂန်က တာလီဘန် စစ်သွေးကြွတွေ၏ မျက်ခွက်မျိုးမို့ သူက နည်းနည်းတော့ ကျောချမ်းသွားရသည်။ သူမက သူနဲ့တည့်တည့်မှာ လာရပ်သည်။ လည်ထောင်ကိုယ်ကျပ် ခရမ်းရောင်လက်ပြတ်အင်္ကျီဟာ အကျပ် ဖြစ်ပြီး Wacoal ဘရာစီယာ၏ စွမ်းပကားကြောင့် မို့မောက်နေ သော ရွှေရင်အစုံသည် သူ့ရင်ဘတ်နဲ့ တည့်တည့်တိုးမိတော့မို့ နည်းနည်းသာ လိုတော့မည်။ သူမကတော့ သူ့ကို အခြောက်အစစ် ထင်နေ၍ အံ့မစားသော်ငြား သူကတော့ အာခေါင်တွေ ခြောက် သွေ့ကာ ရင်တွေ ဝုန်းဒိုင်းကြဲ ခုန်လာရသည်။ သူမရဲ့မျက်နှာက သူ့မျက်နှာနားသို့ကပ်ကာ တဖြည်းဖြည်းနဲ့ ရွေ့တိုးလာလေလေ သူက နောက်သို့ ဆုတ်သွားလေလေဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



“အခြောက်အစုတ်ပလုတ် ... ရှင် ဘာစကားပြောတာလဲ”

သူမက သွားကြားထဲက လေထွက်လာသော အသံဖြင့် သူ့ကို အံကြိတ်ကာ မေးသည်။ သူမက တဖြည်းဖြည်းရှေ့သို့ တိုးကပ်လာသောကြောင့် သူ့ရင်ဘတ်သို့ လာတိုးသော အထိအတွေ့သည် သူ့နှလုံးသားကို ပရမ်းပတာ ဖြစ်စေသည်။ ရင်ခုန်လွန်းသောကြောင့် စကားတွေ ထစ်တာကို သူမကတော့ ကြောက်ရှာလွန်းသဖြင့် ထစ်သည်ဟု ထင်လိမ့်မည်။

“ဘ ... ဘ ... ဘာ စကားမှ မပြောပါဘူး”

သူမက သူ့ကို အကယ်ဒမီအိုက်တင်ဖြင့် မျက်ဝန်းတွေ မှေးစင်းကြည့်ကာ နောက်ဆုံးတော့မှ သူ့နဖူးကို လက်ညှိုးနှင့် ဆောင့်တွန်းထုတ်ကာ မဲ့ရွဲ့ပြီး ပြောသည်။

“သေ ... သွား ... မယ်”

သူမက အားမာန်အပြည့်ဖြင့် တစ်လုံးချင်း ဖျစ်ညှစ်နှစ်နှစ်ပြောကာ ချာခနဲ ပြန်လှည့်ထွက်သွားသည်။ ဒီတစ်ခါတော့ သူက ဘာသံမှ ထပ်မထွက်တော့ပါ။ ရင်ခုန်ရလွန်းသဖြင့် အသံ မတန် ပေါက်ထွက်တော့မည့် သူ့ရင်ဘတ်ကိုဖိကာ ဖုတ်လိုက် ဖုတ်လိုက်ဖြင့် ကျန်ရစ်ခဲ့သည်။





ဘယ်လိုပဲ တည်တည်တင်းတင်း၊ ဒီကလေးမလေးတာ ရင်ခုန်လိုက်မောဖွယ် ကောင်းပြီး၊ ချစ်ဖို့ကောင်းတာကို ဘယ်လိုမှ မငြင်းနိုင်ပါ။ သူကလည်း ကြာလာလေလေ ပိုချစ်လေလေပဲ ဖြစ်သည်။

ဒီပုံအတိုင်း ဆိုရင်တော့ နေမြင့်လေ အရှူးရင့်လေသာ ဖြစ်တော့မည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီနေ့ဟာ မောင့်ရဲ့အားလပ်ရက် ဖြစ်သည်။ တကယ် ဆိုရင်တော့ နာမည်ရဖက်ရှင်ဒီဇိုင်နာတစ်ဦး၊ ဖက်ရှင်ဆိုင်ခွဲပေါင်း သုံးဆိုင်နှင့် အထည်ချုပ်စက်ရုံတစ်ခုတို့ကို ဦးစီးလုပ်ကိုင်နေသော မောင့်အတွက် တစ်ပတ်မှာ ရှစ်ရက်ပေးလျှင်တောင် အချိန်မလောက်ချေ။ ဒါပေမဲ့လည်း ငွေရဲ့ကျေးကျွန်၊ အလုပ်ရဲ့ကျေးကျွန် မဖြစ်လိုသော မောင့်သည် တနင်္ဂနွေတစ်ရက်ကိုတော့ အားလပ် ရက်အဖြစ် တိတိကျကျ သတ်မှတ်ကာ ဘာအလုပ်မှကို မလုပ် ချေ။

အိပ်ရေးဝအောင် အိပ်သည်။ စားဖိုမှူးကောင်းကောင်း ရှိနေသဖြင့် အစားကောင်းကောင်း စားသည်။ စာဖတ်သည်။ TV ကြည့်သည်။ အန်တီလေးနှင့် စကားစမြည်ပြောသည်။ ခြံ





ထဲ အပင်တွေကို စိတ်လိုလက်ရ ပေါင်းသင်းသည်။ သစ်ခွတွေကို ရေဖျန်းပေးသည်။ စသဖြင့် ဘာအလုပ်အကြောင်းမှ မစဉ်းစား။ လက်ကိုင်ဖုန်းတောင် ပိတ်ထားတာဖြစ်သည်။ အခုလည်း တစ်နေကုန် အိမ်ထဲအောင်းကာ အမျိုးမျိုး ဓိမ်ခံအနားယူပြီးတော့မှ ညှောင်းလာသဖြင့် ခြံထဲဆင်းလာခဲ့သည်။

မောင့်သည် ထူးခြားလှပ ဆန်းပြားသော မျိုးစပ်ရွက်လှပန်းအိုးကို မြင်သောအခါမှ အဲဒီရွှက်လှကို အိုးခွဲပေးဖို့ တောင်းဆိုထားသော စိန်ကုန်သည် အန်တီဝင်းကို သတိရသွားကာ မျိုးပွားပေးဖို့ စိတ်ကူးလိုက်သည်။ အဲဒီနောက် အိုးအသေးလေးတစ်လုံးရယ် လိုအပ်သော ပစ္စည်းတွေရယ်ကိုယူကာ အိုးခွဲဆးနေတုန်းပဲ မောင့်ရဲ့နောက်နားမှာ ခြောက်တောက်တောက်အသံတစ်ခုက ထွက်လာသည်။

“မောင် ဘာတွေလုပ်နေလဲ”

သူမေးတဲ့လေသံက အရင်ခေတ် တစ်ခါဆီက ညီမလေး ဘာတွေလုပ်နေလဲ ဟူသည့် ခပ်ပိုပို ခပ်ချွဲချွဲလေသံမျိုး ဖြစ်သည်။ မောင့်က လှည့်ပင်မကြည့်ဘဲ ထုံးစံအတိုင်း ခပ်ပြတ်ပြတ်သာ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့အတိုင်းပဲ"

"ဩော် … မြင်တာတော့ မြင်နေရတာပေါ့။ ဟိုတွေး ဒီတွေး ဟိုထိုး ဒီထိုး၊ ဟိုနိူက် ဒီနိူက်၊ ဟို … အဲ … အဟင်း"

သူ ပြောနေတုန်းမှာပဲ မောင့်က ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် ဆက်ပြောတော့မည့် အခြောက်မှာ ဆက်မပြောနိုင်တော့ဘဲ အဲခနဲ အင်းခနဲ ဖြစ်သွားသည်။ မောင့်က သူ့ကို ခပ်တည်တည်နှင့် ခပ်တင်းတင်းကြည့်ကာ …

"ဒီမှာ ရှင် သိပ်အားယားနေလား … ဟမ် ? … ရှင့် အလုပ် မရှိတော့ဘူးလား"

"ဟို … အားတော့ အားသွားပြီ။ ယားတာတော့ မယားပါဘူး။ ဘာခိုင်းချင်လို့လဲဟင်။ နန္ဒာ … ဘာလုပ်ပေးရမလဲ"

"ရှင် လုပ်ပေးချင်တယ် ဆိုရင်တော့ ကျွန်မ အနားက အမြန်ဆုံး ထွက်သွားဖို့ပဲ"

"ဟင် … သွားချင်ပါဘူး။ မောင့်နဲ့ မခွဲနိုင်လို့တောင် တနင်္ဂနွေတစ်ရက်ပါ အိမ်မပြန်"

"ဘာ"

"ဟယ် … သိပ်အော်တာပဲ။ နားကောင်းပါတယ်။ ဘာလို့ အဲလောက် အော်နေရတာလဲ၊ မနိုင်ဘူး ဒဂုံပဲ"





"ကျွတ် … ရှင် ပြောလေ ဆိုးလေပါလား။ ဒီမှာ ကျွန်မ အေးအေးဆေးဆေး အနားယူနေတာနော်။ လာမနှောင့်ယှက်နဲ့"

"နှောင့်ယှက်တာ မဟုတ်ပါဘူး မောင့်ရယ်။ မောင့်ကလေ သိပ်စိမ်းတာပဲ။ တို့ကတော့ မောင့်ကို ချစ်လည်း ချစ်တယ်။ အထင်လည်း ကြီးတယ် …

ဒါကြောင့် မောင့်နဲ့ စကားတွေလည်း ပြောချင်တယ်။ မောင့် ဒီလိုကြီး အမကျန် ဖြစ်နေတာကိုလည်း မကြည့်ရက်ပါဘူး"

"အောင်မာ … အောင်မာ … သေဦးမယ်။ ဘာအမကျန်တာလဲ"

"ဩော် … ဟုတ်တယ်လေ။ မောင့်က အထီးမှမဟုတ်တာ။ အဲဒီတော့ အထီးကျန် မဟုတ်တော့ဘူး။ အမကျန်တာပေါ့ …

မောင့်ကို အဲဒီလိုကြီး မှုန်ကုပ်ရှုပ်မကြီး မဖြစ်စေချင်ပါဘူး မောင့်ရယ်။ Sweet ဖြစ်တဲ့ မျက်နှာလေးနဲ့ အမြဲတမ်း ပြုံးနေတာပဲ မြင်ချင်တယ် …



www.burmeseclassic.com

www.burmeseclassic.com



Smile is money ဆိုတာ မင်းသား မင်းသမီးတွေ ကိုမှ ပြောတာမဟုတ်ပါဘူး။ မောင့် ပြုံးနေရင် ဒီ့ထက်ပိုလှပြီး လူချစ်လူခင်တောင် ဒီ့ထက်ပေါဦးမှာ"

မောင့်က မိကျောင်းမင်း ရေကင်းပြနေသော အခြောက်ကို မဲ့ပြုံးတစ်ချက်ဖြင့် ခနိုးခနဲ့ ပြုံးစိုက်ကြည့်ပြီးမှ —

"ဒီမှာ ... ဆရာကြီး လာလုပ်မနေနဲ့။ ကျွန်မ နေတတ်သလို ကျွန်မနေတာ၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး"

"အဲဒါက မောင့်ဘက်က မဆိုင်တာလေ။ တို့ဘက်ကတော့ ဆိုင်တယ်၊ ဟဲ ဟဲ ဟဲ"

မောင့်က ရှူးတူးပေါတောပုံစံဖြင့် ပြောနေသော အခြောက်ကို စိတ်ကုန်သလို တစ်ချက်ကြည့်ကာ ဘာမှဆက်မပြော တော့ချေ။ ဘယ်လိုအခြောက်မှန်းလဲ မသိ။ လူမှုရေးလည်း နား လည်ပုံမရပါ။ မောင့်သဘော မောင့်ဆန္ဒ အရဆိုလျှင် ပစ်ပစ်ခါခါ ပြောပစ်ချင်လှသော်လည်း ပစ်ရမှာက အဆိန့်တဝင်းဝင်း ဖြစ်နေ သည်။ ဒီအခြောက်ဟာ အစားအသောက် ချက်ပြုတ်သည့်နေရာ မှာ မက်လောက်စရာ တော်သည်။ မောင့်ရော အန်တီလေးရော ဘာမှ လှည့်ကြည့်စရာမလိုချေ။ အချိန်တန်လျှင် စားကောင်း သောက်ဖွယ်တွေက ကိုယ့်ရှေ့မှောက်သို့ အဆင်သင့် ရောက်လာ





သည်။ သူ့ကြည့်ရတာလည်း အခြောက်ဝသီ အရသာ စကားများ ဆောင်ဖွာ ဟောင်ဖွာ နေတတ်တာကလွဲလို့ တခြားအကျင့်စာရိတ္တ ကတော့ ဘာမှပြောစရာမရှိ။

သူနဲ့ မျိုးနွယ်တူ တခြားမိန်းမလျာတွေ အိမ်လာ သည်တာတို့ အပြင်ခဏ ခဏ ထွက်တာတို့ မရှိတာကလည်း တစ်မျိုး စိတ်ကျေနပ်ရသည်။

ဒါကြောင့် ဒီလိုစကားများသောဒဏ်ကိုတော့ မောင့် မှာ မချစ်သော်လည်း အောင့်ကာမနမ်း၊ ဘုဘောက်ပြန်ပြောခြင်း နည်းသာ ခံရလေ၏။ ဒါပေမဲ့လည်း ဒီအခြောက်ဟာ ဘယ်လောက် ပြောပြော အမှတ်သည်းခြေလည်း ရှိပုံမပေါ်ပါ။

"မောင့် ဘာတွေ စဉ်းစားနေတာလဲ"

"မင်းနဲ့မှာ ... ရှင်ဟာလေ အခြောက်ထဲမှာ တော်တော့်ကို စကားများတဲ့ အခြောက်ပဲ ဖြစ်ရမယ်"

မောင့်စကားကို သူက ဟက်ဟက်ပက်ပက် ရယ်မော သည်။ တကယ့်ကို သဘောတကျပုံစံမျိုးမို့ မောင့်က ပြုံးမဲ့မဲ့ဖြင့် လှည့်ပတ်ကြည့်ကာ လုပ်လက်စအလုပ်ကို ဆက်လုပ်သည်။

"မောင့် ... ရှင်က အပျိုကြီး လုပ်မှာလား။ ယောကျာ်းယူ ဖို့ မစဉ်းစားတော့ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်က ဘာမှပြန်မဖြေမိချေ။ စိတ်တိုမှန်း သိအောင် လို့ လက်ထဲက ခက်ရင်းကို ချွမ်ခနဲမြည်အောင် ပစ်ချလိုက်သည်။ ဒီတော့မှ သူ့အသံက တစ်မျိုးပြောင်းပြီး ထွက်လာသည်။

"ဟို ... ယောက်ျားယူတာက နည်းနည်းစောပါသေးတယ်။ ရည်းစား ... ! ရည်းစား မထားတော့ဘူလားဟင်၊ ချစ်သူပေါ့"

"အဲဒါ ရှင် စိတ်ဝင်စားရမယ့်ကိစ္စ မဟုတ်ပါဘူး"

"အာ ... ဘယ့်နှယ် ပြောလိုက်တာပါလိမ့်။ စိတ်ဝင်စား တာပေါ့၊ သိပ်စိတ်ဝင်စားတာပေါ့ ...

မောင့်ရယ် ... သစ်ပင်တွေမှာ အမြစ်ရှိသလို လူတွေ မှာလည်း အချစ်ရှိတယ်လေ။ အချစ်မရှိရင် ဘဝက မ ပြည့်ဘူး။ တစ်ခုခုတော့ လိုနေတယ်။ အချစ်ရှိမှ စိုပြည်တာ အချစ်ရှိမှ ဘဝကြီးက အဓိပ္ပာယ်ရှိတာ။ တို့ကတော့ အချစ်မရှိဘဲနဲ့ မနေနိုင်ပေါင်"

မောင့်သည် ခြေဗ္ဗာန်လက်ဟန်အပြည့်ဖြင့် ပြော သော မင်းနန္ဒာကိုကြည့်ကာ လှစ်ခနဲ ပြုံးမိသွားသည်။ အရမ်းစိ ကုန် စိတ်ပျက်လျှင်လည်း လူဟာ စိတ်ပျက်လက်ပျက်ဖြင့် ပြ မိသလားလို့ပင်။ တစ်ခါတလေမှာ ကိုယ် သဘောမကျသူ





ဆမယ့် စိတ်ပျက်လက်ပျက်နဲ့ကို စကားပြန်ပြောချင်စိတ် ဖြစ်လာ ဘာလည်း တချို့ တချို့တွေ ဖြစ်ဖူးပါလိမ့်မည်။

မောင့်က အပြီးသတ်သွားသော အပင်ငယ်လေးကို သချာပြုစုပြီးမှ လက်ဆေးကာ ...

"နေပါဦး၊ ဒါဖြင့်ရင် ရှင့်မှာလည်း အချစ်ရှိတယ်ပေါ့"

"အိုး ... သိပ်ရှိတာပေါ့"

မောင့်က နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ပခုံးကို တွန့်ပြီး ပြုံးလိုက်ရင်းမှ ...

"ဟုတ်ီလား ... ဘယ်သူလဲ"

"မပြောပေါင်၊ သတ်ရင် သတ်လိုက်"

မောင့်က အကဲပိုနေမှာ စိုးသဖြင့် ဆက်မမေးတော့ ဘဲ နှုတ်ဆိတ်နေလိုက်သည်။ အဲဒီတော့ သူ့ထံမှ အသံထပ်ထွက် လာသည်။

"မောင့်မှာ ချစ်သူ မရှိဘူးလား"

"နေစမ်းပါဦး။ ရည်းစားလို့ မသုံးနှုန်းဘဲ ဘာဖြစ်လို့ ချစ်သူလို့ သုံးရတာလဲ။ ရည်းစားနဲ့ ချစ်သူနဲ့က ဘာကွာ လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကွာတာပေါ့။ ရည်းစားဆိုတာ ဆယ်ကျော်သက်အရွယ်မှာ ထားတာ။ ချစ်သူဆိုတာ နှစ်ဆယ်ကျော်အရွယ်မှာထားတာ။ မောင့်အရွယ်က ရည်းစားထားရတော့မယ့် အရွယ်မှ မဟုတ်တာ ...

ချစ်သူတောင် သိပ်မထားသင့်တော့ဘူး။ အိမ်ထောင်ပြုရတော့မယ့်အရွယ် ရောက်နေပြီ"

"အောင်မာ ... လုပ်လိုက်ရ သေတော့မယ်"

မောင်က သူ့ကို လက်သီးနှင့် ချိန်ရွယ်လျှင် သူက စိတ်မဆိုးသည့်အပြင် မောင့်ကို လက်ညှိုးပြန်ထိုးကာ တဟားဟားနှင့် အော်ရယ်လေသည်။

"ဟား ဟား ... မိန်းကလေးတွေများ အသက်နဲ့ပတ်သက်ရင် စတာ နောက်တာတောင် မခံနိုင်ကြဘူးဟေ့ ...

အလကား နောက်တာပါ ဒေါ်မောင့်ဘဒ္ဒါရယ်။ မောင့်လို လုပချောမောပြီး စီးပွားရေးလည်း လုပ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ဟာ အချစ်ဆိုတာကို ပီပီပြင်ပြင် ထိတွေ့ခံစားဖူးသင့်တာပေါ့။ သို့တကာတွေ အောင်မြင် အောင် မလုပ်နိုင်တဲ့ အလုပ်ကိစ္စတွေ၊ စီးပွားရေးကိစ္စတွေ





မှာတောင် အောင်မြင်အောင် လုပ်နိုင်ရဲ့သားနဲ့ အချစ်ကိုကျမှ နောက်ကောက်ကျ ကျန်ရစ်မယ်ဆိုရင် ညံ့ရာကျမသွားပေဘူးလားကွယ် ... ဟင် ? "

"ဘာဆိုင်လဲ၊ အချစ်ဆိုတာ လူတိုင်းတွေ့နိုင်တဲ့အရာပဲ၊ အချစ်ကိုပိုင်ဆိုင်ထားရလို့လည်း အထင်ကြီးစရာ မရှိပါဘူး"

"ဟုတ်ပါတယ်။ အုတ်ခဲသယ် မဆလာဗန်းရွက်တဲ့ ပန်းရန်သမလေးမှာလည်း အချစ်ကို ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးရှိသလို ကျောင်းဆရာမလေးတစ်ယောက်၊ ကုမ္ပဏီဝန်ထမ်းကောင်မလေးတစ်ယောက်လည်း အချစ်ကို ပိုင်ဆိုင်နိုင်ပါတယ် ...

ဒီလိုပဲ သူဌေးသမီး၊ အရာရှိကြီးရဲ့သမီး၊ ဘယ်သူမဆို အချစ်ကို ပိုင်ဆိုင်နိုင်ပါတယ်။ လူတန်းစားမရွေး ပိုင်ဆိုင်နိုင်တဲ့ အချစ်ကို မောင့်ကျမှ လက်လွှတ်ဆုံးရှုံးရမယ်ဆိုရင် မဟုတ်သေးဘူး။ လောကကြီးမှာ လူတွေ ပိုင်ဆိုင်ခွင့်ရှိတဲ့အထဲမှာ အချစ်လည်း ပါတယ် ...

အင်္ဂလိပ်စကားပုံတစ်ခု ရှိတယ်လေ။ ဘုရားသခင်က ဆွေမျိုး၊ မောင်နှမတွေကို ရွေးချယ်ခွင့် ပေးမထားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် တစ်ဘဝလုံး လက်တွဲရမယ့် သူငယ်ချင်း မိတ်ဆွေ ချစ်သူ စတာတွေကိုတော့ ရွေးချယ်ခွင့် ပေးထားတာ ဝမ်း သာစရာ အကောင်းဆုံး ကိစ္စပဲတဲ့"

မောင့်က ထိုစကားတို့ကို ဟန်ကျပန်ကျ ချက်နဲ့ လက်နဲ့ ပြောနေသော မင်းနန္ဒာကို မယုံနိုင်စွာ ငေးမောနေမိသည်။ ပြောရလျှင်တော့ မိန်းမလျှာတွေကို တော်တန်ရုံ အထင်မကြီးတတ် သော မောင့်အတွက် မင်းနန္ဒာရဲ့စကားတွေမှာ အံ့ဩပြီး ထူးဆန် ဖို့ ကောင်းနေသည်။

ပြီးတော့ မောင့် ထင်မထားအောင်လည်း သူ့စကာ တွေက မှတ်သားစရာ ကောင်းနေလေသည်။

"ကိုယ့်အပေါ်မှာ တကယ်ချစ်နိုင်တဲ့၊ ခွင့်လွှတ်သည်းခံနိုင် တဲ့ ချစ်သူမျိုးကို ရှာနိုင်တဲ့ ရွေးနိုင်တဲ့ အခွင့်အရေး လောကကြီးက ကိုယ့်ကို ပေးထားတာပဲ ...

အဲဒါကို ကိုယ်က ပိုင်ပိုင်နိုင်နိုင်ကြီး အသုံးချနိုင်ရ ပေါ့။ တစ်ခါက အသုံးမကျတဲ့ လူတစ်ယောက်အတွက် အချစ်ကို လှည့်မကြည့်တော့ဘူး ဆိုတာကတော့ မဖြစ်သ တဲ့ကိစ္စပဲ မောင့်ရဲ့ ..."





သူကတော့ ပျော်လို့ ပါးလို့။ ကိုယ်ကတော့ ဒါကြီး ကို မပြီးနိုင် မစီးနိုင် ခံစားနေရမယ်ဆိုရင် သင်းက ကိုယ့် ကို သနားနေမှာ၊ ရှင် ခံနိုင်လား မောင့်ဘဒ္ဒါရဲ့"

"နေစမ်းပါဦး။ ရှင်က ဒီအကြောင်းတွေကို ဘယ်လိုလုပ် သိနေရတာလဲ။ ဘယ်က သိနေတာလဲ"

"ဩော် ... မောင့်ဘဒ္ဒါဆိုတာ အခြေသတင်းကြီးတဲ့ ရွှေ မင်းသမီးလေးပဲကွယ်။ ကြားတာပေါ့ ... သိတာပေါ့"

မောင့်က သူ့ကို အမြင်ကတ်သွားသဖြင့် မျက်စောင်း တစ်ချက် ပိတ်ထိုးပစ်လိုက်သည်။ ဒါပေမဲ့ တစ်လက်စတည်း တွေးမိသွားတာက လူတွေရဲ့အမြင်၊ လူတွေရဲ့အပြောမှာ မောင့်က သနားစရာများ ဖြစ်နေသလားလို့ပင်။ မောင့်ကိုယ် မောင့်တော့ သနားစရာဟု မထင်မိချေ။ ယောကျ်ားတွေကို မုန်းတီးလွန်း၍သာ ယောကျ်ားတွေနဲ့ မပတ်သက်ဘဲ နေတာဖြစ်သော်လည်း လူတွေက အဲဒီလို မထင်ဘဲ ဘယ်လိုထင်နေကြသလဲတော့ မသိပါ။

"ဘာလဲ ... ရှင် အဲဒီအကြောင်းတွေကို မကြီးသန်းဆီက ကြားတာ မဟုတ်လား"

"အင်း ... ဒီလိုပါပဲ။ ကြားတာကတော့ အစုံပဲပေါ့ေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ပြောချင်တာ ပြောကြပါစေ။ ကျွန်မကတော့ Don't care ပဲ"

"Don't care ဆို ရည်းစားထားလေ။ ယောက်ျားယူလေ"

"နေစမ်းပါဦး။ ရှင်ကဘာကိစ္စနဲ့ ကျွန်မကို ဖွတ်ပဲ ရည်းစားထား ယောက်ျားယူခိုင်းနေရတာလဲ။ ဟမ် ? ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူး။ မောင့်ကိုယ်စား ဘေးပတ်ဝန်းကျင်က ပြောတဲ့စကားတွေကို မခံနိုင်လို့ပါ ...

မောင့် စဉ်းစားကြည့်လေ။ မောင့်အပေါ်မှာ မကောင်းခဲ့တဲ့ ယောက်ျားက တစ်ယောက်တည်း။ ကျန်တဲ့ယောက်ျားတွေကိုပါ သိမ်ကျုံးပြီး မောင့်က မုန်းနေဖို့မှ မလိုတာ။ မောင့်ပတ်ဝန်းကျင်မှာ သူတို့ချစ်သူတွေ၊ သူတို့မိန်းမတွေကို အင်မတန်ချစ်တဲ့၊ ဂရုစိုက်တဲ့ ယောက်ျားမျိုးတွေလည်း မောင့် တွေ့ဖူးတာပဲ မဟုတ်လား ...

အဲဒါမျိုး ယောက်ျားတစ်ယောက်ကို ပိုင်ပိုင်နိုင်နိုင် လက်ချင်းချိတ်ပြီး ပတ်ဝန်းကျင်က လူတွေရှေ့မှာ မောင့်ကို မော်ချီနေချင်တာ"

"ဘာဆိုင်လဲ။ ကျွန်မက ကျွန်မဟာကျွန်မ တစ်ယောက်တည်း နေချင်လို့ နေနေတာ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"





"နို့ ... ဒါဖြစ်ရင် ဘာဖြစ်လို့ ယောက်ျားတွေကို စိတ်နာနေလဲ။ မုန်းနေလဲ။ ယောက်ျားတွေကို ဂရုမစိုက်ရင် တွဲပြလိုက်စမ်းပါ ...

အခုတော့ လူတွေက မောင့်ဘဒ္ဒါဟာ ယောက်ျားတစ်ယောက်အတွက်နဲ့ ခုထိ နာလန်မထူနိုင်သေးလို့ ထင်နေကြတုန်းပဲလေ ...

အဲဒါကြောင့်"

"အို ... တော်ပြီ။ ဆက်မပြောနဲ့တော့၊ သူတို့ဟာ သူတို့ ဘာပဲထင်ထင် ဂရုမစိုက်ဘူး ...

လူတွေကို ဂရုစိုက်နေရင် ဒီကမ္ဘာမှာ နေစရာနေရာတောင် ရှိမှာမဟုတ်တော့ဘူး"

"ဒါပေမဲ့ လောကမှာ ကိုယ့်ကိုယ်ကိုယ် ညာတာ အဆိုးဆုံးပဲလေ မောင့်ဘဒ္ဒါရဲ့။ မောင့်ရဲ့စိတ်ထဲမှာ ရှိနေတဲ့ မမှန်ကန်တဲ့ အတွေးအခေါ်တွေကို အရင်ဆုံး ဖျောက်ပစ်ရမှာ၊ ပြီးတော့မှ ..."

"တော်ပြီ။ ဆက်မပြောရင် ကောင်းမယ်"

မောင့်က စကားကို ပိတ်ပြီးနောက် နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဒီလို လှည့်ထွက်လာခဲ့တာဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆက်မပြောချင်တာလား၊ အမုန်တရားကို ရင်မဆိုင်ရဲ
လား ဆိုတာကိုတော့ မောင့်ကိုယ်တိုင်ပဲ အသိဆုံးဖြစ်တော့မည်
ဒါပေမဲ့ ဒီအကြောင်းအရာဟာ မောင့် စဉ်းစားရမည့်ကိစ္စဖြစ်သည်
မစဉ်းစားချင်သေးသော်လည်း စဉ်းစားတွေးတောရမည့်ကိစ္စ
တယ်ဆိုတာကိုတော့ ကောင်းကောင်း သဘောပေါက်ထားလို
လေသည်။

○❦○





## ၁၃

"အန်တီလေးရေ … ဟောဒီမှာ စတော်ဘယ်ရီ ချစ်သည်း
ရှင်လေးကို သောက်လိုက်ပါဦး"

သူက အခုဆိုလျှင် ကျင့်သားရနေပြီဖြစ်သော
ခြောက်သံ သြချိုချိုလေးဖြင့် စတော်ဘယ်ရီခွက်လေးကို ဧည့်
ခန်းထဲမှာ စာဖတ်နေသော အန်တီလေးရဲ့အနားသို့ ယူဆောင်လာ
လျှင် အန်တီလေးက ကျေးဇူးတင်သော အပြုံးဖြင့် မော့ကြည့်သည်။
ပြီးတော့ တစ်ငုံယူသောက်ကာ …'

"အရသာရှိလိုက်တာကွယ်၊ ရွှေပုစွန်က အတိုင်းပဲ"

"ကောင်းရမယ်လေ အန်တီလေးရဲ့။ စေတနာတွေ အပြည့်
ပါတော့ ပိုချိုတာပေါ့"

"အင်း … လာထိုင်လေ နန္ဒာရဲ့။ အန်တီလေးနဲ့ စကား
စမြည်လေး ဘာလေး ပြောရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက အကြိုက်ပဲ ဖြစ်သွားကာ အန်တီလေးရဲ့အော က ဆိုဖာမှာ ခွေ့ခနဲ ဝင်ထိုင်လိုက်သည်။ ဟို ခင်ကြီးကျယ်ရှိရင် တော့ ဒီလိုထိုင်ခွင့် မရချေ။ သူမဟာ ကြီးကျယ်တာလား မောက်မာတာလား၊ မရောနှောတတ်တာလား ဘာမှန်းတော့မသိ ဘဲ သူတို့နဲ့ဆိုလျှင် သိပ်ဟက်ဟက်ပက်ပက် စကားပြောချင် မရပါ။ သူ့ကိုဆိုလျှင်တော့ ငယ်နိုင်သဖွယ် ပိတ်,ပိတ်ဟောက်တတ် တာက ဆိုးတော့သည်။

"အင်း ... အန်တီလေးတို့လည်း နန္ဒာရှိနေလို့ ဒီလိုကောင်း ကောင်းမွန်မွန် စားသောက်နေရတာနော် ...

နန္ဒာ မရှိရင်တော့ ဘယ်လိုများ ရှေ့ဆက်စခန်းသွား ကြမလဲ မပြောတတ်ဘူး"

"သြော် ... ဒါများ လွယ်လွယ်လေး။ နန္ဒာ့ကို တစ်သက် လုံး ခေါ်ထားလိုက်ပေါ့ အန်တီလေးရဲ့"

သူက သူ့အထာနှင့်သူပြောတာ ဖြစ်သော်လည်း အန်တီလေးကတော့ သဘောပေါက်ပုံ မပေါ်ပါ။ သူ့စကားကိုပဲ သဘောတကျဖြင့် ပြုံးလျက် ...

"တကယ်လား။ နန္ဒာသာ နေလို့ကတော့ တစ်သက်လုံး ခေါ်ထားတာပေါ့ကွယ်"





"ဟင့် ... နေတော့ နေချင်တာပေါ့လို့။ ဒါပေမဲ့ မောင့်က ထားချင်မှန်းသိ မထားချင်မှန်းသိ"

"မောင့်ကလည်း ထားချင်ပါတယ်။ မောင့်လည်း နန္ဒာ့လက် ရာတွေကို သဘောကျတာပဲဟာ။ သြော် ... မောင့်ဆိုလို့ မနက်ဖြန်တောင် မောင့်ရဲ့မွေးနေ့ပဲ ...

ကြည့်စမ်း ... သူတောင် သတိမရဘူးနဲ့ တူတယ်။ ဘာမှတော့ ပြောသံမကြားဘူး။ ဟင်း ... မောင့်တစ်ယောက် လည်း တစ်နေ့ တစ်နေ့ အလုပ်နဲ့ပဲ အချိန်ကုန်နေတာပဲ။ တော်သေးတာပေါ့၊ ဆန်းဒေးတစ်ရက်လေး နားပေလို့ပဲ"

"မနက်ဖြန် မောင့်ရဲ့ဘတ်ဒေးလား။ ဟား ... အတော်ပဲ၊ ဒါဆိုရင် သူ့ကို ဘတ်ဒေးကိတ် ဖုတ်ပေးရမယ်။ ပြီးတော့ Surprise လုပ်ရမယ် ...

ဒါဆို သူ ဝမ်းသာသွားမှာပဲ။ နေ ... နေ ... အန်တီ လေး၊ သူ မေ့နေရင်လည်း သွားမပြောနဲ့နော် ...

မနက်ဖြန်ကျမှ သူ့ကို Surprise လုပ်မလို့"

"တကယ်လား... ကောင်းတယ် ... ကောင်းတယ်။ အင်း ... နန္ဒာ့ ကြည့်ရတာ မောင့်ကို တော်တော်ခင်ပုံပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်တာကို မဟုတ်ဘူး။ ချစ်တာ ... ချစ်တာ"

အမယ်လေး ပြောရတာ အရသာရှိလိုက်ချက်တ

တော့များ။ အန်တီလေးကတော့ သူ့ကို မရိပ်မိရှာသူမို့ တပြုံးပြုံး

နှင့် ကျေနပ်မဆုံး ဖြစ်နေရှာသည်။

"မောင့်ကလေ Sweet မလုပ်ဘူး။ ဒါပေမဲ့ တည်တည်တင်

တင်းလေးနဲ့ နှုတ်ခမ်းလေး တင်းတင်းစေ့ထားတာကိုတ

သိပ်ချစ်ဖို့ ကောင်းတယ်နော်။ သူ အဲဒီလို တင်းနေပေမယ့်

သူ့ကို ဘယ်သူကမှ မငြိုငြင်ဘဲ ချစ်နေတာကိုက သူ့ထံ

ပဲနော် ...

အတွင်းစိတ်ကတော့ ဖြူတယ်နဲ့ တူပါတယ်"

သူ့အပြောကို အန်တီလေးက ခေါင်းတညိတ်ညိတ်

ဖြင့် ထောက်ခံသည်။

"ဟုတ်တယ်။ မောင့်ရဲ့စိတ်ရင်းကတော့ တကယ်ဖြူပါ

တယ်။ မောက်မာတာ ရိုင်းတာ ရင့်တာမျိုးတော့ မရှိပါ

ဘူး ...

နဂိုတည်းက သူ့အဖေကြောင့် စိတ်ဒဏ်ရာရတဲ့သူ

ဟာ သူနဲ့လက်ထပ်မယ့် ယောက်ျားကလည်း အဲဒီလိုလုပ်





သွားတော့ ပိုဆိုးသွားတာပေါ့။ သူက ယောက်ျားတွေကို

လုံးဝမယုံတော့ဘူး ဖြစ်သွားတာ ...

ပြီးတော့ စက်ဆုပ်သွားတာပေါ့"

"အဲဒါ ပြောတာပေါ့။ နန္ဒာက သူ့ကို အဲဒါမျိုး မဖြစ်စေ

ချင်ဘူးလေ။ အဲဒီလို ဖြစ်တိုင်း အရှုံးပေးနေရမှာလား ...

သူ့အပေါ်မှာ တကယ်ကို နားလည်ပြီး စစ်စစ်မှန်

မှန်နဲ့ချစ်တဲ့ ယောက်ျားမျိုးကို သူ ထပ်ရွေးချယ်သင့်တယ်။

အဲဒါ အန်တီလေးလည်း နားချပေါ့လို့။ ဘာလဲ အန်တီ

လေးကလည်း သူ့ကို အန်တီလေးလိုပဲ အပျိုကြီးပဲ လုပ်

စေချင်နေတာလား"

"မဟုတ်ပါဘူးကွယ်။ အန်တီလေးကလည်း သူ့ကို အိမ်

ထောင်ပြုစေချင်ပါတယ်။ ပြောရမယ်ဆိုရင် အန်တီလေးက

သက်ဆိုးရှည်မယ့်လူ မဟုတ်ပါဘူး ...

ဒီတော့ လောကကြီးထဲမှာ သူ့ကို တစ်ယောက်တည်း

မကျန်ခဲ့စေချင်ဘူး။ ဒါပေမဲ့ သူက ခါးခါးသီးသီး ဖြစ်နေ

တော့လည်း ဘာမှမပြောသာဘူးပေါ့ ...

နန္ဒာလည်း တတ်နိုင်ရင် ဖျောင်းဖျပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖျောင်းဖျနိုင်ဖို့ ကိုယ့်စကားအောင်ဖို့ ဆိုတာက နန္ဒာ့ကို သူက ခင်မှုဖြစ်တာ။ ခင်တာတော့င် မင်းသမီးတွေနဲ့ သူတို့ရဲ့မိတ်ကပ်ဆရာ မိန်းမလျာ အချော်တကောက်တွေ ပေါင်းသလို ပေါင်းမှုဖြစ်မှာ အန်တီလေးရဲ့ ...

ဒါကြောင့် သူ့မွေးနေ့ကို Surprise လုပ်ပြီး ခင်မင်မှုလေးတွေ ခြွေယူလိုက်ဦးမယ် ...

အန်တီလေးလည်း လက်ဆောင်ကို စဉ်းစားထား ... အိုခေ ? "

သူက လက်ဖဝါးထောင်ပေးလိုက်လျှင် အန်တီလေးက သဘောတကျဖြင့် ရယ်မောကာ အိုခေ ဟူသော သဘောဖြင့် သူ့လက်ဖဝါးကို လာရိုက်သည်။ သူ့ခေါင်းထဲမှာတော့ မောင့်ရဲ့မွေးနေ့အတွက် ဘယ်လိုပျော်ရွှင်အောင် လုပ်ပေးရမလဲ ဟူသော အစီအစဉ်တွေဆွဲကာ အာရုံတွေ များနေတော့သည်။

○ ❦ ○





"ဥမ္မာရေ ... အဲဒီ ဆီးကွင့်စ်တွေကို နည်းနည်းစွေပြီး ထိုးမယ်နော်။ အတည့်မသွားဘူး မှားဦးမယ်။ သေချာဂရုစိုက်လုပ်။ မနက်ဖြန်မနက် ကိုးနာရီ ကက်စတန်မှာ လာယူမှာ ...

သူ လာတာနဲ့ ဖစ်တင်ချိန်ပေးမယ်နော်။ လိုတာပိုတာ ဂရုစိုက်ပြီး လုပ်ပေးလိုက်၊ ကြားလား"

"ဟုတ် ... မမ"

မောင့်က လက်ယောက်တစ်ယောက်ကို ကိုယ်တိုင်ဒီဇိုင်းဆွဲပြီး ချုပ်ထားသော ဂါဝန်ရှည်တစ်ထည်အား ဆီးကွင့်စ်ထိုးတာ ပြပေးတုန်းမှာပဲ အပေါက်ဝမှ ခေါ်သံတစ်ခုက ထွက်ပေါ်လာသည်။

"မောင့်ရေ ... ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်က မသွယ်ရဲ့နောက်ပါးက လူတွေကို လှည့်ကြည့်လိုက်လျှင် မောင့်မသိသော ကောင်လေးနှစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်ယောက်က စက္ကူဂျပ်ဘူးဖြူကြီးကို ကိုင်ဆောင်လာကာ မောင့်ရှေ့မှာ လာရပ်သည်။

ဘာကိစ္စလဲ ဆိုတာကို မောင့်က မေးစရာမလိုချေ။ မျက်မှောင်တစ်ချက် ကြုတ်ကြည့်လိုက်တာနှင့် ကောင်လေးက ချက်ချင်းသဘောပေါက်ကာ စကားစပြောသည်။

"မမောင့်ဘဒ္ဒါရဲ့ မိတ်ဆွေတစ်ယောက်က အစ်မအတွက် ဘတ်ဒေးကိတ် ပို့ခိုင်းလို့ပါ။ ဒီရေခဲဘူးထဲက ဟာတွေက ice-cream တွေပါ။ ဝန်ထမ်းတွေနဲ့ အစ်မအတွက် မွေးနေ့ပွဲလေး လုပ်စေချင်လို့ပါတဲ့။ လက်ခံပေးပါခင်ဗျာ"

မောင့်ရဲ့မွေးနေ့တဲ့။ မောင့်သည် စားပွဲပေါ်မှာ တင်ထားသော ပြက္ခဒိန်လေးကို အလန့်တကြား လှည့်ကြည့်မိလျှင် ဩဂုတ်လ ရှစ်ရက်နေ့ကို ညွှန်ပြနေသည်။ ဟုတ်သားပဲ၊ ဒီနေ့ဟာ မောင့်ရဲ့မွေးနေ့ ဖြစ်သည်။ ဒါပေမဲ့ အံ့ဩစရာကောင်းစွာပင် မောင့်ဟာ ဒီနေ့ကို လုံးဝမေ့လျော့နေခဲ့သည်။

မွေးနေ့တွေ ဘာနေ့ ညာနေ့တွေ မောင့်မှာ ဘာအမှတ်တရမှ မရှိပေ။ အခုတော့ မောင့်ရဲ့မွေးနေ့ကို သတိတရ





ရှိတဲ့သူတစ်ယောက်က အမှတ်တရ ဖြစ်စေခဲ့ပြီ။ ဘယ်သူလဲ ... ဘယ်သူများ ဖြစ်မလဲ။ လောလောဆယ်မှာတော့ မောင့်ကို အဲဒီလောက် အလေးအနက်ထားသူက ဘယ်သူဖြစ်နိုင်သည်ဟူသော အတွေးမျိုး ဦးနှောက်ထဲမှာ ဖျတ်ခနဲ ပေါ်မလာပါ။

"ဘယ်သူက ပို့ခိုင်းတာလဲ"

"ဟုတ်ကဲ့ ... သူက ပြီးမှပဲ အစ်မကို ဆက်သွယ်ပါ့မယ်တဲ့။ အခုတော့ အံ့ဩသွားအောင် Surprise လုပ်ချင်ပါတယ် ...

အစ်မ ... ဒီ ဘတ်ဒေးကိတ်ကို လက်ခံလိုက်ပါနော်"

မောင့်သည် ဘာပြန်ပြောရမှန်း မသိစွာဖြင့် ကိတ်မုန့်ဘူးကြီးကို လက်ခံယူထားလိုက်သည်။ ကောင်လေးတွေက ကိတ်နှင့် ရေခဲမုန့်ဘူးကို အပ်နှံပြီးသွားသောအခါ ပြန်လည်ထွက်ခွာသွားကြသည်။ မောင့်က စက္ကူဘူးကြီးကို ဖွင့်လိုက်လျှင် အင်မတန်လှပသော ကိတ်မုန့်အဖြူကြီးကို အံ့အားသင့်စရာ တွေ့မြင်လိုက်ရသည်။

ဟေးက ကောင်မလေးတွေက မောင့်ကိုယ်စား ဝမ်းသာအားရဖြင့် ထအော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြည့်ပါဦး။ ကိတ်မုန့်ကြီးက လှလိုက်တာ
စားချင်စရာကြီးနော်"

"ဟုတ်ပါ့၊ တော်တော်အရသာရှိမယ့်ပုံပဲ။ မမရဲ့မွေးနေ့
ဒီနေ့လားဟင်၊ ဆောရီး ... သူဇာတို့က မသိလို့ပါ၊ သိ
Present ယူလာပါတယ်"

"ဩော် ... တို့ကိုယ်တိုင်တောင် သိမှ မသိတဲ့ဟာပဲ"

"ဒါဆို ဘယ်သူကများ အမှတ်တရ ရှိနေလဲ မသိဘူးနော်
ဟိ ... ဟိ ... မိုက်လိုက်တာ။ ice-cream တွေက အ
တို့ စားဖို့အတွက်ပေါ့"

"ဟုတ်တယ်နော် ... ပေးတဲ့လူက တော်တော်သိတတ်တာ
A to Z အကုန်ပါတယ်။ ဟဲ ... ဟဲ ... ကေန္တတော့ ...

"ကဲ ... တော်ကြတော့။ စားကြ ... စားကြ၊ အဲဒီ
မုန့်တွေ ကြိုက်သလောက်သာ စားကြတော့"

မောင့်က ကျေနပ်စွာနှင့် ခွင့်ပြုလိုက်ပေမယ့် မော
တို့ရုံးရဲ့ Accounting ဝန်ထမ်း အပျိုကြီး မဝေကတော့ အဲဒီ
မလုပ်ဖို့တားသည်။

"မောင့်ရေ ... အဲဒီလိုတော့ မလုပ်နဲ့လေကွယ်။ တို့တွေ
ဟက်ပီဘတ်ဒေးသီချင်း ဆိုပေးမှပေါ့။ မောင့်က ဘတ်





ကိတ်ကြီးလှီးလေ။ ပြီးမှ ကိတ်နဲ့ ရေခဲမုန့်နဲ့ စားကြမယ်။
ဒါမှ မွေးနေ့ပါတီလေး ဖြစ်သွားမှာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်။ မကြီးဝေ ပြောတဲ့အတိုင်းပဲ
လုပ်မယ်။ မမကို ဘတ်ဒေးသီချင်း ဆိုပေးမယ်၊ ကဲ ...
လာကြဟေ့ ... လူစုမယ်"

မောင့်ရဲ့ဝန်ထမ်း မိန်းကလေးတွေက မွေးနေ့ကိတ်
နှင့် မောင့်ကို ပတ်ချာလည် ဝိုင်းလိုက်ပြီးလျှင် ဟက်ပီးဘတ်ဒေး
သီချင်းကို အသံမြိုင်မြိုင်ဖြင့် စတင်သီဆိုသည်။ ဘယ်သူက
ပေးလိုက်မှန်း မသိသော်လည်း လှပကောင်းမွန်သည့် မွေးနေ့
ကိတ်ကြီးရယ်၊ ဝန်ထမ်းတွေရဲ့ ဝမ်းသာပျော်ရွှင်မှုတွေရယ်က
မောင့်ကို တစ်မျိုးစိတ်ချမ်းသာစေသည်။

ဒီကမ္ဘာကြီးပေါ်မှာ မောင့်ကို ဂရုတစိုက်နှင့် ချစ်ခင်
သောသူ ရှိပါလား ဟူသော အသိသည် တစ်မျိုးတစ်ဖုံ ရင်ကို
ချမ်းမြေ့စေလေသည်။

မွေးနေ့ကိတ် လှီးပြီးသောအခါ ဝန်ထမ်းတွေက
ကိတ်နှင့် ရေခဲမုန့်ကို ပျော်ရွှင်စွာ စားကြရသည်။ ကိတ်က
ချိစ်ကိတ်အမျိုးအစား ဖြစ်တာကြောင့် အရသာက အထူးကောင်း
မွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဝန်ထမ်းတွေပါ ပျော်ရွှင်သွား... အတွက် မောင့်လည်း တစ်မျိုးစိတ်ကျေနပ်ရသလို ကိုယ့်မွေးနေ့မှာ ဘယ်သူကများ ထူးထူးခြားခြား ဆောင်ရွက်ပေးလိုက်သ... ဟူ၍လည်း စိတ်ဝင်တစား ရှိရသည်။ ဘယ်လိုပဲဖြစ်ဖြစ် မောင့်ရဲ့ စိတ်တွေသည် သမားရိုးကျ မဆန်ဘဲ ကျေနပ်ပျော်ရွှင်သလို ဖြစ်နေတာတော့ အမှန်ပဲဖြစ်သည်။ ဒီကမ္ဘာပေါ်မှာ ကိုယ့်ကိုဂရုစိုက်သော လူတစ်ယောက် ရှိနေတယ်ဆိုသော အသိက စိတ်ကို ခွန်အားတစ်မျိုး တိုးစေသည်။

အဲဒီအတွေးနှင့် မောင့်မှာ တစ်နေကုန် အလုပ်လုပ်ရတာလည်း အဆင်ပြေသည်။ လူတွေ့နဲ့ ဆက်ဆံရာမှာလည်း ပိုပြီးချောမွေ့နေသလိုပင်။ ညနေ အိမ်ပြန်ရောက်သောအခါမှာလည်း အံ့သြစရာတစ်ခုနှင့် ထပ်ပြီးကြုံသည်။ အဲဒါကတော့ မိန်းမလျာ မင်းနန္ဒာမှာ မောင့်ကို ပန်းစည်းကြီးတစ်စည်းနှင့် ကြိုဆိုနေခြင်းပဲ ဖြစ်တော့သည်။

"မောင့်ရေ ... Happy Birthday ပါ"

လာတာကိုက အခြောက်သံ မှုန့်နှံ့နှံ့ကြီးနဲ့မို့ မောင့်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်စောင်းတစ်ချက် ချိန်ရွယ်...





...သော်လည်း ကြည်နူးနေသည့် စာတ်ခံကြောင့် သူ ကမ်းပေးသည့် ပန်းစည်းကိုတော့ အသာတကြည်ပဲ လက်ခံယူလိုက်သည်။

"ရှင်က ကျုပ် မွေးနေ့ကို ဘယ်လိုလုပ် သိရတာလဲ"

"ခြော် ... ဒီလောက်ကတော့ အပျော့ပေါ့"

"မောင့်ရေ ... Happy Birthday ပါ။ ရော့ ... ဒါက အန်တီလေးရဲ့လက်ဆောင်"

အန်တီလေးက မောင့်လက်ထဲသို့ ကတ္တီပါဘူးလေးတစ်ဘူး ကမ်းပေးလျှင် မောင့်သည် ပန်းစည်းကို အသာချကာ အန်တီလေးကို အံ့သြစွာကြည့်မိသည်။

"အံ့သြနေလား။ ဘယ်လိုလဲ ကိတ်နဲ့ ရေခဲမုန့်ကရော စားကောင်းတယ် မဟုတ်လား"

"ဟင် ... အဲဒါ အန်တီလေး ပို့တာလား"

"အန်တီလေး မဟုတ်ပါဘူးကွယ်။ မောင့်ရဲ့မွေးနေ့က ဒီနေ့ဆိုတာကိုတော့ အန်တီလေးက နန္ဒာ့ကို ပြောပြလိုက်တာ။ ကိတ်မုန့်ဖုတ်တာ၊ ice cream လုပ်တာတွေက နန္ဒာ့လက်ရာတွေပေါ့ ...

သူကိုယ်တိုင် လုပ်တာတွေလေ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင့်က မင်းနန္ဒာကို အံ့ဩစွာ လှည့်ကြည့်လိုက်လျှင် သင်းက မောင့်ကို စပ်ဖြဲဖြဲ ပြုံးပြနေလေသည်။ သူ့ကို တစ်ခုခုပြောဖို့ ကြိုးစားသော်လည်း မောင့်နှုတ်ဖျားက စကားတွေက ရုတ်တရက် ထွက်မလာပါ။

"ဒီညနေလည်း မောင့်မွေးနေ့ ရှိတဲ့အတွက် ညစာကို အထူးစပါယ်ရှယ်အနေနဲ့ Hot-Pot နဲ့ အသားကင်တွေ စီစဉ်ထားတယ် ...

မောင့် ဖိတ်ချင်တဲ့သူတွေ ရှိရင်လည်း ဖိတ်ပါ။ အန်တီလေးကတော့ အရင်းနှီးဆုံး မိတ်ဆွေ လေး,ငါး ယောက်လောက် ဖိတ်ထားတယ် ...

ခြံထဲမှာပဲ ပျော်ပျော်ပါးပါး စားကြ သောက်ကြမလို့လေ"

"ကောင်းပါတယ်။ မောင့်တော့ မဖိတ်တော့ပါဘူး"

"အိုခေ ... ဒါဖြင့်ရင် မောင့် ရေချိုးလိုက်တော့လေ။ လှလှလေးပြင်ပြီး ပြန်ဆင်းခဲ့နော်။ ဟင်း ... ဟင်း"

မောင့်က စကားဝင်ရှည်နေသော မင်းနန္ဒာကို မျက်စောင်းတစ်ချက်ထိုးပြီးမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဒါပေမဲ့





မောင့်ရဲ့မျက်စောင်းဟာ ဒေါသမပါသော ခင်မင်မှုမျက်စောင်းဆိုတာကိုတော့ မင်းနန္ဒာလည်းပဲ ရိပ်မိပါလိမ့်မည်။ သူဟာ မောင့်ကိုတော့ ဘယ်ဘဝက ရေစက်မှန်းမသိဘဲ အတော့်ကို ခင်ခင်စွာ ဂရုစိုက်ရှာသည်။ အန်တီလေးဆိုလျှင် နန္ဒာမှ နန္ဒာ တဖွဖွနဲ့ ပါ.စပ်ဖျားကကို မချတော့ချေ။ ဒီလောက် အလိုက်သိကာ မျက်နှာလွှဲရသည့် သူ့ကို မောင့်ကိုယ်တိုင်လည်း အသိအမှတ်ပြုထားရတာဖြစ်သည်။

အခုလည်းပဲ သူက အမှတ်တရနှင့် စီစဉ်ပေးသောကြောင့် မောင့်ရဲ့မွေးနေ့လေးမှာ သက်ဝင်လှပ အဓိပ္ပာယ်ရှိခဲ့သည်။ အဲဒီအတွက် ကျေးဇူးတင်စကားကိုတော့ တစ်နေ့နေ့ကျမှပဲ ပြောတော့မည်ဟု မောင့်က အကြွေးချန်ထားလိုက်လေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဆူညံပေါက်ကွဲနေသော တေးဂီတသံတွေကြားထဲမှာ သူဟာ မျက်နှာလေးတစ်ခုကို ဖျတ်ခနဲ မြင်မိသလိုရှိလျှင် အလန့်တကြား လိုက်ကြည့်မိသည်။ ငွေရောင်ဘော်ကြယ်တွေ ပြွတ်သိပ်စွာ ထိုးထားသော ရင်လျားဂါဝန်တိုတစ်ထည်ဖြင့် စွဲမက်စရာကောင်းသော မောင့်ကို သူက အားတက်သရောပဲ သွားခေါ်မိသည်။

"မောင် ... မောင့်ဘဒ္ဒါ မဟုတ်လား"

လှည့်ကြည့်လိုက်သော တစ်စုံတစ်ယောက်က သူ့ကို လှောင်ပြုံး ပြုံးပြကာ ...

"ယူ မှားနေပြီနဲ့တူတယ်။ ဆောရီး... ယူ့မိတ်ဆွေမဟုတ်ဘူး"





တကယ်လည်း မောင့် မဟုတ်ခဲ့ချေ။ အဝေးက လှမ်းကြည့်သောအခါ မြင်ရတဲ့ပုံစံနှင့် စွဲလမ်းတဲ့စိတ်တို့ အကြောင်းမှုပြီးနောက် မောင့်ဟု ထင်မှတ်မှားသွားခြင်းဖြစ်သည်။ တကယ်တမ်း ပြောရလျှင် မောင့်ဟာ ဒီနေရာမျိုးသို့ ရောက်နေစရာ အကြောင်းမရှိချေ။ ဒီအချိန်ဆိုရင် မောင့်ဟာ နှစ်နှစ်ခြိုက်ခြိုက်ဆောင် အိပ်မောကျနေလောက်ပြီ။

သူဟာ သတိရသွားလျှင် မောင့်ကို အရမ်းပဲလွမ်းလာသည်။ ဒါကြောင့် ကလပ်ထဲမှ ချက်ချင်းပဲ ထွက်လာကာ ကားမောင်းပြီးနောက် မောင့်နေသော အိမ်ရှိရာသို့ ဦးတည်လာခဲ့သည်။ ညနှစ်နာရီခန့် ရှိပြီမို့ ရန်ကုန်မြို့၏လမ်းမများမှာ ကားတွေရှင်းလင်းနေပြီး မောင်းလို့ကောင်းနေသည်။ ဒီနေ့ဟာ စနေနေ့ညမို့ သူ့ရဲ့ off ဖြစ်သည်။ အိမ်ပြန်အိပ်မည်ဟူသော အကြောင်းပြချက်ဖြင့် ထွက်လာခဲ့သော်လည်း မနက်ပိုင်းကသာ သူ့အမေဆီသို့ရောက်လျက် ညဘက်မှာတော့ မရောက်တာကြာပြီဖြစ်သော Club သို့ စနည်းနာ ထွက်ခဲ့သည်။

ဒါပေမဲ့လည်း မောင့်နဲ့တူသော ကောင်မလေးတစ်ယောက်ကို အမြင်မှာတော့ မောင့်ကို သတိရတဲ့စိတ်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ချုပ်ထိန်း၍ မရတော့ချေ။ မောင့်ကိုချစ်သော အချစ်စိတ်တွေဟာ တစ်နေ့ထက်တစ်နေ့ ရင့်သန်လာခဲ့တာကိုလည်း နားလည်သိမြင်ခဲ့ရသည်။ အခုဆိုလျှင် သူ့အပေါ်မှာ တိတ်တခိုး ခင်မင်စပြုလာသည့် မောင့်ရဲ့မျက်ဝန်းရိပ်တွေကြောင့်လည်း အတိုင်းမသိ ပျော်ရွှင်ခဲ့ရပြီးပြီ။ မောင့်ရဲ့အချစ်ကိုရကာ မောင်နဲ့ အတူတူ ဘဝတစ်ခုကို အတူတူ လျှောက်လှမ်းရမည် ဆိုလျှင်တော့ ပြောဖွယ် မရှိတော့ပြီ။

သူက အတွေးနဲ့အတူ ကျေနပ်စွာပြုံးကာ မောင့်တို့ခြံရှေ့မှာ ကားကိုရပ်ပြီးနောက် မောင့်ရဲ့အခန်းလေးကို ရပ်ငေးကာ တစ်ယောက်တည်း ကြည်ကြည်နူးနူး ပြုံးနေမိသည်။ မောင့်ကလေး နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါစေ။ အဲဒီအချိန်မှာပဲ မောင့်အခန်းထဲမှာ အခြေအနေတစ်ခု တစ်မျိုးဖြစ်တာကို သတိပြုမိသွားသည်။

မောင့်ရဲ့အခန်းမှာ လူရိပ်တွေက ဟိုဖြတ် ဒီဖြတ် ဟိုသွား ဒီသွား ဘာတွေမှန်းမသိ လှုပ်နေတာကို သူက သက်မကင်း ဖြစ်သွားသည်။ သေချာစိုက်ကြည့်လေလေ သူ့စိတ်မှာ တစ်မျိုးဖြစ်လာလေလေ ဖြစ်သည်။





တစ်ခုခုတော့ လွဲနေပြီ။ ဒီလိုအချိန် မောင့်ရဲ့အခန်းထဲမှာ လူရိပ်တွေက ဒီလိုဖြတ်သန်းသွားလာစရာ ဘာအကြောင်းမှ မရှိချေ။ သူသည် တနုံ့နုံ့ ဖြစ်လာသော စိတ်နှင့်အတူ အိမ်ထဲသို့ခုန်ဆင်းကာ ဝင်လာခဲ့သည်။ အိမ်နောက်ဖေးဘက်က ပတ်လာခဲ့လျှင် နောက်ဖေးမီးဖိုချောင်တံခါးက အသာဟနေသည်မို့ သူခိုးသူဝှက်၊ ဓားပြအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီဆိုတာ သေချာသွားခဲ့ပြီ။

သူက အောက်ထပ်မှ တုတ်တစ်ချောင်းကို ကိုင်ကာ အပေါ်ထပ်သို့ ခြေဖွနင်းပြီး တက်လာခဲ့သည်။ ပြီးမှ သတိရတာ ဘ ဆောင်းဘီအိတ်ထဲကဖုန်းကို ထုတ်ပြီးနောက် (199)သို့ ဖုန်းဆက် အကြောင်းကြားလိုက်သည်။ ပြီးတော့မှ အပေါ်ထပ်သို့ တက်ကာ မောင့်ရဲ့အခန်းနားသို့ တဖြည်းဖြည်း တိုးကပ်လာခဲ့သည်။ အခန်းဝက ကပ်၍နားထောင်လိုက်လျှင် သူထင်တာ မမှားသော အသံတွေကို ကြားလိုက်ရသည်။

"ဒါတွေတင်ပဲလား မကဘူးနော်။ ထုတ်စမ်း"

"ဒါ အကုန်ပဲလို့ ပြောပြီးပြီပဲ။ မယုံလည်း မတတ်နိုင်ဘူး"

"အေး ... မထုတ်လို့ကတော့ မင်းအဒေါ် နှလုံးရောဂါ သည်ဆီကိုပါ သွားပြီး လည်ပင်းညှစ်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်တို့ မယုတ်မာကြနဲ့နော်။ ဒီမှာလည်း အများကြီးပေး ပြီးသား၊ ဘာတွေ ထပ်လိုချင်သေးတာလဲ”

“ရှိသလောက်ကို လိုချင်တာ။ ကဲ ... ထုတ်”

“အို ... ဘာမှမရှိတော့ဘူး”

အဲဒီအချိန်မှာပဲ သူက ဆုံးဖြတ်ချက်တစ်ခုကိုချကာ မောင့်အခန်းရဲ့ တံခါးလက်ကိုင်ကို အပြင်ဘက်က လော့ချပစ်ပြီး အခန်းထဲသို့ ဖျတ်ခနဲဝင်ကာ တံခါးကို ပိတ်ချလိုက်လျှင် အခန်းတံခါးကို အပြင်ဘက်က လော့ချပြီးသား ဖြစ်သွားသည်။ မောင် - အပါအဝင် အခန်းထဲက လူနှစ်ယောက်သည် သူ့ကို အံ့အားသင့်စွာ လှည့်ကြည့်ကြသည်။ ဓားပြတိုက်သော လူနှစ်ယောက်မှာ ပထမတော့ ကြောင်နေကြပြီးမှ သူ့ကို ဒေါသတကြီး အော်ဟစ်မေးသည်။ အသံသာ ကြားရသော်လည်း ရုပ်တွေကတော့ မျက်နှာဖုံး စွပ်ထားသည်မို့ မမြင်ရချေ။

“ဟေ့ကောင် ... မင်း ဘယ်သူလဲ၊ ဘာကောင်လဲ။ သေ သွားချင်လား”

“သေချင်သေးပါဘူး။ ဟဲ့ ... အကောင်တွေ နင်တို့လက် လက်ထဲက အထုပ်ကို ပြန်ချထားစမ်း။ နင်တို့မိန်းမတွေ အားလုံး မုဆိုးမ ဖြစ်ကုန်မယ်နော်”





“အောင်မာ ... အခြောက်ကများ။ ဟေ့ကောင် ဘာလုပ် နေတာလဲ၊ ဒီအခြောက်ကို ရှင်းလိုက်စမ်း”

“လာလေ ... ဘယ်သူက ရှင်းမလဲ၊ ကြည့်လိုက်ရအောင်”

သူက ကိုယ့်ကို အထင်သေးအောင် မှုန့်နှံ့နှံ့အသံဖြင့် ကိုးရိုးကားရား ဒီဇိုင်းလုပ်ပြလိုက်လျှင် လူမိုက်တစ်ယောက်က ဓားကိုင်ပြီး ပြေးလာကာ သူ့ကိုထိုးသည်။ ဟိုစပ်စပ် ဒီစပ်စပ်ရှိသော သူဟာ အခြေခံသိုင်းပညာလည်း သင်ဖူးထားတာမို့ စွတ်စွတ်ဝင်လာသော ဓားချက်ကို ဝိုက်ပြီးရှောင်လိုက်ကာ လူမိုက်ရဲ့ ချိုစောင်းသို့ တုတ်ဖြင့် မိမိရရ တွယ်ထည့်လိုက်လျှင် အွတ်ခနဲ ဖြစ်ကာ ပုံလဲသွားသည်။

နောက်တစ်ယောက်က ဘာလုပ်ရမှန်းမသိ ဖြစ်နေ ခိုက်မှာပဲ သူက တုတ်ဖြင့်ဝင်ရိုက်သည်။ အဲဒီလူက သူ့ကိုဓားဖြင့် ထိုးသည်။ အခန်းထဲတွင် တိုက်ပွဲငယ်တစ်ခု ဖြစ်နေသည့်အလား ဒန်းဒိုင်းကြဲနေလေသည်။ အဲဒီအချိန်မှာပဲ နိုးလာဟန်တူသော အန်တီလေးနှင့် အိမ်ဖော်ကောင်မလေးကလည်း အပြင်ဘက်မှနေ၍ တံခါးကို တဝုန်းဝုန်း ထုနေကြသည်။ တစ်ချီမှာတော့ သူကလည်း ဓားပြရဲ့ခေါင်းကို မိမိရရအရိုက်၊ ဓားပြကလည်း သူ့ကိုဓားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအထိုး၊ သူက ရှောင်လိုက်ကာ ဓားပြရဲ့ခေါင်းကို ရိုက်ချ
လိုက်သော်လည်း သူ့လက်မောင်းကိုတော့ ဓားက ရှပ်ထိုးမိသွား
သေးသည်။

ဓားပြလဲကျသွားလျှင် သူလည်းပဲ လက်မောင်း
ဖိကာ ဖင်ထိုင်လျက် လဲကျသွားသည်။ မောင့်က သူ့ထံ
စိုးရိမ်တကြီးဖြင့် ပြေးလာကာ ...

"နန္ဒာ ... ဘယ်နားကို ထိသွားလဲဟင်၊ တော်တော်များ
လား"

"အား ... ကျွတ် ... ကျွတ်၊ ရပါတယ်၊ အပြင်မှာ အန်
လေးတို့ စိတ်ပူနေတယ်။ တံခါးဖွင့်ပြီး အပြင်ထွက်မှ
မယ်။ ဒီကောင်တွေကို ဒီထဲမှာ ပိတ်ထားခဲ့ရမယ် _
လာ ... လာ ..."

မောင့်က သူ့ကို လာတွဲခေါ်လျှင် သူက ဒီလော
ပြဿနာတွေ ဖြစ်နေသည့်ကြားမှ ရင်တစ်ချက် ဆောင့်ခုန်သွား
သေးသည်။ မောင့်က အခန်းတံခါးကိုဖွင့်လိုက်လျှင် တကယ်
စိုးရိမ်တကြီး စောင့်နေကြသော အန်တီလေးနှင့် အေးရွှေ
တွေ့လိုက်ရသည်။





"ဘာဖြစ်ကြတာလဲ မောင့်။ ဟင် ... နန္ဒာက ဘယ်လိုလုပ်
ရောက်နေတာလဲဟင်။ အို ... လက်မောင်းမှာလည်း သွေး
တွေနဲ့၊ ဘုရား ... ဘုရား"

"အား ... ရတယ် အန်တီလေး။ အောက်မှာ ရဲတွေရောက်
နေပြီနဲ့တူတယ်။ အေးရွှေ ... တံခါးသွားဖွင့်ပေးလိုက်ဦး"

သူ ထင်တဲ့အတိုင်းပင်။ သူ့ရဲ့ကြိုတင်ဖုန်းဆက်ထား
ကြောင့် ဤရပ်ကွက်နားရှိ အပိုင်ရဲစခန်းမှ ရဲဝန်ထမ်းများက
ရောက်ရှိလာကြကာ အိမ်ကိုဖောက်ထွင်းပြီး အနုကြမ်းစီးဖို့ ကြိုး
စားသော လူနှစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင် သွားလေသည်။
သူတို့ အိမ်သားတွေကို စစ်မေးစရာရှိတာ စစ်မေးပြီးမှ ပြန်သွား
ကြကာ သူ့လက်မောင်းက ဒဏ်ရာကို မောင့်က ဆေးထည့်ပေးရ
သည်။ အန်တီလေးကတော့ အဖြစ်အပျက်တွေကို မယုံနိုင်ဟန်ဖြင့်
သူ့ကို မေးမြန်းလာသည်။

"နန္ဒာက ဘယ်ကနေ ဘယ်လို ရောက်လာတာလဲကွယ်"

အဲဒါမှ တကယ့်ကို ခွကျတော့သည်။ ဒီနေ့ဟာ သူ
ပြန်သည့်ရက် ဖြစ်တာကြောင့် ဒီလို ညနှစ်နာရီအချိန်ကြီးကျ
သူက ဒီအိမ်သို့ ဘယ်လိုပြန်ရောက်လာသလဲဆိုတာ မေးစရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ အဖြေမတတ်လျှင် သူပါ အလိုတူအလိုပါဖြ
ထင်သွားနိုင်သည်မို့ သူ့မှာ ယုတ္တိရှိသောအဖြေကို အသည်းအသ
စဉ်းစားရသည်။

မောင့်ကို လွမ်းလွန်းလို့ လာကြည့်တာပါဟု ပြော
လို့ကလည်း မဖြစ်တော့ အတော်ခွကျသည့်ကိစ္စပဲ ဖြစ်တော့သည်။

"ဟို ... နန္ဒာကလေ Club ကို သွားတာ။ အဲဒီကနေပြီး
တော့ အိမ်လည်း မပြန်ချင်တော့တာနဲ့ ဒီကိုပဲ လာတော
မယ်ဆိုပြီး လာခဲ့တာ ...

နိုးရင်လည်း နိုးပြီး ဝင်မယ်ပေါ့၊ မနိုးရင်လည်း
အိမ်ပြန်မယ်ဆိုပြီး စဉ်းစားထားတာလေ။ ဒီရောက်တော့
မောင့်အခန်းက မီးလင်းနေပြီ။ လူရိပ်တွေ့လို့ မသင်္ကာ
တာနဲ့ အထဲဝင်ကြည့်တော့ ဆင်တဲ့အတိုင်း ဖြစ်နေတာနဲ့
(199)ကို ဖုန်းဆက်လိုက်တာ ...

အန်တီလေးရယ် ... တကယ်ပဲ သိလား။ နင်
နှိုးဆော်တာပဲ ပြောရမလား၊ မသိစိတ်က ခေါ်ဆောင်နေတာ
ပဲ ပြောရမလား။ နန္ဒာလေ ဒီအိမ်ကိုပဲ ပြန်လာချင်နေတာ
တကယ်ကို ထူးဆန်းတယ် သိလား ...



မောင်တို့ အန်တီလေးတို့ ဒုက္ခရောက်တော့မယ်
ဆိုတာကိုသိလို့ နတ်ကောင်း နတ်မြတ်တွေက နန္ဒာကို
နှိုးဆော်နေတာ နေမှာ။ Club မှာ လူက မျက်စိတွေနောက်၊
ခေါင်းတွေကိုက်လာတာနဲ့ ပြန်မယ်ဆိုပြီး ထွက်ချလာတာ...

ဒီရောက်တော့ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံရရော။
အဲဒီကောင်တွေက ဒီအိမ်ရဲ့အတွင်းရေး အခြေအနေတွေ
ကိုကြိုသိပုံပဲ။ မိန်းမတွေချည်းနေတဲ့အိမ်မှန်း သိလို့ တမင်
အနုကြမ်းစီးတာပဲ"

သူ့အပြောကို မောင့်က ခေါင်းတဆတ်ဆတ်ညိတ်
ကာ ထောက်ခံသည်။ အန်တီလေးကတော့ ရင်ဘတ်ဖိကာ သူ့
ကို အားကိုးသော၊ ကျေးဇူးတင်သော အကြည့်တွေနှင့် ပြောရှာ
ပါသည်။

"နန္ဒာရယ် ... အန်တီလေးတို့မှာလေ နန္ဒာပေးတဲ့အသက်ပဲ
ရှိတော့တယ်။ တစ်ခုခုများဆို တကယ်ပဲ မတွေးဝံ့စရာ
ပါပဲ ...

လူ ဘာမှမဖြစ်ဘဲ ပစ္စည်းတွေ ပါသွားရင်လည်း
ဘယ်လောက် စိတ်ဆင်းရဲရမလဲ။ အလုပ်က ရှုပ်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလို အသက်နဲ့ရင်းပြီး ကာကွယ်ပေးတာ ကျေးဇူးတင် လိုက်တာ နန္ဒာရယ်"

"ဟုတ်တယ် နန္ဒာ။ ရှင့်ကို တကယ်ကျေးဇူးတင်ပါတယ်"

သူမက သူ့ကို အဲဒီလိုပဲ ရိုးရိုးလေး ပြောလိုက်တာ ဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ အတိုင်းမသိ ပြည့်စုံခြင်း ရောက်သွားရသည်။ အဲဒီလို တိုတိုလေး ပြောတာဟာ ဝတ္တရားချေ ပြောတဲ့စကား မဟုတ်၊ မောင့်ဘဒ္ဒါ ဆိုသော ကလေးမဟာ စိတ် ထဲက မပါလျှင် ပြုံးတောင်မပြသည့် လူစားမျိုးဆိုတာ သူက သိ နေသည်။

"တကယ် ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်သော စကားဟာ တိုတိုလေး ဖြစ်ပေမယ့် အဲဒီစကားကိုပြောသော မျက်နှာနှင့် လေသံဟာ ဘယ်လောက်ကျေးဇူးတင်နေတယ်ဆိုတာ ကို ဖော်ပြနေသလိုပဲ ဖြစ်တော့သည်။ သူက သူမရဲ့အပြုံးအောက် မှာ မျောပါသွားပေမယ့် ချက်ချင်းပဲ သတိကိုပြန်ဆွဲကပ်ကာ အခြောက်ဒီဇိုင်း ပြန်ဖမ်းရသည်။

"ရပါတယ် မောင့်ရယ်။ သစ်စ်လေဒီနဲ့ သစ်စ်အကြော ပြောနေစရာ လူတွမှ မဟုတ်တာ။ ဟင်း ... ဟင်း ...





မောင့်တို့ကို ခုလို အကွယ်အကာ ... အဲလေ ... အကာအကွယ် ပေးနိုင်တာကိုပဲ နန္ဒာက ဝမ်းသာနေတာပါ။ ဘယ်ဘဝ ရေစက်မှန်းကို မသိဘူး။ မောင့်ကလေ နန္ဒာနဲ့ အန်တီလေးဆို သိပ်ချစ် ... ချစ်မှချစ် ... အကြီးကြီးချစ် ... ဟင်း ဟင်း"

သူ့ရဲ့ ကြာပိုပိုအပြောကို သူမက ချစ်စရာကောင်း အောင် ပြုံးသည်။

အဲဒီအပြုံးလေးဟာ ဘာအရောင်မှ မပါသော အဖြူ ရောင်အပြုံးလေးမို့ သူ့မှာ ငေးခနဲ ဖြစ်သွားရသည်။ မောင့်ဟာ သိပ်ချစ်ဖို့ကောင်းသော မိန်းကလေးပဲ။ သူမဟာ တကယ့်ကိုဖြူစင် သည်။ ဒီလို မိန်းကလေးတစ်ယောက်ကို စွန့်ပစ်သွားကာ သူမ ဘက် ဘယ်ဘက်ကမှ မသာသာ၊ တခြားမိန်းမတစ်ယောက်ကို ယူသွားသော မောင့်ဘဒ္ဒါ၏ ရည်းစားသည် တကယ့်ကို တန်ရာ တန်ရာ ရသွားတာပဲ ဖြစ်တော့သည်။

သူကတော့ အဲဒီကောင်ကို တကယ်ကျေးဇူးတင် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင်က ခြောက်တယ်သာ ပြောတယ်။ ကိုယ်ခံပညာတော့ တတ်သားပဲ။ ဘယ်လိုတတ်တာလဲ၊ ဒါမျိုးကျတော့ မကြောက်ဘူးလား"

"အမယ်လေး ... နန္ဒာတို့ကလေ ဒါမျိုးမကြောက်လို့ ရှာရီးလျှောက်နေတဲ့ မဟာမျိုးအခြောက် ... ဟင်း။ ဒီကောင်တွေလောက်ကတော့ အပျော့ပေါ့ ...

နန္ဒာက အစ်ကိုတွေနဲ့ နေတာလေ။ ငယ်ငယ်တုန်းကတော့ အစ်ကိုတွေက သင်ပေးတာပဲ။ ဒါကြောင့် သဘောလောက်တော့ တတ်နေတာပေါ့"

"အင်း ... ဘယ်လိုပဲဖြစ်ဖြစ် နန္ဒာ့ကြောင့်သာ ခုလို ဒုက္ခထဲက လွတ်ခဲ့တာ။ အတင့်ရဲလိုက်ကြတာကွယ်။ ကြည့်ပါဦး ... မိန်းမတွေချည်းနေတယ်ဆိုပြီး သက်သက်အကွက်ရလုပ်တာ"

"ဒါကြောင့် အန်တီလေးကို ပြောတာပေါ့။ လုံခြုံရေးပါတဲ့ ကွန်ဒိုတစ်ခုခုမှာပဲ ပြောင်းနေရအောင်လို့ ဆိုတာဟာကို လက်မှမခံချင်ဘဲ"





အဲဒီစကားကို မောင့်က ဝင်ပြောသည်။ သူမကြည့်သော ဒီလို ဝင်းနဲ့ ခြံနဲ့ အိမ်ကျယ်ကျယ်မှာ မိန်းမသားတွေချည်း နေချင်ပုံ မပေါ်ပါ။ တစ်ပိုင်တစ်နိုင်ရှိကာ လုံခြုံရေးလည်း ပါဝင်သော အဆင့်မြင့်ကွန်ဒိုတစ်ခုမှာပဲ နေလိုပုံရသည်။ အန်တီလေးကတော့ ခြံဝင်းကျယ်ကျယ်မှာသာ လွတ်လွတ်လပ်လပ် နေလိုပုံသဖြင့် တူဝရီးနှစ်ယောက်ကား ပြဒါးတစ်လမ်း သံတစ်လမ်းပဲ ဖြစ်တော့သည်။

အခုတော့ အန်တီလေးမှာ မောင့်ရဲ့စကားကို ပြန်ချေပနိုင်ချေ။ မျက်နှာငယ်လေးနဲ့သာ ရှိနေသည်။

"အန်တီလေးလည်း ကိုယ့်ဝင်း ကိုယ့်ခြံနဲ့ လွတ်လွတ်လပ်လပ် နေချင်ရှာမှာပေါ့။ အခုတော့ နန္ဒာရှိတုန်း စိတ်ချလက်ချနေပါ ...

အန်တီလေးတို့ကိုလေ နန္ဒာ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်"

"ဩော် ... ရှင်က ကျုပ်တို့နဲ့ တစ်သက်လုံး နေပေးနိုင်တာမှတ်လို့"

အဲဒီစကားကို မောင့် ဝင်ပြောတာဖြစ်သည်။ သူက မောင့်ဘက်သို့ ရွှင်ရွှင်မြူးမြူးလေး လှည့်ကြည့်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မောင့်ဘဒ္ဒါက ယောကျ်ားယူလိုက်ပေါ့လို့"

ပြုံးနေသော မောင့်မျက်နှာက ချက်ချင်းပဲ တည်သွား ကာ သူ့ကို မျက်စောင်းတစ်ချက်ထိုးသည်။ သို့သော် ဒေါသ သော မျက်စောင်းလေးသာ ဖြစ်ပါသည်။

"တို့စကားကို နားထောင်နော်။ ဝေးဝေးမကြည့်နဲ့ အနီး လေးကိုပဲကြည့်၊ အပျိုကြီးဆိုတော့ ဘယ်လောက်မျက် ငယ်ရသလဲ ...

ဒီလို ဒုက္ခတွေ မခံစားရအောင် အရွယ်ရှိတုန်း လှုပ်ရှားထားလို့ ပြောတာ။ မဟုတ်လို့ကတော့ ငှက်ဖျော တုံးနဲ့ နှစ်ပါးသွားနေရမယ် ... ဟား ဟား"

သူ့စကားကို အန်တီလေးက ပြုံးစစဖြင့် ခေါင်းညိတ် သလို သူမကလည်း နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့ကာ မျက်စောင်း ထိုးသည်။ အခုတလော သူ့ကို မျက်စောင်းတွေ ခဏ ခဏထိုးနေ မယ့် အဲဒီမျက်စောင်းတွေဟာ ခင်မင်မှု အမှတ်တရ မျက်စောင်း တွေဆိုတာတော့ သင်လည်း ငြင်းဆန်နိုင်မည် မဟုတ်ပါ။

○ ❦ ○





## ၁၃

နှိုးစက်မြည်သံကြောင့် မောင့် နိုးလာသောအချိန် သည် နံနက်ခြောက်နာရီ ရှိပြီဖြစ်သည်။ မျက်နှာသစ် ကိုယ်လက် သန့်စင်ပြီးတာနှင့် မောင့်က အောက်ထပ်သို့ Breakfast ပြင်ဆင် ရန်အတွက် ဆင်းလာခဲ့သည်။ မင်းနန္ဒာက လက်မောင်းမှာ ဒဏ် ရာရထားသောကြောင့် သူ့ကို ဘာအလုပ်မှ မလုပ်ဖို့ ပြောထား သည်ဖြစ်ရာ မောင့်ကပဲ အိမ်ဖော်ကောင်မလေးကို စီမံပေးဖို့ ထ လာခြင်းဖြစ်သည်။ အန်တီလေးကတော့ နိုးသေးဟန်မတူပေ။ နိုးလည်းပဲ ၅နာရီခွဲ ပုတီးစိပ်ပြီးမှ အောက်ထပ်သို့ ဆင်းလာသူ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင့်က မီးဖိုချောင်ထဲသို့ ဝင်လိုက်တာနှင့် လျှ ရှားနေသော ပုံရိပ်တစ်ခုကို မြင်လိုက်ရသည်။

"ဟယ် ... မင်းနန္ဒာ"

"ဩော် ... မောင့် အစောကြီးနိုးလာတယ်။ မောနင်း"

သူက မောင့်ကို မြင်မြင်ချင်းပဲ ရွှင်ရွှင်လန်းလန်း နှုတ်ဆက်သည်။ မင်းနန္ဒာဟာ ဘယ်ဘဝက ရေစက်လဲတော့ မပြောတတ်ပါ။ မောင့်နဲ့ အန်တီလေးကို ဆိုလျှင် အင်မတန်ခင် မင်ရှာသည်။ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ အလိုက်သိလွန်း အားကြီးသောကြောင့် အန်တီလေးကဆိုလျှင် မင်းနန္ဒာမှ မင်းနန္ဒာ မရှိမဖြစ် ဖြစ်နေချေပေပြီ။ သူ့ရဲ့ရာထူးဟာ ဒီအိမ်ရဲ့စားဖိုမှူးဆို သော်ငြား ခြံထဲမှာ လှည်းတာ ကျင်းတာ၊ သန့်ရှင်းရေးလုပ်တာ၊ သစ်ပင်တွေကို ပြုစုတာ စသဖြင့် တခြားအိမ်မှုကိစ္စတွေကိုပါ နေ့ တိုင်းလုပ်သည်ဟု အန်တီလေးက ပြန်ပြောပြထားသဖြင့် မောင့် မှာ အံ့သြရသေးသည်။

အရင်ကတော့ စကားများ စပ်စုသည်ဟု ထင်ရသော အခြောက်ကို မနှစ်သက်လေသမျှ အခုတော့လည်း ၁ ; ရဲ့စိတ်ရင်း စေတနာတွေက သူ့ကို ရောင်ပြန်ဟပ်စေခဲ့ပြီဟု ၄ ပါသည်။





"ဘာတွေလုပ်နေသလဲ၊ ရှင့်လက်က မကောင်းဘဲနဲ့"

"မန္တလေးမြီးရှည် လုပ်နေတာလေ။ ရတော့ မရသေးဘူး။ မောင့် ဆာပြီလား"

"မဆာပါဘူး။ ကျုပ်က Breakfast ပြင်ဖို့ ဆင်းလာတာ။ ရှင် နားနားနေနေ နေပါ။ ဘာလို့ အဲဒါတွေ အပင်ပန်း ခံပြီး လုပ်နေရတာလဲ"

"မပင်ပန်းပါဘူး။ နန္ဒာက ပါးစပ်လေးနဲ့ပဲ ညွှန်ကြားရတာ ပါ။ အေးရှေပဲ လုပ်ခိုင်းတာ ...

နော် ... အေးရှေမရယ်"

သူက အေးရှေကို လှမ်းပြောလိုက်လျှင် ကောင်မ လေးက သွားဖြဲလေးနဲ့ ခေါင်းညိတ်ပြသည်။ မောင့်သည် တီရှပ် အဖြူအကျပ်နှင့် ဘက်ဂီဘောင်းဘီတို အကွက်ပွပွကို ဝတ်ဆင် ထားသော လူရည်သန့်ကောင်လေးကို စားပွဲမှာမေးထောက်ရင်း ငေးကြည့်နေမိသည်။ အရပ်မြင့်မြင့် ကျားကျားလျားလျားနှင့် ချောက်နေရှာသူလေး။ သူသာ ယောကျ်ားစစ်စစ် ကေန်ဖြစ်ခဲ့ လျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



အို ... ငါ ဘာတွေလျှောက်တွေးနေမိတာပါလိမ့်။ ဒါပေမဲ့ သူ့ပုံစံဟာ ပီပီပြင်ပြင်ကြီး မိန်းမလျာဘ၀သို့လည်း ခံယူသေးပုံ မရတာကြောင့် မောင့်ဟာ သူ့ကို နှမြောတော့ ရှိလှလေသည်။

"အေးရွှေမ ... ညည်း ငါလုပ်တာတွေလည်း သေချာကြည့်ထားဦး။ ခေါင်းထဲမှာ ဟိုဘက်ခြံက ဒရိုင်ဘာကောင်ကိုပဲ အပြည့်ထည့်ထားမနေနဲ့ဟဲ့ ...

ယောကျ်ားတွေက ကောင်းတာမဟုတ်ဘူး။ စားပြီးနားမလည်တွေ"

"ဟိ ဟိ ... နန္ဒာကရော ယောကျ်ားမဟုတ်ဘူးလား"

"နိုးပါနော် ... နိုးပါ။ တို့က မာမီရှိန်း၊ ကဲ ... ကဲ ... စကားများမနေနဲ့။ ပဲပင်ပေါက်ကို ရေဆွေးဖျောထားတော့၊ ခဏနေ အန်တီလေး ဆင်းလာရင် မြီးရှည်ပွဲတွေ ပြင်ပေးတော့မယ် ...

ပြီးရင် ညည်းက ဘုရားဆွမ်းတော်ကပ်ဖို့လုပ်"

အကွက်ကို စီနေသော နန္ဒာ့ရဲ့ စီမံချက်များကို မောင့်က ပြုံးပြီးငေးကြည့်နေမိသည်။ ဒါကို သူက ကြက်သားတွေနှာနေရောမှ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ပြကာ ...





"မောင့် ... နန္ဒာက သိပ်ချောနေလို့လား၊ အဲဒီလောက်စိုက်ကြည့်နေတာ"

မောင့်က စိတ်ပျက်လက်ပျက်ဖြင့် ဟက်ခနဲ တစ်ချက်ရယ်ပြကာ ...

"နန္ဒာ ... ရှင့်ဘ၀ကို ဘယ်လိုရည်ရွယ်ထားလဲ"

"ဘာမှ ရည်ရွယ်မထားပေါင်"

"မဟုတ်ဘူးလေ။ လူဆိုတာ အနာဂတ် Plan တော့ ရှိရမှာပဲ မဟုတ်လား ...

ရှင့်မှာ ဘာ Plan တွေရှိလဲ။ ရှင့် အနာဂတ်အတွက် ဘာတွေစဉ်းစားထားလဲ ...

အဲဒါကို သိချင်တာ"

"ခြော် ... မောင့်ဘဒ္ဒါက တို့ကို ခုလို စိတ်ဝင်စားတဲ့အတွက် အရမ်း အရမ်းကို ဝမ်းသာတာပါပဲကွယ် ...

ဒါပေမဲ့ တို့မှာလေ အခုချထားတဲ့ Plan က တစ်ခုပဲရှိတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်လုံးတွေက သိလိုစိတ်ဖြင့် တောက်လင်းလက်သွားကြသည်။ မောင့်ရယ် ... အဲဒီ Plan ဟာ မင်းနဲ့အနားမှာနေဖို့၊ မင်းရဲ့အချစ်ကိုရဖို့ Plan ကလွဲလို့ ဘာများဖြစ်ဦးမှာတဲ့လဲ။ အဲဒီလိုများ အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် မင်းဘယ်လိုများ နေမှာပါလိမ့်နော်။

"ဟင့် ... မပြောဘူး။ သတ်ရင် သတ်လိုက်ပေါ့"

မောင့်သည် တစ်ချက်တွေသွားပြီးမှ ထုံးစံအတိုင်း အခြောက်စတိုင်လ် ဖြစ်သွားသော သူ့ကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"နေ့နာ ... ရှင်က ငယ်ငယ်တည်းက ခြောက်တာလား"

"ငယ်ငယ်တုန်းကတော့ ဒီလောက် မခြောက်ပါဘူး။ ဘာဖြစ်လို့လဲ"

"မသိပါဘူး။ ရှင့် ကြည့်ရတာ တစ်ခါ တစ်ခါကျ ခြောက်နေတဲ့သူနဲ့ သိပ်မတူသလိုပဲ။ တစ်ခါ တစ်ခါကျ ယောက်ျားသံ ဖြစ်ဖြစ်သွားတယ်လေ"

"ဩော် ... မိန်းမမှ မဟုတ်တာ။ မိန်းမသံ ဘယ်ထွက်မလဲဟဲ့"





"မဟုတ်ဘူး။ အခြောက်သံဆိုတာ ရှိတယ်။ အဲဒီ အသံကမထွက်တာ။ အခြောက်သံက တစ်ခါတလေ မထွက်ဘူး။ ယောက်ျားသံကြီးနဲ့ပဲ စကားပြောနေတာ"

သူက မောင့်ကို အံ့သြသလိုကြည့်ကာ တဟားဟားနှင့် ရယ်မောလေသည်။ ပြီးတော့မှ လက်ဟန် ခြေဟန် အပြည့်ဖြင့် ...

"မောင်တို့ကတော့လေ။ တကယ်ရယ်စရာ ပြောတတ်တယ်၊ မနိုင်ဘူး ... ဒဂုံပဲ"

"ရှင် တစ်သက်လုံး ဒီလိုပဲ နေသွားဖို့ စိတ်ကူးရှိလား"

"ဟယ် ... တို့များတော့ ဒီနေ့မနက် မောင့်ဘဲ့ဒါရဲ့ဖျူးခန်းနဲ့ တိုးနေပါရော့လား။ ကြည့်စမ်း ... သူ တို့အကြောင်းတွေ သိပ်စိတ်ဝင်စားနေတယ်"

"ကျွန်မ မေးတာသာ ဖြေစမ်းပါ။ ရှုးချင်ယောင် ဆောင်မနေစမ်းပါနဲ့"

"ရှုးချင်ယောင် မဆောင်လို့ ဘာဆောင်ရမှာလဲ၊ အဲ ... မဟုတ်ဘူး။ ဒီအတိုင်းမနေလို့ ဘယ်လိုနေရမှာလဲလို့။ စိတ်ညစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြေထောက်တစ်ဖက်ပါ ဆောင့်၍ တကယ် စိတ်ညစ်သည့်ပုံစံဖြင့် ပြောလျှင် မောင့်က သက်ပြင်းတစ်ချက်ကို ရှိုက်ကာ ...

"မဟုတ်ပါဘူး။ ကျွန်မ ဆိုလိုတာက တချို့က ဒီဘ မိန်းမလျာဘဝကိုပဲ ပီပီပြင်ပြင် ခံယူပြီး နေလိုက်ကြ တယ်။ သူတို့နဲ့ ကိုက်ညီတဲ့ *Professional* အလုပ်ကို လုပ်ကိုင်ပြီး ဒီအဝန်းဝိုင်း တစ်ခုထဲမှာပဲ နေကြတာမျိုး ရှိတယ်လေ ...

တခြားအလုပ်တွေက သူတို့နဲ့ အဆင်မပြေကြဘူး မဟုတ်လား။ ရှင်လည်း ကျွန်မတို့ဆီမှာ တစ်သက်လုံး နေနိုင်ရင် ကောင်းပါတယ်။ ဒါပေမဲ့ ရှင့်အခြေအနေက သူများအိမ်မှာ ဒီလို လုပ်နေရမယ့် အတန်းအစားမျိုးလည်း မဟုတ်ပါဘူး။ ရှင့် ပကတိအခြေအနေကို ရှင့်မိဘ၊ ညီ အစ်ကို မောင်နှမတွေက လက်ခံပြီး တစ်ခုခု စီစဉ်ပေးရင် ရှင်လည်း ဒီအိမ်မှာ ဆက်လုပ်ဖြစ်မှာ မဟုတ်တော့ဘူးလေ ...

အဲဒါကို ပြောချင်တာပါ"





မောင့်က တရှည်တလျား ရှင်းပြလိုက်လျှင် သူက မောင့်ကို အီလည်လည် ပြုံတီတီ ပြန်ကြည့်ကာ ...

"အို ... နန္ဒတို့ကတော့ ဘုရားဟောတရားတွေ အတိုင်းပဲ။ ပစ္စုပ္ပန်ပဲ ကြည့်တယ်။ အနာဂတ်အကြောင်း သိပ်မစဉ်းစားဘူး ...

ဒါပေမဲ့ လုပ်ချင်တဲ့ဆန္ဒ တစ်ခုတော့ ရှိပါတယ်။ ဒီအတိုင်းတော့ မပြောပြဘူး။ မောင့်ဆီက စကားတစ်ခွန်း သိရမှ ပြောပြမယ်"

မောင့်က သူ့အပြောကြောင့် မျက်ခောင်းထိုးရင်းမှ ကြည့်ကြည့်နူးနူး ပြုံးမိကာ ပြန်မေးသည်။

"ဘာစကားလဲ"

"သြော် ... မောင့်ဘဝ္ဒါတစ်ယောက် ခုချိန်မှာ ပေါ့ပေါ့ပါး ပါး နေနိုင်ပြီလားလို့ မေးချင်တာ"

"ဘာ ... ရှင် မေးတာ ဘာစကားလဲ။ ကျုပ်က ဘယ်တုန်းက မပေါ့မပါး ဖြစ်ခဲ့လို့လဲ"

"မွေးပြီးသွားလို့ ပေါ့သွားတာပေါ့။ အဲ ... ဟုတ်ပေါင်။ ဆောရီး ... ဆောရီး ... ငါ ဘာတွေပြောမိပါလိမ့် ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါဘူး၊ နန္ဒာ ဆိုလိုချင်တာက မောင့်အ
ယောက် စိတ်အလိုမကျမှုတွေကနေ အားလုံးကို သံသ
ရှင်းရှင်းနဲ့ လက်ခံနိုင်ပြီလား။ အဲလို မေးတာ”

“အင်း ... တော်သင့်သလောက်ပေါ့။ ဒါနဲ့ တစ်ခုမေး
မယ်။ ရှင်ရော ရှင့်ဘဝမှာ စိတ်ညစ်တာတွေ စိတ်ပျက်
တွေ မကြုံခဲ့ဖူးဘူးလား။ ကြုံခဲ့ရင်ရော ဘယ်လိုဖြေ
လဲ”

မောင့်က အတည်အတန့် မေးလိုက်လျှင် သူ့မျ
လုံးတွေက အရောင်ပြောင်းသွားသည်။ မောင့်အတွက် ဖျော်
သော ကော်ဖီခွက်ကို မောင့်ရှေ့သို့ လာချပေးရင်းမှ မော
မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ကာ ...

“ပြီးတာတွေကို အလွယ်တကူ မမေ့နိုင်တဲ့သူဟာ မနိုင်
ကို သယ်နေတဲ့ ခရီးသွားတစ်ယောက်နဲ့ တူတယ်။
ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ပြန်တွေးကြည့်ပြီး မ
မစီးနိုင် ဒါတွေကို ငါ ခံလိုက်ရတယ်လို့ တွေးနေ
အစား ဘယ်လိုကျော်လွှားဖြစ်ခဲ့တယ် ဆိုတာမျိုး တွေး
ပါလား ...





အတွေးဆိုတာ ရှုထောင့်အမျိုးမျိုးက တွေးလို့ရတာပဲလေ။ မောင့်လည်း ဒီယောကျ်ား ငါ့ကို ဒီလိုလုပ်သွားတာ ကျောသွားတာလို့ တွေးမယ့်အစား ဒီကိစ္စကို အံ့မစားဘူး၊ ဂရုမစိုက်ဘူး၊ ငါနဲ့မတန်လို့ သွားရတယ်လို့ တွေးနိုင်ရင် ကောင်းမယ်”

“ဒါပေမဲ့ ကျုပ်က မိန်းကလေးလေ။ ကျုပ်အရှက်တွေ သိက္ခာတွေ မကျပေဘူးလား”

“ဒါက မောင့်ရဲ့သတ်မှတ်ချက်အပေါ်မှာ မူတည်တယ်။ လောကမှာ ကိုယ့်ပယောဂ ကိုယ့်အမှားမပါဘဲနဲ့ ဆုံးရှုံးနစ်နာသွားတဲ့လူတွေ အများကြီးပဲ ...

ဒါကို ကိုယ် ကံဆိုးလိုက်တာလို့ ထိုင်တွေးနေရင် ကိုယ်ပဲ Stress ပိလာမယ်။ ဒါကြောင့် ရှင်းထုတ်နိုင်ရမယ် ...

ပြောတော့ လွယ်လိုက်တာလို့ ခံဖူးတဲ့သူတွေက ပြောကြမယ်။ ဦးနှောက်နဲ့ နှလုံးသားဟာ စက်မဟုတ်တဲ့အတွက် ကွန်ပျူတာ Hard Disk လို ပျက်သွားမှာတော့ မဟုတ်ဘူး။ ပြီးခဲ့တာတွေကို မမေ့နိုင်သလိုပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်က သန်းပေါင်းများစွာသော အကြော
တွေထဲမှာ တစ်ကြောတော့ ငြိနေလိမ့်မယ်။ ဒါ
အပြီးမရှင်းနိုင်ဘူးလား ဆိုတော့ error ဖြစ်နေတဲ့ D
တွေလို လုံးလုံးပျက်အောင် ဖျက်နိုင်တယ်ဆိုရင် ဦးနှော
ထဲမှာ ဖိစီးနေတဲ့ Stress တွေလည်း ရှင်းသွားမယ်လေ

ဒီသဘောပါပဲကွယ် ... ဟဲ ... ဟဲ ... ဟဲ"

တစ်လျှောက်လုံး ဟုတ်တိပတ်တိနှင့်
အကောင်းတွေ ပြောနေရာမှ အဆုံးသတ်၌ ဖောက်သွား
နန္ဒာကို မောင့်က မျက်စောင်းတစ်ချက် ပိတ်ထိုးမိသည်။ ဒါ
သူ့စကားတွေကိုတော့ မောင့် တစ်ဆိတ် အံ့သြမိသည်။
အထင်မကြီးသော မိန်းမလျှာတစ်ယောက်ထံက စကား
သိပ်လက်တွေ့ကျလွန်းကာ အမှန်တရားနှင့် နီးစပ်နေတာ
ဖြစ်လေသည်။

"ကဲ ... ရှင်မေးတာ ကျုပ်ဖြေပြီးပြီလေ။ ကျုပ်
ဖြေတော့။ ရှင် လုပ်ချင်တဲ့ ရည်ရွယ်ချက်က ဘာ

"မောင့်ကလေ ... တကယ့်ကို ငတုံးမလေးပဲ"

"ဘာ ... သေဦးမယ်နော်၊ အခြောက်စုတ်"





ဒီအခြောက်ဟာ စိတ်ရောမှန်ရဲ့လားမသိ။ တစ်ခါ
လေကျရင် မောင့်ကိုလည်း အိမ်ရှင်ရယ်လို့ ရိုသေမနေဘဲ သူ
ချင်ရာပြောသော အခြောက်ဖြစ်သည်။ ဒါပေမဲ့ သူဟာ
ောင့်တို့တူဝရီးအပေါ်မှာ ဘယ်လောက်သံယောဇဉ်ရှိတယ် ဆို
ာကို သိနေသောကြောင့်လည်း မောင့်မှာ စိတ်ဆိုးရအခက်၊
နှုတ်ပိတ်ရအခက် ဖြစ်လို့နေသည်။

အဲဒီအချိန်မှာပဲ အန်တီလေးက ထမင်းစားခန်းထဲ
ို့ ဝင်ရောက်လာသောအခါ သူက မောနင်းဟု ဟန်မူပိုပို နှုတ်
ဆက်ပြီးနောက် အန်တီလေးကို ပျာပျာသလဲ ခရီးဦးကြိုပြုသည်။
အန်တီလေးကလည်း ကျေနပ်စွာဖြင့် မိန့်မိန့်ကြီးပြုံးလို့ နေလေ
သည်။

"တီလေးရေ ... ဒီနေ့ မောနင်းဘရိတ်ဖတ်စ်က မြေရှီးတဲ့
မှီးရှည်ပါ၊ ကြိုက်တယ်ဟုတ် ! "

"ကြိုက်ပါ ... ကြိုက်ပါ"

"အိုခေ ... သုံးဆောင်တော့နော်၊ အေးရွှေမရေ ... ကြက်ရိုး
ဟင်းချိုလေး ခပ်ခဲ့ဟေ့။ တရုတ်နံနံ ထည့်မယ်နော်။ တို့
တီလေး သွေးကျအောင်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



အစာလည်းဆေး ဆေးလည်းအစာပေါ့ တီလေး
ရယ်”

မောင့်က ရွှန်းရွှန်းတွေ ဝေနေသော အခြောက် မျက်စောင်းတစ်ချက် ထိုးပေးရင်းမှ ကိုယ့်ရှေ့မှာ လာချပေးသော မြီးရှည်ကို တူနှင့်အသာနယ်မိသည်။

အနံ့အရသာနှင့် ပြည့်စုံသော မန္တလေးမြီးရှည်က စားချင်စဖွယ် အတိပင်။ သူဟာ အစားအသောက် ချက်ပြုတ်သည့် နေရာမှာတော့ သူ့မတူအောင် တော်ပါသည်။

“တီလေးရေ ... မောင့်က မေးနေတယ်။ နန္ဒာရဲ့ Plan က ဘာဖြစ်မလဲတဲ့။ သူ့ဟာသူတောင် မတွေးတတ်ဘူးလား မသိဘူးနော် ..

နန္ဒာ ဒီမှာ မလုပ်တော့ရင် နန္ဒာ့အဖေနဲ့ အစ်ကို တွေက နန္ဒာ့ကို အရှိအတိုင်း နားလည်လက်ခံပေးမှ အလုပ်တစ်ခု လုပ်ခိုင်းမယ်ဆိုရင် နန္ဒာ့အလုပ်ဟာ ဘာ အလုပ်ဖြစ်မယ်လို့ တီလေး ထင်လဲ”

“စားသောက်ဆိုင်ကောင်းကောင်း တစ်ခုပေါ့”





“Wow! ... တီလေးက သိပ်တော်။ ဟွန့် ... သူများတွေ များ ဒါလေးတောင် မစဉ်းစားမိဘူး”

မောင့်က တီလေးကို အံ့သြစွာ လှည့်ကြည့်လိုက် ရင် တီလေးက မြီးရှည်တစ်လုပ်ကို ဝါးရင်းမှ မောင့်ကို ဘယ့် နယ်ရှိစဟူသော အပြုံးမျိုးဖြင့် မျက်စပစ်ပြသည်။ မောင့် တကယ်ပဲ အံ့ဆန်းပါသည်။ အဲဒီလို အတွေးမျိုး မောင့် မစဉ်းစားမိချေ။ သူ့လက်ရာဟာ Professional တွေလို ကောင်းနေမှတော့ သူဟာ ကိုယ်ပိုင်စားသောက်ဆိုင် တစ်ဆိုင်ဖွင့်ဖို့ နီးစပ်သည်ပေါ့။

“ဟုတ်တယ် ? ။ ရှင်က စားသောက်ဆိုင် ဖွင့်မယ်ပေါ့”

“ဟုတ်ပါ့။ ဒေါ်မောင့်ဘဒ္ဒါ အဲဒါကြောင့် ရှင့်ကို မေးတယ် လို့ ပြောတာ၊ ဒဂုံပဲ ... ဟွန့်”

မောင့်က သူ့ပုံစံကို သဘောတကျဖြင့် ဟက်ခနဲ ရယ်မောမိသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် မောင့်ရဲ့နံနက်ခင်းလေး က စိုစိုပြည်ပြည်နှင့် ဝေဝေစည်စည် ဖြစ်လို့သွားလေပြီ။ ဘာကို သဘောကျမှန်းမသိ သဘောကျကာ အဲဒီနေ့ တစ်နေ့လုံး မောင် ပျော်စွာ ကျေနပ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့တော့ မောင့်ရဲ့စိတ်တွေ တည်ငြိမ် ကာ လောကကြီးကို တည့်တည့်မှ ရှုမြင်ခံစားတတ်လာပြီး ထင်ပါသည်။

○❦○





၁၄

အခုနောက်ပိုင်းမှာတော့ သူနဲ့ မောင့်ဘဒ္ဒါတို့၏ ဆက်ဆံရေးမှာ ပို၍ရင်းနှီးပြီး အစေးကပ်လာသည်ဟု ပြော၍ရလေ သည်။ မောင့်ဟာ အရင်လို တည်တည်တင်းတင်းကြီး မဟုတ် တော့ဘဲ သူ့ကို ဆွေးဆွေးနွေးနွေး ပြောပြောဆိုဆို ရှိလာသည်။ အရင်က သူ့ကို ထမင်းချက်တစ်ယောက်သဖွယ်သာ သဘောထား ခဲ့သော မောင့်သည် အခုတော့ ဟိုကိစ္စ ဒီကိစ္စလေးတွေ ပြောဆို တိုင်ပင်တာမျိုးလေးတွေ ရှိလာသည်။

အခုလည်းပဲ သူက မောင့်ခိုင်းလိုက်သော ကိစ္စတစ်ခု ကို ဆောင်ရွက်ပေးပြီး ပြန်အလာ အောက်ထပ်မှာ အန်တီလေး နှင့် ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား နန္ဒာ။ တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါ့။ အမယ်လေး ... ဘွားတော်က သူများဟာလည်း ငှားဝတ်သေးတယ်။ စစ်လား ဆေးလားနဲ့ ဟင်း။ ဆန်မရှိ အစားကြီးမ,ကြီးကများ"

သူ့စကားကို အန်တီလေးက ထုံးစံအတိုင်း သဘောကျ ရယ်မောကာ အပေါ်ထပ်သို့ လက်ညှိုးထိုးပြလျက် ...

"အပေါ်မှာ မောင့် ရှိတယ်။ တက်သွားပြီး ပြောလိုက်ဦးလေ"

"ဟုတ် ... တီလေး"

သူက အိမ်အပေါ်ထပ်သို့ တက်လာခဲ့ပြီးနောက် မောင့်ရဲ့အခန်းရှေ့သို့ရောက်လျှင် တံခါးခေါက်လိုက်သည်။ ဒီအိမ်သို့ ရောက်လာသည်မှာ ငါးလနီးပါး ရှိတော့မည် ဖြစ်သော်လည်း မောင့်ရဲ့အခန်းထဲသို့ တစ်ခါမှ မရောက်ဖူးသေးချေ။ ရောက်လည်း မရောက်ဖူးချင်ခဲ့ပါ။

သူက တံခါးကို တဒေါက်ဒေါက်နှင့် ခေါက်ကာ မောင့်ကို အသံပြုလိုက်သည်။

"မောင့်ရေ ... အို ... ဒေါ်မောင့်ဘဒ္ဒါ"





"နန္ဒာလား"

"ဟုတ်ပါ့၊ ပြန်ရောက်ပြီ မောင့်ရေ"

"ဝင်ခဲ့လေ"

"ဟင် ... အ ... အခန်းထဲကို ဝင်ခဲ့ရမှာလား"

"အေး ... ဝင်လာခဲ့"

သူက မျက်လုံးပြူး လျှာထုတ်ကာ မောင့်အခန်းရဲ့ တံခါးလက်ကိုင်ဘုကို အသာလှည့်ဖွင့်ပြီးနောက် အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲမှာက ဆွေးဆွေးလျှလျှ ညည်းဆိုနေသော အင်္ဂလိပ်တေးသွားတစ်ခုက ပျံ့လွင့်နေကာ အခန်းရဲ့အပြင်အဆင်က Romantic ဆန်စွာ ကျယ်ဝန်းသားနားလှသည်။ နှစ်ယောက်အိပ် ခုတင်၊ မှန်တင်ခုံ၊ စားပွဲခုံပုသေးလေးတစ်ခုနှင့် နှစ်ယောက်ထိုင် ဆိုဖာတစ်လုံး၊ နံရံကပ် LCD TV ၊ Sound Boxs များ၊ နံရံကပ် အဝတ်ဗီရိုကြီးတစ်ခု စသဖြင့် သူ့နေရာနဲ့သူ သပ်ရပ်သန့်ရှင်းနေသည်။

သို့သော် အခုချိန်ထိ မောင့်ရဲ့အရိပ်ယောင်ကို မမြင်ရသေးချေ။

"မောင့်ရေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အသံပြုလိုက်လျှင် ရေချိုးခန်းထဲမှ မောင့်အသံက ထွက်လာသည်။

"ခဏထိုင်ဦး။ ပြီးတော့မယ် ထွက်လာခဲ့မယ်"

သူက မျက်လုံးပြူးကာ ပခုံးတွန့်မိသည်။ ခဏထိုင်တဲ့။ ရေချိုးနေဟန်တူသော မောင့်ဘဒ္ဒါဟာ ဘယ်လိုပုံစံမျိုးနဲ့ ထွက်လာမှာပါလိမ့်။ သူက ရင်တဖိုဖိုနှင့်ပင် ဆိုဖာပေါ်မှာ ဝင်ထိုင်ကာ စောင့်နေမိသည်။ ဒီလိုမှန်းသိလျှင် သူ အပေါ်ထပ်သို့ ချက်ချင်းတက်မလာခဲ့ပါ။ ခုတော့ မမြင်သင့်တာတွေ မြင်ကုန်လျှင် ဒုက္ခ။

သူက မဖြစ်သေးသည့် အခြေအနေကို တွေးကြည့်ကာ ရင်တုန် ပန်းတုန် ဖြစ်လာသည်။ အဲဒီအခြေအနေမှာပဲ ရေချိုးခန်းတံခါးက ကျွီခနဲပွင့်လာကာ အထဲမှ ထွက်လာသောအသံကို စတင်ကြားရလျှင် သူသည် ခါတိုင်းလို ရဲရဲမော့မကြည့်ရဲဘဲ တရွေ့ရွေ့ နီးကပ်လာသော ခြေသံနှင့်အတူ သူက ပါကေးကြမ်းပြင်ကို စိုက်ကြည့်နေရာမှ မျက်လုံးကို တဖြည်းဖြည်းချင်း အပေါ်သို့ ရွေ့ကြည့်လျှင် ခြေမျက်စိနှင့် ခြေသလုံးသား ဖြူဖွေးဖွေးတို့ကို ပထမဆုံးမြင်သည်။





အဲ့ဒီမှာ ရင်တစ်ချက် ဆောင့်ခုန်သွားသည်။ ရန်ကုန်မြို့ပေါ်မှာ သွားလာလှုပ်ရှားနေသော ယောကျာ်းတစ်ယောက်အဖို့ မိန်းကလေးတစ်ယောက်၏ ခြေသလုံးသားဆိုတာ မပြောနှင့် ပေါင်လယ်အနေအထားကိုတောင် မမြင်ချင်မှအဆုံး ဖြစ်လေရာ ဒီခြေသလုံးသားလောက်တော့ အထူးတလည် စာဖွဲ့နေစရာမလိုပါ။ သို့သော် အဲဒီခြေသလုံးသားဟာ သူချစ်သော မိန်းကလေးတစ်ယောက်ရဲ့ ခြေသလုံးသားဖြစ်သည်။ ရေချိုးခန်းထဲက ထွက်လာပြီး ရေချိုးသန့်စင်ပြီးစ ရေစက်ဥလေးတွေ သီးနေသော ခြေသလုံးသားလေးဟာ သူ့ရင်ခုန်သံတွေကို ရိုးသားစွာ အခုန်မြန်စေပါသည်။

"အန်တီကြည်နဲ့ တွေ့ခဲ့လား"

သူ့မထံမှ စကားသံ ထွက်ပေါ်လာသည်။ သူက ခြေသလုံးသားကနေ၍ အကြည့်ကို နည်းနည်း အပေါ်သို့ ရွေ့လိုက်သည်။ အဝတ်ဖြူဝတ်ထားသော အလယ်ပိုင်းသားကိုပဲ တွေ့မြင်ရသည်။

"တွေ့ခဲ့ပါ၊ အဲဒီဘွားတော်က ပစ္စည်းတွေကို အတုလား အစစ်လား သေချာစစ်သေးတယ်။ ငှားဝတ်တာတောင် ကြီးကြီးကျယ်ကျယ်၊ ဟင်း … ဒေါ်ခင်ကြီးကျယ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက ဟက်ဟက်ပက်ပက် ရယ်မောသည်။ အဲဒီရယ်သံကြောင့် သူက မဝံ့မရဲ မော့ကြည့်လိုက်လျှင် မှန်တင်ခုံရှေ့က Lotion ဘူးကိုယူကာ သူ့ဘက်သို့ ပြန်လျှောက်လာလျက် ခုတင်ပေါ်မှာ သူမက ခြေချိတ်ထိုင်တာကို တွေ့လိုက်ရသည်။ အဝတ်ဖြူကို ရင်လျားထားကာ ခေါင်းလျှော်ထားသော ဆံပင်တွေကို တဘက်နှင့်ပေါင်းထားသော သူမက သူ့ရှေ့တည့်တည့်က ခုတင်အစွန်းမှာ လာထိုင်ကာ Lotion လူးရင်း စကားပြောသည်။

"သူက အဲလိုပဲ။ အထည်ကြီးပျက်လေ။ အောက်ကလည်း နေသေးတယ်၊ ဟာလေးကလည်း မလျှော့ချင်တဲ့ လူစားမျိုးပေါ့ ...

မမေ့သူငယ်ချင်းပါ။ မေမေ ရှိတုန်းတည်းက ပတ်သက်နေကြတာဆိုတော့ မျက်နှာမပျက်ချင်ဘဲ ငှားလိုက်ရတဲ့ သဘောပါပဲ"

"ဩော် ... ဩော် ... ဩော်"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူမကို ငေးကြည့်မိသည်။ တဘက်အဖြူရောင်ကို ရင်လျားထားသော သူမ





ဟာ လုံလုံခြုံခြုံပဲ ဖြစ်ပါသည်။ ညဉ့်ခံပွဲတွေမှာ မင်းသမီးတွေ ဝတ်သလိုမျိုး အပေါ်ရင်လျား အောက်ပေါင်လယ်တိုလောက်တောင် မဆိုးချေ။ ခြေသလုံးထိ ဖုံးထားသေးသည်။ ဘာမှ Sexy မဖြစ်ပါ။ ဒါပေမဲ့ အများပြည်သူ ပရိသတ်ပဲ စဉ်းစားကြည့်ကြပါကုန်။ သူဟာ အခြောက်စစ်စစ် မဟုတ်၊ ပြီးတော့ သူ ရောက်နေသော နေရာဟာလည်း သူမရဲ့အခန်း၊ ပြောရလျှင် အပျိုခန်းထဲမှာ အပျိုတစ်ယောက်ဟာ ရေချိုးပြီးစ ရှင်းသန့်လတ်ဆတ်သော အနေအထားဖြင့် သူ့ကို တလွတ်တလပ် တရင်းတနှီး စကားတွေ ပြောနေသည်။

ဒီအဖြစ်အပျက်ကို သူ လိပ်ပြာမသန့်နိုင်ချေ။ သူမက ခေါ်လို့ ဒီအခန်းထဲသို့ ရောက်လာတာဖြစ်ပေမယ့် ဒီထဲမှာထိုင်တာ သူမကို အသားယူပြီး မျက်စိအရသာ မခံချင်ပါ။ သူမကို ချစ်လွန်းသောကြောင့် ဒီအိမ်ထဲသို့ ရောက်လာခဲ့ပေမယ့် သူဟာ အခွင့်အရေးသမား မဟုတ်ချေ။ ဒါကြောင့် သူက ထိုင်ရာမှထတာ ...

"မောင့် ... နန္ဒာ သွားတော့မယ်။ တီလေးကို ဆေးတိုက်ရဦးမှာမို့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... နေစမ်းပါဦး။ ရှင်ကလည်း ဘယ်လိုဖြစ် နေတာလဲ၊ ဒီမှာ ကျုပ်ဆံပင်ကို Dryer ဆွဲခိုင်းမလို့"

သူမက ခေါင်းပေါ်ကပဝါကို ဆွဲဖြုတ်ကျလိုက်လျှင် ဆံနွယ်တွေက ပခုံးနှင့်ကျောပေါ်သို့ ဝဲခနဲ ပြုတ်ကျလာသည်။ ရေစိုဆံနွယ်တွေဖြင့် အခုမှ Sexy ဖြစ်သွားသော သူမပုံစံကိုကြည့်ကာ သူက တွန့်ခနဲ ဖြစ်သွားရသည်။

"ဟို ... Dryer ဆွဲရမယ်"

"အေးလေ ... ဘာဖြစ်နေတာလဲ"

"ဘ ... ဘာမှ မဖြစ်ပါဘူး။ ဟို ... ဆံပင်က သိပ် ခြောက်သေးဘူးလားလို့"

"ခြောက်ပါပြီ။ ကျုပ်က ခေါင်းကို အရင်လျှော်ပြီး ပေါင်း ဆေးနဲ့ ပေါင်းထားတာ၊ ပြီးမှ ပြန်သုတ်ထားတာ။ နောက် ဆုံးမှ bath-tub နဲ့ စိမ်နေတာ ...

ခြောက်နေပြီ၊ ခပ်ထိုင်းထိုင်းပဲ ရှိတော့တာ။ ရော့ Dryer ဆွဲမယ်။ ရှင်က မိတ်ကပ်မပြင်တတ်ပေမယ့် Dryer ဆွဲတာလောက်တော့ ဖြစ်တယ် မဟုတ်လား"

"အင်း ... ဖြစ်ပါတယ်လေ၊ ဖြစ်ရတော့မှာပေါ့"





သူက သူ့အစီပွာယ်နဲ့သူ ပြောတာကို သူမက ပြုံး ကာ အသာလှည့်ကြည့်သည်။ လည်ပင်လေးလိမ်ပြီး လှည့်ကြည့် ပုံဟာ အင်မတန် Cute ဖြစ်တာမို့ သူက ရင်သပ်ရှုမော ဖြစ်သွား ရသည်။ သူ့ရဲ့စိတ်ကူးယဉ်အိပ်မက်ထဲမှာ သူမနဲ့ သူနဲ့က ညား ခါစဇနီးမောင်နှံ ဖြစ်သွားရသည်။ သူက ဇနီးချောလေး ရေချိုး ခန်းထဲက ထွက်လာတာကို ကြင်နာစွာဖြင့် စောင့်မျှော်နေပြီး နီးမ ခေါင်းလျှော်လာတာ ယုယစွာဖြင့် Dryer မှုတ်ပေးသော ခင်ပွန်း ဖြစ်သွားသည်။

"ဖြစ်ရင် လာ။ ဆွဲမယ်"

"ဘာကို ဆွဲရမှာလဲ"

သူ့အမေးကြောင့် သူမက သူ့ကို လှည့်ကြည့်ကာ ျက်စောင်းထိုးသည်။ အဲဒီမျက်စောင်းကြောင့် သူက သက်ပြင်း ာကြီးတစ်ခုကို လေးဖင့်စွာ ချမိလေသည်။ အဲဒီနောက် မှန် င်ခုံပေါ်မှ Hair Coat ဘူးလေးကိုယူကာ သူမရဲ့ဆံနွယ်တွေကို မ်းကျဲပေးမိသည်။

"Dryer ဆွဲပါဆို ဘာတွေ လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ညည်းဆံပင်ကို Hair Coat လိမ်းပေးနေတာ
ခေါင်းလျှော်ပြီး မခြောက်တခြောက်ဆံပင်ကို Hair Co
လိမ်းပေးတာက အထိရောက်ဆုံး ဆိုတာ မသိဘူးလား
ဒါမှ Dryer အပူကိုလည်း ခံနိုင်မှာပေါ့"

"အဟား ... သိသားပဲ။ တမင်မေးကြည့်တာ"

"ဟင် ... ကျုပ်ကိုများ ခပ်တုံးတုံး နလပိန်းတုံးများ
နေသလား"

"ဒါဖြင့်ရှင် ရှင်က ဘယ်လိုလုပ် သိသလဲ"

"စာဖတ်တာပေါ့ဟဲ့၊ ကျုပ်က စာဖတ်တာ ဝါသ
တယ်"

သူက Hair Coat လိမ်းပေးပြီးသွားပြီမို့ Dry
ပလပ်ထိုးကာ သူမဆံပင်တွေကို မှုတ်ပေးဖို့ပြင်သည်။ အ
အပြောက်ရယ်လို့ တစ်စုံတစ်ရာမရှိဘဲ ဝင်းမွတ်ချောမွေ့
နေသော ကျောပြင်လေးကို ပွတ်သပ်နမ်းရှိုက်ပစ်ချင်စိတ်က
ဖွား ပေါ်ပေါက်လို့လာတာမို့ သူက အံတင်းတင်းကြိတ်မိ

ဒါကို သူမက မှန်ထဲမှ မြင်သွားကာ ...





"ဟယ် ... ရှင် ဘာလို့ အံကြိတ်ကြိတ်နေရတာလဲ"

"ရိုက်ချင်လို့"

"ဟင် ... ဘာကို ရိုက်ချင်တာလဲ"

"မောင့် ကျောကိုပေါ့။ မောင့် ကျောပြင်က အရမ်းလှတယ်။ အသားပြည့်ပြီး ပြန့်ပြန့်ပြူးပြူးလေး ဖြစ်နေတာ၊ ဒါကြောင့် မနာလိုလို့ ရိုက်ပစ်ချင်တာ ...

မောင့်ရယ် ... မောင့်က သိပ်လှတာပဲ။ ယောကျ်ား တစ်ယောက်အတွက် ရင်အခုန်ဆုံး အနေအထားမှာရှိတယ်။ ဒါကို ဒီအတိုင်းကြီး နေသွားရင် နမြောစရာကြီး ပျင်းစရာ ကြီး"

သူမက ပိုရန်ကောဟူသော ပုံစံဖြင့် နှုတ်ခမ်းကို တစ်ချက်မဲ့ပြသည်။ သူက သေမယ်ဟူသော သဘောဖြင့် ဘီးနဲ့ ရွယ်လိုက်လျှင် သူမက ဟက်ဟက်ပက်ပက်ကြီး ရယ်မောလေ သည်။ ကြာရင်တော့ သူ ရူးတော့မည် ထင်ပါသည်။ အေးလေ ...လည်း ရူးနေတာပါပဲ။ တွေ့ခါစတည်းက ရူးသွားခဲ့တာမို့လည်း ...လို မိုက်မိုက်မဲမဲ အလုပ်တွေ လုပ်ခဲ့ခြင်းလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုသာ ပြောနေ။ ရှင်ကရော ယောကျ်ားယူမှာလား။ မိန်းမယူမှာလား"

"ရတဲ့ဟာ ယူမှာ"

သူ့အပြောကို သူမက သဘောကျစွာဖြင့် ခိုးခိုးခ
ခစ် ရယ်မောသည်။ အဲဒီရယ်မောပုံဟာ ချစ်စဖွယ်ကောင်းလွန်
တာကြောင့် သူက သူမရဲ့ခေါင်းကို စိတ်ရှိလက်ရှိ ကိုင်ဆော
ပစ်ချင်လှသည်။

"မောင့်ဘဒ္ဒါ"

"ဘာတုန်း"

"အမယ်လေး ... ထူးသံကလည်း ချိုသာလိုက်တာ"

"ပြော ... ဘာပြောမှာလဲ"

"ဩော် ... မောင့်လည်း နန္ဒာနဲ့ တွေ့တော့မှပဲ ရယ်
တော့တယ်နော် လို့"

"အောင်မာ ... အစကတော့ ငိုနေတာကျလို့"

"မငိုပေမယ့် မပျော်နိုင်ဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် ...
ပိတ်ထားတဲ့ စိတ်ဓာတ်နဲ့ လူလုပ်နေတာ မိုက်မ...
တာ ..."



ကိုယ်က မှားခဲ့တယ်ဆိုလည်း ထားဦး။ ကိုယ်က
လည်း မှားတာမှ မဟုတ်တာ။ အဖြစ်အပျက် တစ်ခုပေါ်မှာ
ဝါးလုံးရှည်နဲ့ သိမ်းကျုံးယမ်းပြီး ယောကျ်ားမှန်သမျှကို
မျက်လုံးစိမ်းနဲ့ ကြည့်နေရင် တစ်နေ့ ခင်ဗျားလေး နောင်တ
ရနေရလိမ့်မယ်နော်၊ ဟင့် ... မပြောမရှိနဲ့"

"အံမာ ... ဘာကိစ္စ ကျုပ်က နောင်တရ,ရမှာလဲ"

"မောင့်ကို သိပ်ချစ်ပြီး မောင့်အပေါ်လည်း သိပ်ကောင်းမယ့်
ယောကျ်ားတစ်ယောက်ယောက်နဲ့လွဲလို့ ဖြစ်ရမယ့် နောင်တ
ပေါ့"

"ဟွန့်"

သူမက ဘာမှပြန်မပြောတတ်လျှင် လုပ်နေကျပုံစံ
...တိုင်း ဟွန့်ခနဲ နှုတ်ခမ်းမဲ့သည်။ အဲဒီပုံစံလေးဟာ အင်မတန်
...သည်းယားဖို့ ကောင်းသည်။ သူသည် ဟင်းခနဲပဲ သက်ပြင်းကို
...ာင့်ချပြီးနောက် လက်ထဲက Dryer ကိုပါ ချလိုက်တော့ကာ ...

"ကဲ ... မောင့်ဘဒ္ဒါ။ အအေးလည်း ပတ်နေဦးမယ်။
အကျီဝတ်တော့ ဆံပင်လည်း ခြောက်ပြီ။ နန္ဒာ ညနေစာ
သွားစီစဉ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... သင့်ခ်ယူ။ အင်း ... ကျုပ် တစ်ခုတွေးမိတယ် သိလား။ မင်းသမီးတွေရဲ့ တိုးတိုးဖော်ဟာ သူတို့ရဲ့မိတ်ကပ်ပညာရှင်တွေတဲ့ ...

ကျုပ်ရဲ့တိုးတိုးဖော်ကတော့ ကျုပ်ရဲ့စားဖိုမှူး ဖြစ်နေမလား မသိဘူးနော် ...

ရှင်ပြောသလို ကျုပ်အပေါ်မှာ သိပ်ချစ်ပြီး သိပ်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့လာခဲ့ရင် ရှင့်ကို အရင်ဆုံး ပြောပြမယ်"

သူက ဘာမှမဖြစ်သလို ပုံစံဖြင့် ပခုံးတစ်ချက်တွန့်ကာ မျက်လုံးပြူးပြပြီး ထွက်လာခဲ့သော်လည်း ရင်ထဲမှာတော့ တိတ်တိတ်လေး ပြောနေခဲ့မိသည်။ အဲဒီလိုကောင်းတဲ့ ယောကျ်ားဟာ မင်းကို ထမင်းကောင်းကောင်း ချက်ကျွေးနေတယ်လေ။

---



## ၁၅

"ဒေါ်ထားထားသွယ်"

ဆရာဝန်ကြီး ဆေးကုသမည့် အခန်းထဲမှ နာ့စ်က ခေါင်းပြူပြီး ထွက်လာကာ အန်တီလေးရဲ့နာမည်ကို ခေါ်လိုက်လျှင် အန်တီလေးက မတ်တတ်ထရပ်သည်။

"မောင့် နေရင် နေခဲ့လေ။ ရပါတယ်"

အထူးအဆွေလည်း ဘာမှမဖြစ်တာမို့ မောင့်က အတွင်းသို့ လိုက်မနေတော့ဟု ဆုံးဖြတ်လိုက်ကာ အန်တီလေးကို ခေါင်ညိတ်ပြလိုက်သည်။ အန်တီလေးက ဒီအထူးကုဆေးခန်းကြီးမှာ နှစ်ပတ်တစ်ခါ (သို့) တစ်လတစ်ခါမျှ ဆရာဝန်ကြီးနဲ့ အမြဲမပြတ် လာပြနေရသူ ဖြစ်သည်။ ဆရာဝန်ကြီးရဲ့ ဂရုတစိုက်က

www.burmeseclassic.com

www.burmeseclassic.com



မှုနှင့် စိတ်အေးသက်သာစွာ နေထိုင်ရမှုတို့ကြောင့် အန်တီလေးရဲ့ နှလုံးရောဂါဟာ သက်သာသည်ဟု ပြောရ၍ရသော အနေအထား မှာရှိသည်။

မောင့်က အန်တီလေးနောက် လိုက်မသွားတော့ဘဲ အပြင်ဘက်မှာသာ ထိုင်စောင့်ပြီး ကျန်ရစ်နေခဲ့သည်။ ဆေးခန်း ထဲမှာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုနေတုန်းမှာပဲ အခန်းတစ်ခန်းထဲမှ ထွက်လာသော အမျိုးသမီးတစ်ယောက်သည် မောင့်ရဲ့အနားမှ ဖြတ်အသွားမှာပဲ ယိုင်ခနဲ ဖြစ်သွားသောကြောင့် မောင့်က ကမန်း ကတန်းထကာ ဖမ်းပြီးထိန်းပေးထားလိုက်ရသည်။

"အန်တီ ရရဲ့လား။ သက်သာရဲ့လားဟင်"

"အင်း ... ကျွတ် ... ကျွတ် ... ရတယ် သမီး။ သက်သာ ပါတယ်၊ ကျေး ... ကျေးဇူးပဲ"

"ခဏထိုင်ပါလား အန်တီ။ အန်တီ့ကြည့်ရတာ မူးနေသလို ပဲ"

"အင်း ... ဟုတ်တယ်"

"ခဏထိုင်နားလေ အန်တီ။ အခုမှ ဆရာဝန်နဲ့ ပြလာတာ လား"



"ဟုတ်တယ်။ ခုတင်ပေါ်က ရုတ်တရက် ထထိုင်လိုက် ကတည်းက မိုက်ခနဲဖြစ်ပြီး မူးသွားတာ။ ရပါတယ်လေ ဆိုပြီး ထွက်လာခဲ့တာပဲ ...

မူးရိပ် မူးရိပ် ဖြစ်နေတာလေ"

"ဪ ... ဖြစ်ရလေ အန်တီရယ်။ အဖော်မပါဘူးလား ဟင်"

"မပါဘူး သမီးရဲ့။ ခါတိုင်းလည်း ဒီလိုပဲ လာပြနေကြ လေ။ ဒီနေ့တော့ ရာသီဥတုက ပိုပူနေလား မသိပါဘူး။ အန်တီက သွေးတိုးရှိတယ်လေ။ သွေး ခဏ ခဏ တက် နေလို့"

"ဪ ... ဒီပန်းပေါင်းစုံ ရှူဆေးလေး ရှူလိုက်ပါလား အန်တီ၊ ခဏလေး ထိုင်ပါဦး၊ နားနားနေနေပေါ့"

မောင့်က ကိုယ့်အမေနဲ့ ဆင်သလိုလိုရှိသည့် အန်တီ ကြီးကို ဘာ့ကြောင့်မှန်း မသိဘဲ မြင်မြင်ချင်းပင် ခင်မင်ကရုဏာ သက်သွားရကာ အိတ်ထဲကနေ၍ အန်တီလေးရဲ့ ပန်းပေါင်းစုံ ရှူဆေးဘူးကို ထုတ်ပေးမိကာ အန်တီလေးရဲ့ နံ့သာဖြူယပ်တောင် ဖြင့် အသာအယာ ယပ်ခတ်ပေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအန်တီကြီးရဲ့ပုံစံဟာ ကြွယ်ကြွယ်ဝဝထဲက ပုံစံမျိုးထဲကလည်း ဖြစ်ပုံရရဲ့သားနဲ့ ဘာ့ကြောင့်များ အဖော်သဟဲမပါဘဲ တစ်ကိုယ်တည်း ရောက်လာရတာပါလိမ့်၊ တကယ်ဆိုသမီးလေးဖြစ်ဖြစ်၊ တူမလေးပဲဖြစ်ဖြစ်၊ နောက်ဆုံး အိမ်အကူကောင်မလေးတစ်ယောက်နဲ့ပဲဖြစ်ဖြစ် လာသင့်သည်ဟု မြင်သည်။ မောင့်က ယပ်တောင်ဖြင့် နံ့သာဖြူရနံ့လေးရအောင် ခတ်ပေးနေရင်းမှ ...

"နောက်ဆို အဖော်လေးနဲ့လာပေါ့ အန်တီရယ်။ တစ်ယောက်တည်းကျတော့ တစ်ခုခုဆို မကောင်းဘူးပေါ့"

"အင်း ... အိမ်မှာကလည်း လူပိုက မရှိဘူး သမီးရဲ့။ အမျိုးသားကလည်း ရုံးတက်နေရတာလေ။ နောက်တော့ ... ကလေးမလေးတစ်ယောက်လောက်ခေါ်ဖို့ စိတ်ကူးထားတာပါပဲ ...

ရှူး သမီးလေး။ အမူးပြေသွားပါပြီ။ သက်သာသွားပြီ။ ကျေးဇူးပါပဲကွယ် ... ရပါပြီ"

ရပါပြီ ဆိုသော်ငြားလည်း မောင့်က ယပ်တောင်ကို ဆက်ခတ်ပေးနေရင်းမှပဲ ...





"အန်တီက ဘယ်မှာနေတာလဲ။ ကျွန်မ လိုက်ပို့ပေးမယ်လေ"

"အို ... ရပါတယ်။ အန်တီက နီးပါတယ်၊ ဒီနားတင်ပါပဲ"

"အားမနာပါနဲ့ အန်တီ။ အန်တီ့ ကြည့်ရတာ ကောင်းကောင်း နေကောင်းပုံလည်း မပေါ်တော့လေ ...

တော်ကြာ လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ပါ။ ကျွန်မကလည်း အန်တီ့ကို ဆေးခန်းလာပြတာလေ။ ခဏနေရင် အန်တီလေးက ဆေးခန်းထဲက ထွက်လာတော့မှာပါ ...

အဲဒီကျရင် ကျွန်မ အန်တီ့ကို အိမ်အထိ ပြန်လိုက်ပို့ပါ့မယ်"

"အားနာပါတယ် သမီးရယ်။ ရပါတယ် တကူးတကကြီးမို့ သမီး အလုပ်ပျက် အကိုင်ပျက် ဖြစ်နေပါ့မယ်"

"မဖြစ်ပါဘူး။ အချိန်လည်း ရပါတယ်။ အားမနာပါနဲ့ အန်တီ။ ကျွန်မှာလည်း အမေ မရှိတော့လေ ...။ ဒီလိုပဲ ကိုယ်ချင်းစာပြီး ကူညီချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သာခုကွယ်၊ သာခု ... သာခု"

မောင့်က အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ချစ်စဖွယ်ကောင်းသော အန်တီကြီးကို ငေးနေတုန်းမှာပဲ အန်တီလေးက ဆေးခန်းထဲမှ ပြန်ထွက်လာသည်။

"အန်တီလေးရေ ... ဒီ အန်တီကလေ အဖော်မပါဘဲ တစ်ယောက်တည်း လာတာ၊ အဲဒါ အခု နည်းနည်းမူးနေတာနဲ့ အိမ်ပြန်လိုက်ပို့မလို့လေ"

အန်တီလေးနှင့် ထိုအန်တီကြီးမှာ ဆေးခန်းပြရင်း မျက်မှန်းတန်းမိပုံ ပေါ်လေသည်။

တစ်ယောက်နဲ့ တစ်ယောက် အပြုံးနှင့် နှုတ်ဆက်ကြပြီးမှ ...

"လိုက်ပို့လိုက်လေ။ အားမနာနဲ့ အန်တီ။ ကျွန်မတို့က အချိန်ရပါတယ်။ ဘယ်ကို လိုက်ပို့ရမှာလဲဟင်"

"ဆင်ဖြူရှင်ရိပ်သာပါ။ ဒီနဲ့ဆို နည်းနည်းလှမ်းတော့ လိုက်ပို့တာ အားနာပါတယ်ကွယ်"

"အားမနာပါနဲ့။ ကဲ ... သွားကြရအောင်"





မောင့်က ကားမောင်းကာ ထိုအန်တီကြီးက ဘေးက ထိုင်သည်။ ကိုယ်က စေတနာနှင့် လိုက်ပို့တာမို့ အန်တီကြီးကို အာလာပသလ္လာပ ပြောချင်သော်လည်း သူ့အကြောင်း ကိုယ့်အကြောင်း ပြောရမှာမို့ စပ်စုတယ်ဖြစ်မှာ စိုးသဖြင့် မပြောတော့ချေ။

ထိုအန်တီကြီးကလည်း တိတ်ဆိတ်စွာပင် ငြိမ်သက်ရင်း လိုက်ပါသည်။ တစ်ချက် တစ်ချက်တော့ မောင်က လှည့်ကြည့်ကာ ပြုံးဖြဖြစ်သည်။ အန်တီကြီးက မောင့်ကို နှစ်လိုဖွယ်ကောင်းသော အပြုံးဖြင့် ငေးကြည့်ရင်း ...

"သမီးပုံကို ကြည့်ရတာ သိပ် Bright ဖြစ်တာပဲ။ စပ်စုတယ်တော့ မထင်ပါနဲ့နော်။ ဘာအလုပ် လုပ်လဲဟင်"

"ဒီဇိုင်နာပါ အန်တီ။ ဖက်ရှင်ဆိုင်တွေလည်း ဖွင့်ထားပါတယ်"

"ဩော် ... ဩော် ... ကောင်းပါတယ်ကွယ်။ ဒီဇိုင်နာဆိုတာလည်း ပညာရှင်တစ်ယောက်ပါပဲ။ ကိုယ့်ပညာနဲ့ ကိုယ်၊ ကိုယ့်ခြေထောက်ပေါ်မှာ ရပ်တည်နိုင်တာလည်း ဂုဏ်ယူစရာ တစ်ခုပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီကတော့လေ ဒီနေ့ခေတ် အမျိုးသမီးလေးတွေ အပျိုပဲဖြစ်ဖြစ် အိမ်ထောင်ရှင်ပဲဖြစ်ဖြစ် လုပ်ငန်းခွင်ထဲမှာ ထက်မြက်ထူးချွန်နေတာ မြင်ရင် သိပ်သဘောကျတာပဲ"

"ဟုတ်ကဲ့"

မောင်က အသာပြုံးရင်း ခေါင်းညိတ်ပြမိသည်။ အင်းလျားကန်အနီးက ဆင်ဖြူရှင်ရိပ်သာရှေ့သို့ရောက်၍ ကားရပ်ပေးလိုက်လျှင် အန်တီကြီးက မဆင်းသေးဘဲ ...

"ဒီက သမီးရော၊ ညီမလေးရော ဆင်းကြပါဦး။ အိမ်ထဲဝင်ပြီး ခဏလောက် ထိုင်ကြပါဦးနော်"

"ရပါတယ် အန်တီ။ နေပါစေ ... မဆင်းတော့ပါဘူး"

"မဟုတ်ပါဘူးကွယ်။ ခဏလောက်တော့ ဆင်းကြပါ။ မဟုတ်ရင် ကိုယ်ကို တကူးတက လိုက်ပို့တဲ့ သူတွေကို အိမ်ထဲတောင် ဝင်မထိုင်ခိုင်းရဘူး ဆိုပြီး စိတ်မကောင်းဖြစ်နေလိမ့်မယ်"

မောင့်က တညွတ်တနူး ပြောနေသော အန်တီကြီးကို အားနာသောကြောင့် နောက်ကြည့်မှန်ထဲမှနေ၍ အန်တီလေးကို





ဆင်းဖို့ အချက်ပြလိုက်ကာ ကားပေါ်မှ ဆင်းလိုက်ကြသည်။ အန်တီကြီးက အိမ်တံခါးကို သော့ဖွင့်ကာ ဝင်သွားပြီး မောင့်တို့ကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်သည်။ အရာရှိရိပ်သာမို့ သပ်ရပ်သန့်ရှင်းနေသည်။

"ထိုင်ကြဦးနော် သမီးတို့။ ကိုယ်တိုင် ဖျော်မတိုက်နိုင်ပေမယ့် အအေးလေးတော့ သောက်သွားကြပါဦး"

"ရပါတယ် အန်တီရယ်။ မလုပ်ပါနဲ့"

"ဪ ... အမောပြေပေါ့။ နေပူတော့ အအေးလေးတော့ သောက်ပါ"

အန်တီကြီးက နောက်ထဲသို့ ဝင်သွားလျှင် မောင့်အန်တီလေးက တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြမိကြသည်။ ညှိသည့်စိမ်းတို့၏ ထုံးစံအတိုင်း ဧည့်ခန်းကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုမိကြသည်။ အဲဒီမှာပဲ မောင့်ရဲ့မျက်လုံးတွေသည် နံရံမှာချိတ်ထားသော ဘွဲ့ဓာတ်ပုံတစ်ပုံကို သွားမြင်သည်။ ဓာတ်ပုံထဲမှာတောင် တည်တည်ကြည်ကြည် မရှိဘဲ စပ်ဖြဲဖြဲ ပြုံးပြနေသည့်မျက်နှာတစ်ခုကိုမြင်လျှင် မောင့်သည် အကြီးကျယ်ပဲ အံ့သြသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှ ဟုတ်ရဲ့လား ဟူသော အတွေးဖြင့် သားက ဓာတ်ပုံကြီးကို ထပ်ကြည့်မိလျှင် မိဘနှစ်ပါးရဲ့အလယ်မှာ ဝင်ရပ်ပြီး ရိုက်ထားသော မိသားစုသုံးဦး၏ မိသားစုဓာတ်ပုံကြီးထဲတွင် မင်းနန္ဒာကို အပြင်ရုပ်နဲ့ထပ်တူ အနီးစပ်ဆုံး ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလေသည်။

"အန်တီလေး"

"မောင့်"

မောင်နဲ့ ထပ်တူပဲ မြင်ရာမည်ဖြစ်သော အန်တီလေးနဲ့ မောင့်သည် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပြိုင်တူခေါ်မိကာ လက်ကုတ်မိကြသည်။

"သူ ... သူက မင်းနန္ဒာ မဟုတ်လား"

အန်တီလေးထံမှ မေးသံက အရင်ထွက်ပေါ်လာသည်။ မောင့်က ဓာတ်ပုံကို သေချာအောင် စူးစိုက်ကြည့်ပြီးတော့မှ ...

"သိပ်ဟုတ်တာပေါ့၊ တိုက်ဆိုင်လိုက်တာ ကြည့်စမ်း၊ ဒါ မင်းနန္ဒာတို့အိမ်ပဲ ဖြစ်ရမယ်"





"အေးဟယ် ... ဒါဆို အခုနက အန်တီကြီးက မင်းနန္ဒာရဲ့ အမေပေါ့။ သနားပါတယ်၊ သူ့ခမျာတော့ ဆေးခန်းကို တစ်ယောက်တည်းလာလို့ ...

သူ့သားကတော့ တို့ စားဖို့ သောက်ဖို့ အိမ်မှာချက်ပြုတ်နေရတယ်၊ သူ့အမေကြီးကတော့ ဆေးခန်းမှာတောင် မူးလဲတော့မလို့။ ဟင်း ...

ဘယ်လိုလုပ်မလဲ မောင့်။ နင် ဆွေမျိုးစပ်မှာလား"

မောင့်ကတောင် ဘာမှပြန်မပြောရသေး။ အန်တီကြီးက လင်ပန်းတစ်ချပ်ထဲမှာ လိမ္မော်ရည်နှစ်ဘူးရယ်၊ မုန့်ပန်းကန်ရယ်ကို ထည့်ကာ ယူဆောင်လာသည်။ မောင်တို့ရှေ့မှာ ချပေးရင်းမှ ...

"သုံးဆောင်ကြပါဦး။ အမောပြေ လိမ္မော်ရည်လေး သောက်ပါဦးနော်"

"ရပါတယ် အန်တီရယ်။ အားနာစရာ။ အန်တီက သိပ်နေကောင်းတာလည်း မဟုတ်ဘဲနဲ့။ နားနားနေနေ နေပါ"

"ရပါတယ်၊ သောက်လိုက်ကြဦး သမီးတို့။ အိမ်မှာက အန်တီတစ်ယောက်တည်းရှိတာ။ အမျိုးသားက ရုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ အရင်တုန်းက တူမတစ်ယောက် ရှိပေမယ့် အိမ်ထောင်ကျသွားတာနဲ့ သူ့အမျိုးသားနောက် ပါသွားရောလေ ...

ဪ ... စကားတွေသာ ပြောနေတာ။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောပြီး မိတ်မဆက်ကြရသေးဘူးနော်။ အန်တီ့နာမည်က ဒေါ်နန္ဒာအေးပါ။ အမျိုးသားကတော့ ဦးကျော်မင်း။ သားကတော့ တစ်ယောက်ပဲရှိတယ်။ မင်းနန္ဒာတဲ့"

မောင့်ခေါင်းထဲတွင် ဒိန်းခနဲ ဖြစ်သွားပြီးနောက် အန်တီလေးနှင့် မောင့်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိကြသည်။ တစ်ခုခုတော့ လွဲနေပြီဆိုတာ မောင့်ခေါင်းထဲတွင် အလိုအလျောက် သိလိုက်လေသည်။ မင်းနန္ဒာပြောတော့ ညီအစ်ကိုချည်း သုံးယောက်တဲ့။ အခုတော့ သားတစ်ယောက်တည်း မွေးထားတာတဲ့။ အန်တီကြီးကတော့ လိမ်မည်ဟုမထင်ပါ။

မောင့်သည် တဒိတ်ဒိတ် ခုန်လာသော ရင်အစုံဖြင့် "အန်တီ့သားက အခု ဘယ်မှာလဲဟင်"





"သားက သူ့သူငယ်ချင်းတွေနဲ့ ဘီယာဆိုင်ဖွင့်ထားတာကို ရှယ်ယာဝင်ထားတော့ အဲဒီမှာ သွားထိုင်ပေးရတယ်။ ညမိုးကြီးချုပ်မှ ဆိုင်ပိတ်တော့ အိမ်ပြန်မလာတော့ဘူး ... တစ်ပတ်မှ တစ်ခါပဲ ပြန်လာတာ"

သွားပြီ။ လုံးဝတော့ လွဲနေပြီ။ မောင့်နှင့် အန်တီလေးမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြန်သည်။

"သား ရှိရင်တော့ မပျင်းရပါဘူး။ သားက ဟင်းချက်လည်း ကောင်းတော့ အိမ်မှာဆို မျိုးစုံချက်ကျွေးနေတာ ...

သူက Hotel Management လိုင်းကို ယူထားပေမယ့် တကယ်တမ်း ဝါသနာပါတာက ချက်တာ ပြုတ်တာဖြစ်နေတယ်။ သူများဆီမှာ အလုပ်မလုပ်ချင်လည်း ကိုယ့်ဟာကိုယ် စားသောက်ဆိုင်ကောင်းကောင်းတစ်ခု ဖွင့်လို့ ပြောထားရတယ် ...

ဒါနဲ့ သမီးတို့ နာမည်လေးတွေ ပြောပြပါဦး"

"ဪ ... သမီးက မောင့်ဘဒ္ဒါပါ။ တီလေးကတော့ သမီးရဲ့အဒေါ်တော်ပါတယ်။ ဒေါ်ထားထားသွယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နှစ်ယောက်စလုံး ချောမောလှပ ကျက်သရေရှိ ကြပါပေတယ်။ အန်တီ့ကိုလည်း မှတ်ထားပါနော် ...

နောက်လည်း အိမ်လာလည်ပါဦး။ သားနဲ့ချိန်းပြီး တစ်ရက်လောက်ကျမှ သမီးတို့ကို ထမင်းဖိတ်ကျွေးချင်ပါ သေးတယ်"

ဖိတ်ကျွေးစရာ မလိုပါဘူး။ အန်တီ့သား ချက်တဲ့ ထမင်းဟင်းတွေကိုပဲ ကျွန်မတို့ နေ့တိုင်းစားနေတာပါ ဟူသော စကားကိုတော့ မောင့်က စိတ်ထဲမှာသာ ပြန်ပြောမိတော့သည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ။ သမီးတို့ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ သမီးလေး။ နှစ်ယောက်စလုံး ကျေးဇူး အများကြီး တင်ပါတယ်"

မောင့်တို့က အန်တီကြီးကို နှုတ်ဆက်ပြီး ပြန်ထွက် လာခဲ့ကြသည်။ ကားပေါ်ရောက်လျှင် မောင့်ကတောင် ဘာမှ ပြောရသေး။ အန်တီလေးက စကားစတင်ပြောလေသည်။

"မောင့် ... ဒါဆိုရင် နန္ဒာဟာ တကယ့်မိန်းမလျာ မဟုတ် ဘူးနဲ့ တူတယ်နော်"





မောင့်မျက်လုံးထဲတွင် နွဲ့တဲ့ နွဲ့တဲ့ ဟန်ပန်အမူအရာ ဖြင့် မိန်းမလျာတွေရဲ့ ပုံစံအတိုင်း တစ်ပုံစံတည်းရှိနေသော မင်း နန္ဒာရဲ့ပုံစံကို မြင်ယောင်ပြီးလာသည်။ သူ့ပုံစံဟာ ဟန်ဆောင် နေတာနဲ့ မတူချေ။ တကယ့်ကို မိန်းမစိတ်ဝင်နေသော မိန်းမလျာ တစ်ယောက်၏ ပုံစံမျိုးဖြစ်သည်။ ဒါပေမဲ့လည်း အခု သူ့အမေ ပြောလိုက်သော စကားတွေအရဆိုလျှင် သူ ပြောထားတာတွေနဲ့ က တလွဲစီဖြစ်နေသည်။ သေချာတာကတော့ သူ့အမေ ဒေါ်နန္ဒာ အေးဟာ မောင့်တို့ကိုတော့ ဘာတစ်ခုမှ လိမ်ညာမှာမဟုတ်။ တစ်ခုပဲရှိသည်။ အဲဒါကိုတော့ မောင့်က စဉ်းစားပြီး အန်တီလေး ကို ပြောလိုက်လေသည်။

"သူ့အမေကတော့ လိမ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူ့သား ခြောက်နေတာကိုတော့ လျှို့ဝှက်ချင် လျှို့ဝှက်ထားနိုင် တယ် ...

ဒီတော့ မောင့်တို့ လုပ်ရမှာက သူ တကယ်ခြောက် နေတာလား၊ ခြောက်ဟန်ဆောင်နေတာလားဆိုတာ သေချာ စုံစမ်းဖို့ပဲ။ အခုချိန်မှာတော့ သူက သူ့အမေကိုကျတော့ ဘီယာဆိုင်မှာ ရှယ်ယာဝင်ထားတယ်လို့ လိမ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း သူများအိမ်မှာ ထမင်းချက် ဝင်လုပ်တယ်လို့ ပြောရင် မိဘတွေ ရင်နာမှာစိုးလို့ လိမ်ပြောထားတာလား ဆိုတာ စဉ်းစားစရာပဲ ...

သူ ပြောတော့ သူ့အဖေနဲ့ အစ်ကိုတွေက အိမ်ကနှင်ချထားတယ်တဲ့။ သူ့အမေ ကြည့်ရတာတော့ သား အတွက် ပူဆွေးသောက ရောက်နေတဲ့ပုံ မရှိဘူး။ သူ့သား အကြောင်း ပြောနေတော့လည်း အေးအေးဆေးဆေးပဲ ...

ကျွတ် ... တစ်ခုခုတော့ တစ်ခုခုပဲကွာ"

"သူသာ တကယ်မခြောက်ဘူး ဆိုရင်ရော"

"အဲဒီမေးခွန်းကို မောင့်လည်း အသိချင်ဆုံးပဲ တီလေး။ တကယ်လည်း မခြောက်ဘူး၊ မိဘကလည်း အိမ်ကနှင်ချ တာလည်း မဟုတ်ဘူးဆိုရင် သူဟာ မောင်တို့အိမ်မှာ ဘာ့ကြောင့် ထမင်းချက် ဝင်လုပ်တာလဲ ...

မောင့် အရမ်းသိချင်တယ်"

"ဘုရား ... ဘုရား ... ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။ တီလေးဖြင့် ရင်တွေတောင် ထိတ်လာလိုက်တာ မောင့် ရယ်"





"တီလေးထက် မောင့်က ပိုထိတ်တယ်။ သူ့ကို မောင့်က ယုံယုံကြည်ကြည်နဲ့ ဆက်ဆံနေတာ ...

သူ့ကြောင့် မောင့်စိတ်တွေ ပျော်ရွှင်ခဲ့ရတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ မရိုးသားဘူး ဆိုရင်တော့ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး။ ဒီကိစ္စကို မောင့် အမြန်ဆုံး စုံစမ်းတော့မယ် ...

တီလေးလည်း သူ့ရှေ့မှာ အမူအရာ မပျက်ပါစေနဲ့။ ပုံမှန်အတိုင်းပဲနေပါ"

တီလေးထံမှ စကားတစ်စုံတစ်ရာ ထွက်မလာတော့ ချေ။ မောင့်သည် အံကိုတင်းတင်းကြိတ်ကာ ဘယ်လိုစုံစမ်းရမည် ဆိုသော အခြေအနေတွေကို စဉ်းစားတွက်ချက်ရင်း နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ဟော ... မောင့် နိုးလာပြီ။ ဒီနေ့ Breakfast က ဒင်းဆမ်းနဲ့ လက်ဖက်ရည်လေ။ ဘယ်လိုလဲ သဘောကျရဲ့လား"

မောင့်က စားပွဲပေါ်တွင် လှပစွာ စားချင့်စဖွယ် ခင်းကျင်းထားသော ဒင်းဆမ်းများကို ကြည့်ကာ သက်ပြင်းတစ်ချက် ကျိတ်ရှိုက်မိသည်။ ဒီဒင်းဆမ်းတွေဟာ အိမ်မှာ သူကိုယ်တိုင်လုပ်တာ မဟုတ်။ ဆိုင်ကနေ၍ နံနက်စောစောထကာ သွားဝယ်လာခြင်းဖြစ်သည်။ အဲဒီလိုပဲ မောင့်ကြိုက်တဲ့ အစားအသောက်တွေဆိုလျှင် ကားမောင်းကာ သွား,သွားဝယ်လေ့ရှိသည်။ သူ့အလုပ်ဟာ စားဖို့မှူးအလုပ်တင် မကတော့ဘဲ အဝယ်တော်ပါဖြစ်နေသည်။





သူ့ကြောင့် မောင့်တို့အိမ်ကလူတွေ ကောင်းကောင်းစားရကာ အဆင်ပြေနေသော်ငြားလည်း သူ့အမေကတော့ တစ်ယောက်တည်း အထီးကျန်စွာ အဖော်မဲ့နေရရှာသည်။

"ရှင့်အိမ်နဲ့ရော အဆင်ပြေရဲ့လား"

"မောင့် ဘာကိုမေးတာလဲ"

"ရှင်းရှင်းလေးပါ။ ရှင့်အမေ၊ ရှင့်အစ်ကိုတွေနဲ့ အဆင်မပြေဘူးဆိုတာ အခု တဖြည်းဖြည်းနဲ့ အဆင်ပြေသွားပြီလား၊ အဲဒါကို မေးတာ"

"အင်း ... ဒီလိုပါပဲ"

သူက သေချာမဖြေဘဲ လိုးလွှဲသွားသည်။ မောင့်က သူ့ကို တည့်တည့်စိုက်ကြည့်ရင်းမှ လက်ဖက်ရည်ကို တစ်ချက်ငုံကာ ...

"ရှင် ဒီအိမ်မှာ ဘယ်အချိန်ထိ လုပ်ဖို့စိတ်ကူးထားလဲ"

"မောင့်က အလုပ်မထုတ်မချင်းပါပဲ"

"ဒါနဲ့ ရှင့်မိဘတွေက ဘယ်မှာနေကြတာလဲ"

"ဟယ် ... မောင့်က တို့ကို အခုမှပဲ အင်တာဗျူးဝင်နေတော့တာပါလား။ ဘာတွေများ စိတ်ဝင်စားစရာ တွေ့နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ် ရှင့်ကို တစ်ခါမှ မမေးဘူးလို့ပါ"

"အင်း ... အဖေတို့က တောင်ဒဂုံမှာ နေတာပါ"

မောင့်စိတ်ထဲတွင် ခြော်ခနဲ ဖြစ်သွားသည်။ ဘာမှ ဆက်မမေးတော့ချေ။ သို့သော် သူကပဲ ဆက်ပြောသည်။

"မောင့် ... နန္ဒာလေ ဒီအပတ် သောကြာနေ့တည်းက အိမ်ပြန်ချင်တယ်။ အမေ သိပ်နေမကောင်းလို့တဲ့။ အဲဒါ သွားကြည့်ချင်လို့ပါ"

"သွားလေ ... ဘယ်အချိန် ပြန်မှာလဲ"

"ညနေ လေးနာရီလောက်ပေါ့"

"အိုခေ ... ဖြစ်တယ်"

"ကျေးဇူးပဲနော် မောင့်။ သင့်ခ်ယူပါ"

အဲဒီ သင့်ခ်ယူပါက သူ ပြောနေကျ ပုံစံအတိုင်း ဆွဲဆွဲငင်ငင် ချွဲချွဲပျစ်ပျစ် ဖြစ်သည်။ မောင့်က ဘာမှဆက်မမေးတော့ဘဲ ဒင်းဆမ်းတွေကို တိတ်ဆိတ်စွာပင် စားနေမိသည်။ မောင့်စိတ်ထဲတွင် သောကြာနေ့ညနေ လေးနာရီကိုသာ စွဲစွဲမြဲမြဲ မှတ်ထားလိုက်လေတော့သည်။

○ ❦ ○





မင်းနန္ဒာတစ်ယောက် အိမ်မှထွက်မလာမီ ညနေ လေးနာရီမတ်တင်းတည်းကပင် မောင့်သည် လမ်းထိပ်မှာ သူ့ကို အားနှင့်လာစောင့်နေသည်ဖြစ်ရာ သူ ထွက်လာပြီး Taxi ငှားပြီး တာနှင့် မောင့်က Taxi နောက်မှ ခပ်ခွာခွာ လိုက်ပါလာခဲ့သည်။ သူ့ရဲ့ကား ဦးတည်ရာက သူတို့အိမ်ဖြစ်သော ဆင်ဖြူရှင်ရိပ်သာ သို့ဖြစ်ကာ အဲဒီရှေ့မှာပဲ ဆင်းပြီးနောက် သူက ကားသမားကို ပိုက်ဆံထုတ်ရှင်းပြီး ရိပ်သာထဲသို့ဝင်သွားလျှင် မောင့်က သေချာ လိုက်ကြည့်ပြီးမှ ကားကို ပြန်လှည့်လာခဲ့သည်။

သူ့ ဒီအိမ်မှာနေတာ သေချာသွားပြီမို့ အဲဒါကတော့ မလွဲတော့ချေ။ ဒီနေ့အဖို့လည်း သူ့အမေ နေမကောင်းသဖြင့် အပြင်ထွက်မှာ မဟုတ်တော့သဖြင့် မောင့်က ပြန်လှည့်လာခြင်း ဖြစ်သည်။ မောင့်သည် ပထမတော့ မကြီးသန်းဆီသို့သွားကာ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို စနည်းနာဦးမလို့ပင်။ သို့သော် မကြီးသန်းဆီမှာလည်း အကြောင်းထူးမှာ မဟုတ်သောကြောင့် လက်လျှော့ကာ အိမ်သို့ပြန်ခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောမှာတော့ ဒီလိုပဲ သူ့အိမ်နားက သွားစောင့်ရပြန်သည်။ သိပ်မကြာချေ။ ကားတစ်စီးကို သူ ကိုယ်တိုင်မောင်းပြီး ထွက်လာသဖြင့် မောင့်က မလှမ်းမကမ်းမှ လိုက်သည်။ မောင့်ကားကို သူက သိနေတာမို့ ကပ်ပြီးတော့လည်း မလိုက်ချေ။ သူ့ကားဟာ Ocean Shopping Centre ဘက်ကို သွားနေတာမို့ အိမ်အတွက် လိုအပ်သော ရိက္ခာတွေ သွားဝယ်တယ်ဆိုတာ သဘောပေါက်ရသည်။

မောင့် ထင်တဲ့အတိုင်းပင်။ သူ့ကား Ocean ဘက်သို့ ချိုးကွေ့သွားသဖြင့် မောင့်က ခပ်ခွာခွာပဲ လိုက်လာခဲ့သည်။ ကားရပ်ပြီး Shopping Mall ထဲသို့ ဝင်သွားတော့လည်း မောင့်က သူ့နောက်ကနေ၍ သူ မသိအောင် လိုက်ပါသွားနိုင်သည်။ အဲဒီကျမှပဲ မောင့်ဟာ သူ့ရဲ့ပင်ကိုဇာတိရုပ်ကို ဘွင်းဘွင်းကြီး တွေ့မြင်ရတော့တာပဲ ဖြစ်လေသည်၊





သူ့ပုံစံဟာ လုံးဝ မိန်းမလျာပုံစံ မပေါက်ချေ။ ယောကျ်ားတစ်ယောက်လိုပဲ ပုံမှန်သွားလာ လှုပ်ရှားနေတာဖြစ်သည်။ အဖြူရောင်စပို့ရှပ်အကျၤပ်နှင့် ဂျင်း(န်)မှိုတက် ဘောင်းဘီကို ဝတ်ဆင်ထားကာ နဖူးပေါ်မှာ မျက်မှန်ကို ပင့်တင်ထားပြီး စတိုင်လ်ကျ သားနားနေသော သူ့ကို ကောင်မလေးတော်တော်များများကတောင် ကွက်ကြည့် ကွက်ကြည့်ဖြင့် ရှိုးသွားကြသေးသည်။ ဒါကို သကောင့်သားကလည်း သဘောတကျကျဖြင့် ပြုံးတမြမြဖြစ်ကာ ဂိုက်ပေးကြမ်းနေပုံမှာ မိန်းမလျာတစ်ယောက်နှင့် လုံးဝမတူပါ။

အို ... ဘယ်နေရာကကြည့်ကြည့် မိန်းမလျာနဲ့ကို မတူချေ။ မောင့်တို့အိမ်မှာ သွားလာလှုပ်ရှားပုံနဲ့တောင် မတူချေ။ ဒီထဲမှာ သူ သွားလာနေပုံက လုံးဝကို ယောကျ်ားစစ်စစ်ပုံစံပဲ ဖြစ်သည်။ မောင့်သည် သူ့ကိုကြည့်ရင်း ကြည့်ရင်းနဲ့မှ သူဟာ မိန်းမလျာတစ်ယောက် လုံးဝမဟုတ်ဘူးဆိုတာ တဖြည်းဖြည်းနဲ့ ပိုပြီးလက်ခံလာရလေသည်။ ဒီ့ထက် ပိုသေချာသွားတာကတော့ သူ့ထံသို့ ဖုန်းလာပြီး ဖုန်းပြောတဲ့အခါမှာ ဖြစ်သည်။

“အေး ... ပြော ယောက်ဖ”



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ယောက် ... သံဟာ ယောကျ်ား ပီပီသသအသံကြီး ထွက်လာတာ ... သူက ဖုန်းပြောရင်းက ဂနာမငြိမ် ဖြစ်နေတာမို့ မောင့်က ကိုယ့်ကိုမြင်သွားမှာနိုးသဖြင့် အမြန်ပုန်းရှောင်လိုက်ရသည်။ တစ်ချက် တစ်ချက်မှာ ပျံ့လွင့်လာသော မင်းကလည်းကွာ ငါကလည်းကွာ အသံတွေကို ကြားလျှင် မောင့်သည် အံကို တင်းတင်းကြိတ်ကာ ချာခနဲလှည့်ထွက်လာခဲ့လေသည်။

ဒီလောက်ဆိုလျှင် အားလုံး သေချာခဲ့ပြီ။ ဘာမှကို ဆက်လက်စောင့်ကြည့်စရာ မလိုတော့လောက်အောင်ကို သေချာခဲ့ပြီမို့ မောင့်က ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

ဒီလူဟာ မိန်းမလျာတစ်ယောက် လုံးဝမဟုတ်ချေ။ ယောကျ်ားစစ်စစ်တစ်ယောက်သာဖြစ်သည်။ ယောကျ်ားစစ်စစ်လည်းဖြစ်၊ သူ့နဲ့လည်း ဘာပြဿနာမှမရှိဘဲ ဘာကြောင့် မောင့်တို့အိမ်ထဲသို့ မိန်းမလျာပုံစံဟန်ဆောင် ကာဝင်ရောက်ခဲ့ရသနည်း။

ဒီမေးခွန်းရဲ့ အဖြေကိုတော့ သူပဲ ဖြေနိုင်လိမ့်မည်။

○ ❦ ○





## ၁၇

ဒီနေ့ မောင့်တို့အိမ်သို့ သူ ပြန်လာရတာ စိတ်မဖြောင့်ဘဲ စိတ်ထဲမှာ လေးနေသည်။ သူ့အမေက သိပ်နေမကောင်းချေ။ ပြီးတော့ သူ့ကိုလည်း အိမ်ကနေ၍ ညအိပ်ညနေ သွားမနေစေချင်တော့။ ဖြစ်နိုင်ရင် အိမ်မှာပဲ နေပါတော့ဟု တောင်းတောင်းပန်ပန် ပြောလာသောကြောင့် သူ့မှာ သူ့အမေကိုလည်း သနားရသည်။

သူ့အဖေကလည်း သူ့ကို စားသောက်ဆိုင်ဖွင့်မှာဖြင့်လည်း ဖွင့်တော့ဟု ရာဇသံပေးနေပြီဖြစ်သည်။ သေချာပြန်စဉ်းစားကြည့်တော့လည်း သူ့မိဘတွေ ပြောစကားက မှန်နေသည်။

သူသည်လည်း ဒီလိုဟန်ဆောင် ပန်ဆောင် အနေအထားဖြင့် ဘယ်အချိန်ထိ နေရဦးမလဲဆိုတာ မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိတော့ မောင့်တို့အတွက် ဘာမှသံသယဝင်စရာ မရှိသေးသဖြင့် သူမတို့ကလည်း အေးအေးဆေးဆေးပဲ ဖြစ်နေသည်။ ဇာတ်လမ်းရဲ့အစကိုသာ စဉ်းစားထားပြီး အဆုံးသတ်ကို စဉ်းစားမထားသော သူ့အတွက် အဆုံးသတ်ဆိုတာ ဘယ်လိုဖြစ်လာမလဲဟု ကိုယ့်ကိုယ်ကိုတိုင်တောင် ပြန်စဉ်းစားနေရသောအချိန် ဖြစ်လေသည်။

တစ်နေ့တခြား ရင့်သန်ခိုင်မာလာသော သူ့အချစ်တွေအတွက် မောင့်မျက်နှာကို စေ့စေ့ကြည့်ကာ "ချစ်တယ်မောင့်ရယ်"ဟု ပြောလိုက်ချင်စိတ်တွေဟာလည်း တားမရ ဆီးမရဖြစ်နေတာ ကြာလည်း ကြာခဲ့ပြီဖြစ်သည်။ သူ့အဖြစ်သည် အခုမှပဲ နေမြင့်လေ အရှူးရင့်လေ၊ ဆုပ်လည်းရှူး စားလည်းရှူး အခြေအနေသို့ ရောက်ရှိနေလေသည်။

သူက အိမ်ထဲသို့ ဝင်လိုက်တာနှင့် ဧည့်ခန်းထဲမှာ ဘယ်သူမှ မရှိတာကြောင့် ထုံးစံအတိုင်း အန်တီလေးကို အသံပေးကာ နှုတ်ဆက်ပြီး ခေါ်လိုက်သည်။

"တီလေးရေ ... တီလေး၊ အိုး ... တီလေး ဘယ်ရောက်လဲဝေ့"





တီလေးကို မမြင်ရသေးချေ။ အဲဒီအချိန်မှာပဲ သူ့ရဲ့ရှေ့သို့ အထုပ်တစ်ထုပ်က ဘုတ်ခနဲ ပြုတ်ကျလာသဖြင့် သူက ယောင်တာတောင် အခြောက်ပီပီသသ စတိုင်လ်ဖြင့် "အမယ်လေး ဆောက်ပလုတ်တုတ်"ဟု ယောင်လိုက်သည်။ ပြီးတော့ အထုပ်လာရာလမ်းကြောင်းသို့ မော့ကြည့်မိလိုက်လျှင် သူ့ကို အေးစက်တင်းမာသော မျက်နှာထားဖြင့် လှေကားထိပ်မှ စီးမိုးပြီးကြည့်နေသော မောင့်ကို မထိတ်သာ မလန့်သာ တွေ့မြင်လိုက်ရသည်။

"မောင့်"

အဲဒီစကားသံဟာ သူ့နှုတ်ဖျားမှ တိုးတိုးလေးပဲ ထွက်သွားသည်။ မောင့်က တင်းမာနေသော မျက်ဝန်းတွေနဲ့အတူ လှေကားထစ်တွေကို တစ်ထစ်ချင်း ဆင်းလာလျှင် အဲဒီခြေလှမ်းတွေက သူ့နှလုံးသားကို ဖြတ်လျှောက်နင်းသွားသော ခြေလှမ်းတွေဟု ခံစားရလေသည်။ သူက မောင့်ကို ကြောင်ပြီးငေးကြည့်နေတုန်းမှာပဲ မောင့်က သူ့အနားသို့ ရောက်လာသည်။

ဒီတော့မှ သူက သတိဝင်လာကာ သူ့ခြေထောက်နားက အဝတ်အိတ်ကြီးကို ငုံ့ကြည့်လျက် ...

"မောင့် ... ဒါက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်က သူ့ရဲ့ပုံစံကို မျက်လုံးများ မှေးစင်းပြီး ကြည့်ကာ ...

"ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်ထဲကို ဟန်ဆောင်ပြီး ရောက်လာတာလဲ"

တိကျပြတ်သားသော စကားသံကြောင့် သူ… ထိတ်ခနဲ ဖြစ်သွားရသော်လည်း ဟန်ကိုယ့်ဖို့ဆိုသော စကားအတိုင်း ဟဲခနဲ ရယ်ကာ ရှူးချင်ယောင်ဆောင်လိုက်သော်လည်း ခေါင်း… တွေကတော့ ထောင်သွားကာ နည်းနည်းပြာသွားပြီဖြစ်သည်။

"မောင့် ဘာကို ဆိုလိုတာလဲ"

"တော်စမ်းပါ၊ ညောင်တိ ညောင်နာ လေသံနဲ့ အပို… လုပ်မနေစမ်းပါနဲ့။ ရှင် တကယ် မခြောက်ဘူးဆို… ကျွန်မ သိပြီးသား ...

ပြော ... ဘာကိစ္စနဲ့ ရှင် ဒီအိမ်ထဲကို ရောက်လာ… ရတာလဲ။ ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

ရုတ်တရက်တော့ သူ ဘာမှ မဖြေနိုင်ချေ။ မော… မျက်နှာကို ရင်မဆိုင်ရဲစွာနှင့် မျက်နှာလွှဲမိသည်။ ဒေါသကြီးလှသော မောင့်သည သူ့ရင်ဘတ်ကို တစ်ချက် ဆောင့်တွန်းပစ်ကာ -





"ပြောလေ၊ အခုမှ ရှင် ဘာကြောင့် နှုတ်ပိတ်နေရတာလဲ။ အရင်လို စွာစွာလန် ပြောပါဦးလား ...

ဟင် ... ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မတို့ကို လှည့်စားထားခဲ့တာလဲ။ ဘာရည်ရွယ်ချက်နဲ့ လိမ်ညာထားခဲ့ရတာလဲ"

"ဆောရီးပါ မောင့်။ မင်းတို့ အပေါ်မှာ လိမ်ညာထားခဲ့တယ် ဆိုပေမယ့် ဒါဟာ အဖြူရောင်မုသားတစ်ခုပါ ...

မင်းရဲ့အကျိုးစီးပွား ယုတ်လျော့အောင် ကိုယ် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး"

"ဘာ ... အကျိုးစီးပွား ယုတ်လျော့အောင် မလုပ်ခဲ့ဘူး ဟုတ်သလား။ ကျွန်မ ယောကျ်ားတွေကို ဘယ်လောက် မုန်းသလဲ ...

ယောကျ်ားတွေနဲ့ဆို ဘယ်ယောကျ်ားတစ်ယောက်နဲ့မှ အဆက်အဆံ အပတ်အသက် မလုပ်ချင်တာ ရှင် အသိဆုံးပဲ ...

ဒါကို ယောကျ်ားတစ်ယောက်က လိမ်ညာပြီး ဒီအိမ်ပေါ်ထိ ရောက်နေတာ ဒါ မယုတ်လျော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ရှင် ... ဒီအိမ်က မိန်းမတွေကို အရသာခံပြီး စိတ်…
ထဲက ပြစ်မှားနေတာ ကျွန်မတို့က မနစ်နာပေဘူးလား"

မောင့်စကားသည် သူ့ရဲ့သွေးတွေကို ဖျင်းခနဲ ပြ…
သွားစေသည်။ မောင့်သည် သူ့ကို လုလုပပ အထင်သေးသွား…
ချေပြီ။

"မောင့် ... ကိုယ့်ကို အဲဒီလောက် မစော်ကားပါနဲ့။ ကိုယ်…
အဲဒီလို အခွင့်အရေးယူတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး"

"ဘာ ... အခွင့်အရေးယူတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး…
ဟုတ်သလား။ ရှင် ကျွန်မအခန်းထဲကို ဝင်တယ်၊ ကျွန်…
ကို ဇက်ကျောဆွဲပေးတယ် ...

အဲဒါတွေက အခွင့်အရေး ယူထားတာ မဟုတ်…
ဘာတွေလဲ"

"မောင့် ... အဲဒါက ကိုယ် အခွင့်အရေးယူတာ မဟုတ်…
ဘူးလေ။ ကိုယ် မင်းကို စေတနာနဲ့ ..."

"တိတ်စမ်း ... ရှင့်ပါးစပ် ပိတ်ထား။ ဘာစေတနာလဲ…
ရှင့်လိုဘာတစ်ခုအတွက် အယောင်ဆောင်ထားတဲ့ စေတနာ…
လား ..."



ကျွန်မတို့ကတော့ ရှင့်ကို တကယ့်မိန်းမလျာအစစ်
ထင်လို့ အစစအရာရာ ယုံကြည်ခင်မင် ထားခဲ့ကြတာ။
ရှင့်ကို မိန်းမလျာထင်လို့ ကျွန်မ အခန်းထဲကအစ ဝင်ခွင့်
ပြုတာ တရင်းတနှီး ဆက်ဆံခဲ့တာ ...

ဒါတွေကို ရှင့်စိတ်ထဲက ဒီငတုံးမတွေဆိုပြီး ဘယ်
လောက်တောင်များ ဟားနေမလဲ။ ကွယ်ရာမှာ ဘယ်
လောက်တောင်များ အတင်းချနေမလဲ"

သူ့ကို မောင့်က ပြတ်ပြတ်သားသားပင် စွပ်စွဲလေ
သည်။ နဂိုထဲကမှ စိတ်တိုကာ ဒေါသကြီးတတ်သော မောင့်ရဲ့
မျက်လုံးတွေမှာ အနီးတွေ ထွက်လာတော့မည့်အလား အရှိန်
တလျှံလျှံညည်း တောက်လောင်နေသည်။

"မောင့် ... ကိုယ့်မှာ အဲဒီသဘောမျိုး မရှိပါဘူး။ အဲဒီ
ရည်ရွယ်ချက်တွေနဲ့လည်း ဒီအိမ်ကို ဝင်လာတာ မဟုတ်
ဘူး ...

မောင့်ကို ကူညီဖို့၊ ပြီးတော့ ..."

မောင်က သူ့စကားကို ဆုံးအောင်တောင် နားမ
ထောင်ချေ။ ဖြတ်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်မပြောနဲ့။ ရှင့်အိမ်မှာ ရှင့်အမေတစ်ယောက်တည်းတောင် ရှင်ပစ်ထားပြီးတော့မှ ဒီလိုလာလုပ်တာ ရှင့်ရဲ့စိတ်ဓာတ်ကို ဖော်ပြနေတာပဲ ...

ကဲ ... အဲဒီမှာ ရှင့်အထုပ်၊ ရှင် ထွက်သွားတော့"

"ကိုယ် သွားမှာပါ။ ဒါပေမဲ့ မောင့် သိအောင်တော့ တစ်ခု ပြောပြခဲ့ချင်တယ်။ မောင့်တို့အိမ်ကို ကိုယ် ရောက်လာခဲ့တာ မောင့်ကိုချစ်တဲ့စိတ်ရဲ့ အပြင်းထန်ဆုံး တွန်းအားတစ်ခုကြောင့်ပါ ...

ဒီလိုမှ မလုပ်ခဲ့ရင် မောင့်အနားကို ကပ်ခွင့်ရမှာ မဟုတ်ဘူး။ ဒီအတွက်ရယ်၊ အိမ်ဖော်ကိစ္စ အခက်အခဲဖြစ်နေတဲ့ မောင့်အနားမှာ မောင့်ကို ကူညီပေးချင်တဲ့ အတွက်ရယ်ကြောင့် ရောက်လာခဲ့တာ ...

ဒီအိမ်ကို ရောက်လာခဲ့တာ မောင့်ကို အရမ်းချစ်လို့ပါ"

"တိတ်စမ်း။ အရှက်မရှိတဲ့ ရှင့်ပါးစပ်ကများ ထွက်ရဲသေးတယ်။ ရှင့်ကို တစ်ခုခု မလုပ်မိခင် ရှင် ဒီအိမ်ထဲက အမြန်ထွက်သွားတော့"





"သွားမှာပါ မောင့်။ ကိုယ် အန်တီလေးကိုတော့ နှုတ်ဆက်သွားပါရစေ"

"ဘာမှ နှုတ်ဆက်စရာ မလိုဘူး။ ဒီအိမ်ထဲက လူတွေနဲ့ ရှင်နဲ့လည်း ဘာမှမပတ်သက်ဘူး ...

နောက်ကို ရှင် ကျွန်မတို့နဲ့ လုံးဝမပတ်သက်ပါနဲ့"

အေးစက်ပြတ်သား စိမ်းကားစွာ ပြောနေသော မောင့်ရဲ့မျက်ဝန်းတွေထဲသို့ သူက တည့်တည့်စိုက်ကြည့်လိုက်လျှင် သူမက သူ့ကို အံကြိတ်ကြည့်ကာ မျက်နှာကို ချာခနဲ လွှဲသွားသည်။ သူက ဘာမှမပြောတော့ဘဲ သက်ပြင်းတစ်ချက်ကို အသာရှိုက်ကာ ခြေရင်းကအိတ်ကို ကောက်ဆွဲလျက် အသာထွက်ခွာလာခဲ့လေသည်။

သူ မသိမ်းနိုင်သော ဇာတ်သိမ်းကို မောင့်က သိမ်းပေးနိုင်ခဲ့ပြီဖြစ်သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

မောင့်တို့အိမ်သည် နဂိုတည်းကလည်း လူမများပါ။ ပြောရလျှင် တိတ်တိတ်ဆိတ်ဆိတ် ခြောက်ခြောက်ကပ်ကပ်ရှိလှသည်။ သို့ပေမဲ့ လွန်ခဲ့သော လများဆီကတော့ အသံစာစာတွေဖြင့် ညကာ အိမ်ရယ်လို့ ပီသခဲ့ဖူးသည်။ အခုတော့ဖြင့် အိမ်မှာက ခြောက်ခြောက်ကပ်ကပ် ဖြစ်နေတာသည့် ပိုလို့သိသာနေတော့သည်။ အံ့သြစရာကောင်းတာ တစ်ခုက အန့်တီလေးသည်လည်း အရင်ကထက်တောင် နှုတ်ဆိတ်သွားခြင်းပဲဖြစ်သည်။

အေးရွှေက မင်းနန္ဒာနဲ့တွဲကာ ခြောက်လလောက် အလုပ်လုပ်ခဲ့သူမို့ မီးဖိုချောင်ကိစ္စက အဆင်ပြေသော်လည်း အန့်တီလေးကတော့ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ မောင့်ရုံးပိတ်ရက်မှာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးနိုင်တာမို့ မောင်ကတော့ မင်းနန္ဒာ မရှိလည်း ဘာမှမဖြစ်ဟူသော အချိုးမျိုး ချိုးထားသည်။





"တွေ့လား တီလေး။ မင်းနန္ဒာ မရှိလည်း ထမင်းဟင်း ဖွယ်ဖွယ်ရာရာတော့ စားရပါသေးတယ် ..."

တီလေးရဲ့မျက်နှာက မရွှင်မလန်းနဲ့ ဘာဖြစ်နေတာလဲ။ ဘာလဲ ... ဟို ... အခြောက်တုကို သတိရနေတာလား။ လုံးဝစာရင်းမရှိဘူးနော်။ အလကား လူလိမ် လူညာ"

"အဲလိုတော့ မပြောပါနဲ့ မောင့်ရယ်။ သူ ဘာကြောင့် လိမ်ခဲ့ ညာခဲ့တယ် ဆိုတာလည်း မောင့်အသိပဲ ဥစ္စာ"

အန့်တီလေးက ပြောလိုက်လျှင် မောင့်က မျက်နှာ ခထားတတ်အောင်ပဲ ဖျင်းခနဲပဲ မျက်နှာပူသွားသည်။

"အိုး ... တီလေးကလည်း။ အဓိပ္ပာယ်မရှိတာ။ သူ အဲ့ဒီလိုပြောတိုင်း တီလေးက ယုံစရာလား ...

ဒါ မောင့်တို့ရဲ့ ယုံကြည်မှုတွေကို သက်သက် အလွဲသုံးစားလုပ်တာ။ လူယုံသတ်တယ် ဆိုတာ ဒါပဲ။ မောင့်တို့ကို တဖြည်းဖြည်းနဲ့ စည်းရုံးသိမ်းသွင်းပြီး သူ့ကို ယုံကြည်လာအောင်လုပ်တာ။ နောက်ဆုံးတော့ သူ့ရည်ရွယ်ချက်က ဘာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



အခု ဒါ မောင့်တို့က အသိမြန်လို့လေ။ မသိသေးရင် မောင့်တို့ကို ဘယ်အချိန်ထိ ဆက်ညာနေဦးမလဲ မပြောတတ်ဘူး”

“သူ လိမ်ခဲ့ ညာခဲ့ပေမယ့် တီလေးတို့ အပေါ်မှာတော့ မယုတ်မာခဲ့ပါဘူးကွယ်”

“အို ... တီလေးကလည်း။ မယုတ်မာတိုင်း ကျေအေးခွင့်လွှတ်ရမှာလား။ ဘာလဲ ... တီလေးက သူ မောင့်တို့ကို လိမ်ညာလှည့်စားတာကို ဘယ်လိုမှ သဘောမထားဘူးပေါ့။ အေးဆေးနေနိုင်တယ်ပေါ့ ဟုတ်လား”

မောင့်ရဲ့ဒေါသသံသင့်နေသောစကားတွေကို တီလေးက မသက်သာစွာ ကြည့်ရင်းမှ ...

“အနေကြာလာရင် လူနဲ့တိရစ္ဆာန်တောင် သံယောဇဉ်ဖြစ်ကြသေးတာပဲ မောင့်ရယ်။ သူက တီလေးကို ဒီလောက်ဂရုစိုက်ပြီး သံယောဇဉ်ရှိတာ ...

မောင့်က တစ်နေ့ကုန် အလုပ်ကိစ္စနဲ့ အပြင်ရောက်နေပြီး သူနဲ့ တီလေးနဲ့ပဲ အိမ်မှာ ကျန်ရစ်ခဲ့တာ။ တစ်နေ့





ကုန် တီလေးကို ပြုစု၊ စကားပြော၊ TV အတူကြည့်၊ တကယ့်ကို မိသားစုဝင်တစ်ယောက်လို နေခဲ့တာ ...

အခု သူ မရှိတော့ အလုပ်သမားတစ်ယောက် လျော့သွားတာထက် မိသားစုဝင်တစ်ယောက် လျော့သွားသလို ခံစားရတယ်”

“တီလေးကလည်း အဓိပ္ပာယ်မရှိတာ။ နောက်မှတွေ့တဲ့လူကို အဲဒီလောက်ကြီး သံယောဇဉ်တွယ်နေစရာ အကြောင်းမရှိပါဘူး”

မောင့်စကားကို အန်တီလေးက ဘာမှဆက်မပြောတော့ချေ။ ထမင်းကိုသာ တိတ်ဆိတ်စွာ ငုံ့စားနေသည်။ မောင့်က စားပွဲပေါ်တွင် ခင်းကျင်းထားသော ဟင်းပွဲများကို တစ်ချက်ကြည့်ကာ ဟင်းတစ်တုံးကို နှိုက်မြည်းကြည့်ရင်းမှ ...

“ကောင်းသားပဲ။ မင်းနဲ့မှာ လက်ရာနဲ့ တစ်ထပ်တည်းကျတယ်။ နင် တော်တယ် အေးရွှေ။ နောက်ကို ဒီလိုပဲချက်”

ထမင်းစားပွဲဝိုင်း ဘေးမှာ ယပ်ခတ်ပေးနေသော အေးရွှေက မောင့်ကို မဝံ့မရဲကြည့်ကာ ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာ ... အဲ ... အဲဒီ ကိုမင်းနန္ဒာက ကျွန်မကို ပြောခဲ့တယ်။ သူက ဒီအိမ်မှာ အမြဲနေမယ့်သူ မဟုတ်ဘူးတဲ့။ ဒါကြောင့် ကျွန်မကို အခြေခံဟင်းချက်နည်းလောက်ထော့ တတ်အောင်သင်ထား ဆိုပြီးတော့ သူကိုယ်တိုင် သေချာသင်ပေးတာ ...

တစ်ခါတလေကျရင် သူ မချက်ဘဲနဲ့ ပါးစပ်ကပဲ ပြောပြပြီး ကျွန်မကို ကိုယ်တိုင်ချက်ခိုင်းတယ်။ တချို့မုန့်တွေ လုပ်တာတွေ သင်ပြပေးတယ်။ ကျွန်မတောင် ဒီမှာ တစ်သက်လုံးနေပေါ့ ဆိုတော့ နေလို့မရဘူးတဲ့ ...

သူက အစီအစဉ်ချပြီးတော့ သေချာသင်ပေးသွားတာ ချက်ရမယ့် ဟင်းအတွဲအစပ်တွေကိုလည်း မှတ်စုစာအုပ်နဲ့ ရေးပေးသွားသေးတယ် ...

ကျွန်မက အဲဒါတွေကိုကြည့်ပြီး အလွယ်တကူ ချက်ရုံပါပဲ"

မောင့်က အေးရွှေကို ခပ်တင်းတင်း ကြည့်လိုက်လျှင် အေးရွှေက ဆက်မပြောတော့ဘဲ နောက်ဆုတ်သွားသည်။ မောင့်က စားလက်စ ဇွန်းခက်ရင်းကို ပစ်ချလိုက်ရင်းမှ ...





"ဟင် ... အိမ်က လူတွေလည်း ဘာတွေဆေးမိသွားလဲ မသိပါဘူး။ အိမ်ပေါ်တက်ပြီး လိမ်သွား ညာသွားတာတောင် အပြစ်မမြင်နိုင်ကြဘူး"

"ဘယ်လိုလုပ် အပြစ်မြင်နိုင်မလဲ မောင့်ရယ်။ သူ လိမ်တယ် ညာတယ် ဆိုတာလည်း တီလေးကို ကောင်းရာကောင်းကျိုးအတွက် လာလိမ်သွားတာလေ ...

ဒီအိမ်ကလူတွေကို ကောင်းကောင်း စားသောက်ရဖို့၊ တီလေးအတွက် အဖော်လုပ်ပေးဖို့ လာလိမ်သွားတာ ဆိုတော့ သူ့ကို ဘယ်လိုမှ အပြစ်မမြင်နိုင်ဘဲ သတိရနေမိတာပေါ့"

မောင့်က အန်တီလေးကို ဘာမှမပြောတော့ဘဲ သက်ပြင်းကိုသာ ဆောင့်ကျလိုက်မိတော့သည်။ သူ့ကို ဘယ်သူကမှ အပြစ်မမြင်ကြ။ အဲဒါဟာ ဘာကြောင့်လဲ။ မောင့် တစ်ယောက်တည်းသာ သူ့ကို အဆိုးမြင်နေတာလား။ မျက်လုံးထဲတွင် Shopping Mall ထဲ၌ ဈေးပတ်ဝယ်နေသော သူ့ရဲ့ယောကျ်ား ပီပီသသ စတိုင်လ်ကို ပြေးမြင်ယောင်လာသည်။

ပြီးတော့ သူ ပြောခဲ့သော စကားများ ...



www.burmeseclassic.com

www.burmeseclassic.com



[မောင့်တို့ အိမ်ကို ကိုယ်ရောက်လာခဲ့တာဟာ မောင့်ကို ချစ်တဲ့စိတ်ရဲ့ အပြင်းထန်ဆုံး တွန်းအားတစ်ခုကြောင့်ပါ]

မောင့်သည် အံကိုတင်းတင်းကြိတ်ကာ ထမင်းစားဝိုင်းမှ ထထွက်လာခဲ့လေသည်။

○❦○





"အမယ်လေး ... ကျေးဇူးရှင်။ ရှင် ပေါ်လာသေးတယ်နော်။ အမယ်လေး ... ကျုပ်မှာ ဟိုတစ်နေ့က မောင့်ဘဒ္ဒါနဲ့ ဖုန်းပြောတော့ ရှင့်ကို အလုပ်ထုတ်ပစ်လိုက်ပြီ ဆိုတာလည်း သိရော ခေါင်းကို ကြီးသွားတော့တာပဲ ...

မောင့်ရယ် ... လို့ အစချီပြီး ပြောမလို့ လုပ်တုန်း အဲဒီကိစ္စတွေကို ဘာမှမပြောပါနဲ့လို့ တစ်ခါတည်း ပိတ်ပြောတာနဲ့ ခက်ပုပြီး အသာဝပ်နေရတယ်။ ငါ့ကို ဆဲမသွားတာတောင် ကံကောင်းပဲ ...

ဘယ်ကနေ ဘယ်လို သိသွားတာလဲ"

မကြီးသန်းသည် သူ့ကို မြင်တာနဲ့ အထက်ပါစကားများကို မနားတမ်း ဆက်တိုက်ပြောတော့တာဖြစ်သည်။ သူ့မှာ ထိုင်တောင် မထိုင်ရသေး။ သူ့ကို တကယ့်မိန်းမလျှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မောင့် ဘယ်လိုသိသွားသလဲတော့ မပြောတတ်ပါ။ သူကလည်း မမေးခဲ့။ မောင့်ကလည်း မပြောပြခဲ့ချေ။

"မပြောတတ်ပါဘူးဗျာ။ သိသွားတော့လည်း တစ်မျိုးကောင်းတာပေါ့"

"ဘာကောင်းတာလဲ။ နှင် အဆဲခံရတာ ကောင်းတာလား"

"မဟုတ်ပါဘူး။ ရေရှည်မှာ ဒီပုံစံနဲ့ ဆက်သွားလို့ မရဘူးဆိုတာလည်း ကျွန်တော်လည်း သိနေတာပဲ ...

သူက မကြီးသန်းကိုတော့ ဘာမှ အပြစ်မတင်ဘူးပေါ့"

"အပြစ်တင်တာ မတင်တာထက် စကားတောင် အဆုံးမခံတော့ လူက ပိုခံရခက်တယ်ဟဲ့ ...

ရှင်ရော ... အခု ဘယ်လိုလဲ။ ဘာလုပ်မှာလဲ"

"ဘာလုပ်မှာလဲ ဆိုတော့ ကျွန်တော် စားသောက်ဆိုင်ကောင်းကောင်းတစ်ဆိုင် ဖွင့်မယ်ဗျာ။ ဒါပေမဲ့ ခုတော့ မဟုတ်သေးပါဘူး။ လိုပါသေးတယ်"





နေရာရှာဖို့ လူရှာဖို့နဲ့ စီစဉ်စရာ ရှိတာတွေ စီစဉ်ရဦးမှာပါ"

"အောင်မယ်လေး ... ချစ်တီးကလည်း သူ့အလုပ်အကြောင်းပဲ ပြောနေ။ ကျုပ်မေးတာက မောင့်ဘဒ္ဒါနဲ့ ပတ်သက်ပြီး မေးတာဟဲ့ ...

ရှင် သူ့ကို သေလောက်အောင် ကြွေတယ်ဆိုလို့ ဒီလို အာမခံပေးထားတာ။ အခု ဟိုက နှင်ထုတ်တာနဲ့ တစ်ခါတည်း ကိုယ်ယောင်ဖျောက်ထားရင် မောင့်ဘဒ္ဒါက ဘယ်လိုထင်မလဲ ...

ဒီကောင် အလကားသက်သက် ဖွန်ကြောင်တယ်လို့ ထင်မှာပေါ့၊ ရှင် ဘာမှထပ်ပြီး မ try ဘူးလား"

မကြီးသန်းရဲ့ အမေးစကားကြောင့် သူ့မျက်လုံးထဲမှာ မောင့်ရဲ့ဒေါသရောင် သင့်နေသော အရှိန်လျှံတညီးညီး မျက်ဝန်းများကို မြင်ယောင်လာမိသည်။ မောင့်ဟာ သူ့ကို တော်တော်စိတ်ဆိုးနေတာဖြစ်သည်။ ခုလို သွေးပူ သွေးဆူနေသော အချိန်မျိုးမှာ သူ ငြိမ်နေတာပဲ ကောင်းမည်။ ပြီးတော့ သူ့မှာ အကြံအစည်တွေလည်း ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"Try မှာပေါ့ မကြီးသန်းရာ။ ကျွန်တော် သူ့ကို ချစ်ခဲ့တာ ပေါ့သေးသေးမှ မဟုတ်ခဲ့တာ။ သူတို့အိမ်မှာ သွားနေခဲ့တဲ့ ကာလတစ်လျှောက်လုံး သူ့အပေါ်မှာချစ်တဲ့ အချစ်တွေက တစ်ရက်ထက် တစ်ရက် တိုးသထက် တိုးလာတာ ...

ဒါပေမဲ့ ဒီအချိန်မှာတော့ သူ့ရှေ့ကို အရောက်သွားလို့ မဖြစ်သေးဘူး။ သူ ကျွန်တော့်ကို အရမ်းစိတ်ဆိုးနေတယ်။ သွေးအရမ်းစူနေတယ် ...

ဒီတော့ သူ သွေးအေးသွားတဲ့ အချိန်ကို စောင့်ရမယ် ...

ကျွန်တော်မှာ စိတ်ကူး အကြံစည်တွေ ရှိပါတယ်"

သူ့စကားကို မကြီးသန်းက အလန့်တကြားဖြင့် ရင်ဘတ်ဖိသည်။

"အောင်မယ်လေး ... ကိုယ်တော်ချော။ ဒီတစ်ခါတော့ ကျုပ်ကို အကူညီတောင်းမယ် မစဉ်းစားနဲ့နော် ...

လုံးဝပဲ ... ခင်လည်း ခင်တယ်၊ အားလည်းနာတယ်"





"ကျွန်တော်ကလည်း အရမ်းလည်း မလုပ်ဘူး၊ အာမလည်း မခံပါဘူးဗျာ။ စိတ်ချပါ ဒီတစ်ခါ မကြီးသန်းနဲ့ မပတ်သက်စေရပါဘူး ...

ကြားလူတွေဝင်မှ အဆင်ပြေတဲ့ အဖြစ်မျိုးကို ကျွန်တော် မလိုလားဘူး။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ လှုပ်ရှားမှာပါ"

သူ့ရဲ့ပိုင်နိုင်သော အပြောကို မကြီးသန်းက နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့ပြကာ ...

"ဒါနဲ့ နေပါဦး။ မောင့်ဘဒ္ဒါကရော နင့်အပေါ်မှာ သဘောထားက ဘယ်လိုရှိလဲ"

"မောင့်က နောက်ပိုင်းမှာ ကျွန်တော့်ကို အရမ်းယုံကြည်ပြီး အရမ်းခင်သွားတယ် ...

အစစအရာရာ တိုင်ပင်တယ် ...

အခုလည်း သူ့ယုံကြည်မှုတွေကို အလွဲသုံးစားအလုပ်ခံရတယ်ဆိုပြီး ပိုဒေါသထွက်သွားတာပါ။ သူလို လူမျိုးကိုမှ လိမ်ရတယ်ဆိုပြီး ခံရခက်နေတာ။ သူ့အခေါ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တော်တော်သံယောဇဉ် ရှိရှာပါတယ်။ ခွင့်လည်း ခွင့်လွှတ်တယ်။ မောင့် မရှိတဲ့အချိန်မှာ ကျွန်တော် သွားတောင်းပန်ပြီးပါပြီ ...

ပြောရရင် သူက သူ့တူမနဲ့ ကျွန်တော့်ကို သဘော တူနေတာ။ သူ ဖျောင်းဖျပေးပါ့မယ်တဲ့။ ကျွန်တော်ကတော့ ပြောခဲ့တယ်။ ရတယ် ဘာမှမပြောနဲ့လို့။ ကျွန်တော့်အရေး ရေးကို ကျွန်တော့်ဘာသာပဲ ကြိုးစားမှာပါ ...

တစ်ချိန်က သူ့ရှေ့မှာ အခြောက်လို နေပြခဲ့ ကျွန်တော်ဟာ ဘယ်လောက် ယောကျ်ားပီသကြောင်း သူ့ကိုပြရမယ်"

"ဟဲ့ ... ဘာကို ပြမှာလဲ"

"ဘာလို့ ပြောပြရမှာလဲ။ သူ တစ်ယောက်တည်းကို ပြမယ့်ဟာကို"

"ကြည့်စမ်း ... နင်ဟာလေ အကျင့်ကိုမပျောက်ဘူး။ အဲ လိုတွေ ကျပ်ကျပ်လုပ် သိလား။ ဟိုက နင့်ကိုကန်ထုတ် မယ်"





"မကန်ပါဘူး။ ဒီမှာ မကြီးသန်း။ လူတစ်ယောက်မှာ Idea ကောင်းရှိရင် ဘာမဆို မခက်ဘူးဗျ သိလား ...

အခုကိုပဲ Idea ကောင်းနဲ့ သူ့အနားမှာ နေခွင့်ရ အောင် ကြံခဲ့ပြီးပြီ။ နောက်ထပ် Idea တွေ ကျွန်တော့်မှာ ရှိသေးတယ်"

"ဟွန်း ... (xxx)ပြောကတော့ နောက်ကျောပေါက်တယ်။ ပြီးတော့မှသာ ပုံမလာ ပန်းမလာ ဖြစ်တာ"

"ဒီမှာ မကြီးသန်းရဲ့။ လူဆိုတာ တသမတ်တည်းသွားနေ ရင် ပျင်းဖို့ကောင်းတယ်။ သူ့စိတ်ထဲမှာ မိန်းမလျာလို့ ထင်ထားခဲ့တဲ့၊ သူ ရင်းရင်းနှီးနှီးနေခဲ့တဲ့ ယောကျ်ားဟာ လုံးဝကို ယောကျ်ားပီပီသသ သူ့ကိုပိုးရင် သူ ဘယ်လို နေမလဲ"

"ဟယ် ! ရင်ခုန်ချင်စရာ"

မကြီးသန်းက ရင်ဘတ်ကိုဖိလျက် မျက်လုံးလေး ကလယ် ကလယ်ဖြင့် ပြောသည်။ သူက လက်ဖျောက်တစ်ချက် တို အားရပါးရတီးကာ ...

"ဒါပဲလေ မကြီးသန်းရဲ့၊ စောင့်သာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူက ယုံကြည်ချက်အပြည့်ဖြင့် ခိုင်မာစွာ ပြောလိုက်လျှင် မကြီးသန်းက ဟုတ်ပါပြီဟူသော မျက်နှာပေးဖြင့် ရှိနေသည်။ တကယ်လည်း အပိုတွေပြောနေခြင်း မဟုတ်ချေ။ သူ့မှာ မောင့်ဘဒ္ဒါနဲ့ ပတ်သက်ပြီး စိတ်ကူးတွေရှိသည်။ သူ့ဘဝ သူ့အလုပ်အကိုင်နဲ့ ပတ်သက်ပြီး စိတ်ကူးတွေရှိသည်။ စိတ်ကူးယဉ် မဟုတ်ဘဲ တကယ်လုပ်မည့် စိတ်ကူးများမို့ သူ့အတွက် အိပ်မက် မဟုတ်ဘဲ လက်တွေ့သာဖြစ်တော့သည်။

○ ❦ ○





## ၁၉

မောင့်သည် စိမ်းလန်းစိုပြည်ဥယျာဉ်ထဲသို့ ရောက်ရှိနေသည်။ မောင့်ရဲ့ဝတ်စုံဒီဇိုင်းတွေကို မင်းသမီးတစ်ယောက်နှင့် မဂ္ဂဇင်း Cover ရိုက်ကူးတာ ဖြစ်သောကြောင့် မောင့်ပါ လိုက်လာခဲ့ရခြင်းဖြစ်သည်။ များသောအားဖြင့်တော့ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် မောင့်ရဲ့ဒီဇိုင်းဝတ်စုံတွေ၊ ဖက်ရှင်ဆိုင်က ဝတ်စုံတွေကို စပွန်ဆာပေးပေမယ့် မောင့်ကတော့ ဖိုတိုရှူတင်တွေကို သိပ်လိုက်လေ့လိုက်ထ မရှိပါ။ ဒီတစ်ခါ ကိုယ့်ဝတ်စုံကို ဝတ်ပေးမယ့်သူက နာမည်ကြီးအကယ်ဒမီမင်းသမီး ဖြစ်တာကြောင့် မင်းသမီးနဲ့ရော၊ အယ်ဒီတာနဲ့ရောပါ ခင်မင်နေသည့်အတွက် မောင့်က လိုက်ပါလာရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရာသီဥတု ပူသဖြင့် မောင့်က ရိုက်ကွင်းကို မြင်နေရသော မလှမ်းမကမ်းက စားပွဲမှာသာ ဝင်ထိုင်ပြီး အဝေးကပဲ ကြည့်နေမိသည်။ နေပူထဲမှာတော့ ထိုးဆောင်းပြီး ကြည့်မနေနိုင်ချေ။ မင်းသမီးခများမှာတော့ ဖိမ်မကျနိုင်ရှာ။ နေပူကြီးတဲ့အောက်မှာ လ,သာနေသည့်အလား အပြုံးမပျက် ဓာတ်ပုံရိုက်ခံနေရသည်။ သူ့အစား ကြားထဲကပင် မောင့်က ပင်ပန်းပူလောင်နေရသဖြင့် မင်းသမီးတော့ တစ်သက်လုံးမလုပ်ဟု စိတ်ကူးကာ နှုတ်ခမ်းဖျားမှာ စို့လာသောချွေးတွေကို တစ်သျှူးဖြင့် သုတ်နေတုန်းမှာပဲ မောင့်ရဲ့ပါးတစ်ခြမ်းဘက်ဆီသို့ လေအေးတစ်ချက်က တဖျုပ်ဖျုပ် တိုက်လာသည်။

အဲဒီလေအေးတိုက်ပုံက အင်းလျားကန်ဆီက ဖြတ်တိုက်လာသော လေအေးပုံစံမျိုးလည်း မဟုတ်တာကြောင့် မောင့်က ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် ရုတ်တရက် မြင်လိုက်ရသော မျက်နှာတစ်ခုကြောင့် လန့်တောင် လန့်သွားရသည်။

"ဟင် ... ရှင် ... ရှင်"

မောင့်ကို သေချာစွာ စိုက်ကြည့်နေသော မျက်နှာတစ်ခုက အကြည်လင်ဆုံး ပြုံးပြကာ ...





"ကိုယ့်ကိုမြင်တာ အဲလောက်တောင် လန့်သွားစရာလိုလား မောင့်ရဲ့"

သူက အေးအေးဆေးဆေးပဲ ပြောကာ မောင့်ဘေးကခုံမှာ ခြေထောက်ချိတ်ပြီး ခပ်တည်တည်ပဲ ဝင်ထိုင်သည်။ မောင့်သည် ရုတ်တရက်မို့ သူ့ကိုကြောင်ကာ ကြည့်နေမိသည်။ မောင့်နဲ့ မတွေ့ရတဲ့ နှစ်ပတ်ကျော်အတွင်းမှာ သူ့ရဲ့ပုံစံက တွေ့နေကျပုံစံနှင့် လုံးဝကွဲပြားခြားနားလို့ နေသည်။ အရင်က ကိုရီးယားပုံစံ အလန်ဆံပင်ရှည်တွေဟာ ခုတော့ ထူးခြားစွာဖြင့် ဆံပင်အထောင်ဒီဇိုင်း ဖြစ်လို့နေသည်။

ကန်းထရီးကွက်ရှပ်လက်တို၊ ဂျင်း(န်)အပြာစိုစိုတစ်ထည်ဖြင့် စူးရှရှ မျက်လုံးတွေကို ပိုင်ဆိုင်ထားသော မင်းနန္ဒာသည် မောင့်ကို ညို့ရီရီ ပြုံးကြည့်နေသည်။ မောင့်သည် တဒင်္ဂတော့ မှင်သက်နေပြီးတော့မှ ချက်ချင်းပဲ သတိဝင်လာသည်။

"ရှင် ဘာလာလုပ်တာလဲ။ အခု ထွက်သွား"

"အဲဒီလောက် ဒေါသတွေ မကြီးပါနဲ့ မောင့်ရယ်။ နေပူပူမှာ ဦးနှောက်သွေးကြောတွေ ပြတ်ကုန်ပါ့မယ်။ တော်ကြာကိုယ့်လို သိပ်ကောင်းတဲ့လူနဲ့ မပေါင်းလိုက်ရဘဲ ဟိုဘက်ဘဝကနေ အကြာကြီး စောင့်နေရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ရှင် တော်တော် မျက်နှာပြောင်တဲ့သူပဲ။ ရှင်ဘာမှ အရှုံးကွက် လာနင်းမနေနဲ့ ...

ရှင်နဲ့ စကားပြောစရာအကြောင်း ဘာမှမရှိဘူး။ ထွက်သွား"

"အဲဒီလောက် မစိမ်းကားပါနဲ့ မောင့်ရယ်။ မောင့်နဲ့ ကိုယ်နဲ့ ကြားထဲမှာ အဲဒီလောက် ဒေါသထွက်စရာ နာကြည်းစရာ ကဏ္ဍတွေ မပါ,ပါဘူး ...

ကိုယ် ဒီလိုလုပ်ခဲ့တာ မောင့်ကို သိပ်ချစ်လို့ မောင့်အနားမှာ နေချင်လို့၊ ပြီးတော့ ကိုယ်ချစ်တဲ့မောင့်ကို ကောင်းကောင်းချက်ကျွေးချင်တဲ့ ..."

"တော်တော့။ ဆက်မပြောနဲ့။ ရှင်သာ ရှိးသားတယ်။ ယောက်ျားပီသတယ်ဆိုရင် ယောက်ျားပီပီသသ ရှင် လုပ်လို့ရတယ်"

"ကိုယ်လည်း ယောက်ျားပီပီသသ လုပ်ချင်တာပေါ့ မောင့်ရယ်။ မောင့်ကမှ ခွင့်မပြုတာ"

"ဘာပြောတယ်။ ရှင် ဘာစကားပြောတာလဲ"





"မဟုတ်ဘူးလေ။ ကိုယ် ပြောတာက မောင့်အနားကို ကိုယ် ကပ်ချင်တယ်။ ရအောင် ကြိုးစားပေမယ့် မောင့်က ယောက်ျားတွေဆိုရင် အရမ်းစိတ်နာနေတယ် မဟုတ်လား ...

ဒါကြောင့် မောင့်ကိုလည်း ကူညီရာရောက်အောင် ကိုယ် အဲဒီလို လုပ်ခဲ့တာ ခွင့်လွှတ်ပါ မောင်ရယ် ...

ကိုယ် ဘယ်လိုတောင်းပန်မှ မောင့် ကျေနပ်မှာလဲဟင်"

"ဘယ်လိုတောင်းပန် တောင်းပန် မကျေနပ်ဘူး။ ရှင်မှတ်ထားဖို့က လောကမှာ ကျွန်မကို လိမ်ညာ လှည့်စားတာလောက် မုန်းတာ မရှိဘူး ...

ရှင်က ကျွန်မ အမုန်းဆုံးအလုပ်ကို လုပ်ခဲ့တာ။ ဒီအတွက် ရှင့်ကို ခွင့်လွှတ်နိုင်စရာ အကြောင်းလည်းမရှိဘူး။ ကျေနပ်နိုင်စရာ အကြောင်းလည်း မရှိဘူး"

"မောင့်ရယ် ... အဲလို မလုပ်ပါနဲ့ကွာ။ ကိုယ် တောင်းပန်ပါတယ်။ အနူးအညွတ်ကို တောင်းပန်ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ကိုယ် အရမ်းချစ်လို့ပါ။ ကျေးဇူးပြုပြီး ကိုယ့်ကို နားလည်ပြီး ခွင့်လွှတ်ပေးပါ။ ရန်သူကြီးတစ်ယောက်လို မဆက်ဆံပါနဲ့။ နောက်ဆုံး ကိုယ့်အချစ်ကို လက်မခံနိုင်ရင်တောင်မှ ကိုယ့်ကို နားလည်ခွင့်လွှတ်ပေးရင်ကို ကျေနပ်ပါပြီ ... နော် မောင့်"

သူက မောင့်ကို တောင်းပန်တိုးလျှိုးသော မျက်ဝန်းလဲ့လဲ့များဖြင့် စိုက်ကြည့်ကာပြောလျှင် မောင့်ရင်ထဲ၌ အရာတစ်ခုက ဖြတ်ပြေးစီးဆင်းသွားသည်။ စက္ကန့်ချင်းမျှ အကြည့်နှစ်ခုတို့ ပွတ်တိုက်သွားချိန်တွင် သူ့မျက်လုံးထဲ၌ မောင့်အပေါ် ချစ်ခင်မြတ်နိုးရိပ်တွေကို များပြားပြည့်သိပ်စွာ တွေ့မြင်လိုက်ရလေသည်။ အဲဒီအကြည့်တွေကြောင့် မောင့်ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ အဲဒီတစ်မျိုးဟာ ဘာတစ်မျိုးလဲတော့ မသိပါ။

မောင့်ရင်ထဲမှာ တစ်စုံတစ်ခုက အိုင်ဖွဲ့ပြီး စီးဆင်းလာပြီးနောက် မောင့်က ချာခနဲပဲ မျက်နှာကို လွှဲပစ်လိုက်သည်။

"ရှင် ထွက်သွားတော့လို့ ပြောနေတယ်"

"သွားမှာပါ မောင့်။ မောင့်ကို ကိုယ့်အတွက်နဲ့ စိတ်ဆင်းရဲရမှာမျိုး မလိုလားပါဘူး ...





ဒါပေမဲ့ မောင့်သိအောင် တစ်ခုတော့ ပြောပြခဲ့ချင်တယ်။ ကိုယ်ဟာ မောင့်ကို စတွေ့တည်းက ရင်ခုန်ပြီး ချစ်ခဲ့တဲ့သူပါ။ အခုလည်း ချစ်တယ်။ နောက်လည်း ချစ်နေဦးမှာပဲ။ မောင့်အနားမှာ အမြဲတမ်းနေပြီး မောင့်စိတ်ချမ်းသာအောင် ထားချင်ခဲ့တဲ့သူပါ မောင့် ...

မောင့် စိတ်ပြေလာတဲ့ တစ်နေ့ကို အမြဲစောင့်မျှော်နေမှာပါ"

သူ့ရဲ့အဆုံးသတ်စကားကို တိုးတိတ်စွာ ပြောပြီးနောက် တိတ်ဆိတ်စွာဖြင့် မတ်တတ်ထရပ်သည်။ ပြီးတော့ ညင်သာစွာ လှည့်ထွက်လို့ သွားလေသည်။ မောင့်သည် ထွက်ခွာသွားသော သူ့ကျောပြင်ကိုကြည့်လျက် မျက်စောင်းတစ်ချက်ထိုးကာ အံကို တင်းတင်းကြိတ်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၀

"မေမေရေ ... အားလုံး အဆင်သင့်ဖြစ်ပြီ၊ သုံးဆောင်ဖို့ ကြွပါဗျို့"

သူ့ရဲ့အော်သံခပ်ကျယ်ကျယ် အဆုံးတွင် သူ့အမေက ထမင်းစားခန်းထဲသို့ ဝင်ရောက်လာကာ သူ ပြင်ဆင်ထားသော အုန်းနို့ခေါက်ဆွဲဝိုင်းကို တစ်ချက်ငုံ့ကြည့်ပြီးနောက် ပြုံးသည်။ နာမည်ကသာ အုန်းနို့ခေါက်ဆွဲ ဖြစ်သော်လည်း တကယ်တမ်းက နွားနို့နဲ့ချက်သော အန္တရာယ်ကင်း နို့ခေါက်ဆွဲသာ ဖြစ်ပါသည်။

"အင်း ... ငါ့သားလေးကိုရတဲ့ မိန်းကလေးကတော့ တကယ့်ကို ကံကောင်းမှာပဲ။ စိတ်ရင်းလေးကလည်းကောင်း၊ အချက်အပြုတ်လေးကလည်းတော်နဲ့ ...





သားရယ် ... ရည်းစားလေး ဘာလေး ရှိရင်လည်း အိမ်ခေါ်လာပါဦး။ သားနဲ့ အဆင်ပြေတယ် သင့်တော်တယ် ဆိုရင်လည်း လက်ထပ်ပေးချင်တယ်။ မေမေလည်း မသေခင် မြေးလေးတော့ ချီသွားချင်တယ်လေ"

မေမေ့စကားကြောင့် သူက မချိပြုံး ပြုံးကာ ...

"ခေါ်လာချင်တာပေါ့ မေမေရယ်။ ဒါပေမဲ့ သားချစ်တဲ့ ကောင်မလေးက သားကိုမှ ပြန်မချစ်တာ"

"အလိုတော် ... ငါ့သားလို အင်မတန် ပျော်တတ်တဲ့ ကလေး၊ sweet ဖြစ်တဲ့ ကလေးကိုတောင် ပြန်မချစ်နိုင်တဲ့ မိန်းကလေး ရှိလို့လား။ သူ့မှာ ရည်းစားတွေ ဘာတွေများ ရှိနေမှန်းမှ မသိတာ"

"ရည်းစားတော့ မရှိပါဘူး။ ဒါပေမဲ့ သူက မာနခပ်ကြီးကြီး အစားထဲက မေမေရဲ့။ သား ကြိုးတော့ ကြိုးစားနေပါတယ်"

"ဘယ်သူများလဲ သားရဲ့။ မေမေတို့ လိုက်တောင်းပေးရင် ရော မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မရဘူး ... မရဘူး။ အဲ ီလိုတွေပါလို့ မဖြစ်ဘူး။ သားတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို သားတို့ရဲ့စိတ်နဲ့ပဲ တည်ဆောက်ချင်တယ် ...

ဘေးလူတွေ ဝိုင်းပြီး ဘေးတီးတော့မှ ရည်းစားတစ်ယောက်ရပြီး၊ မိန်းမတစ်ယောက် ရတာမျိုး မလိုချင်ပါဘူး။ သားက ချစ်ခင်ပြီး သားကို ပြန်ချစ်တဲ့ နှစ်ယောက်ကြည်ဖြူ ကိုယ့်စိတ် သူ့စိတ် တူညီတဲ့ အချစ်မျိုးကိုပဲ လိုချင်တယ်"

သူ့ရဲ့ ငိုကာဖွဲ့နေသော အပြောကို သူ့အမေက ဟုတ်ပါပြီ ဟူသော ပုံစံမျိုးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ...

"ဟုတ်ပါပြီ၊ ငါ့သားလေးတစ်ယောက် ချစ်တဲ့သူနဲ့ပေါင်းဖက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ကွယ်။ မေမေကလေ ဘယ်လိုမိန်းကလေးမျိုးမဆို သား ချစ်တယ်ဆိုရင် ကြည်ဖြူလက်ခံပေးဖို့ အဆင်သင့်ပါပဲ။

မိန်းကလေးဆိုလို့ မေမေတောင် သဘောကျတဲ့ မိန်းကလေးတစ်ယောက် တွေ့လိုက်သေးတယ်။ သားနဲ့ဆို သိပ်လိုက်မှာပဲလို့ တွေးမိတယ်"





"ဟား ဟား ... တို့မေမေကတော့ကွာ။ တွေ့တာနဲ့ ချွေးမဖမ်းတော့်ချင်နေတော့တာပဲ။ ယောင်လို့များတောင် စကားတောက်တာတွေ၊ သွားကမ်းလှမ်းတာတွေ မလုပ်ပါနဲ့ မေမေရာ ...

တော်ကြာ ... စကားကြီး အဖတ်တင်နေရင် မကောင်းပါဘူး"

"အမယ်လေး ... ဘာမှမပြောပါဘူး သားရယ်။ မေမေ သဘောကျတဲ့ ကလေးမလေးနဲ့ကလည်း တစ်ကြိမ်တည်း ဆုံဖူးတာပါ ...

စိတ်ရင်းသဘော ကောင်းရှာသူလေးမို့ မြင်မြင်ချင်းပဲ သဘောကျသွားတာ။ ကိုယ်ပိုင်အလုပ်အကိုင်နဲ့ ပညာအရည်အချင်းနဲ့ Bright ဖြစ်တဲ့ပုံလည်း ပေါက်တယ်"

"အမယ်လေး ... မေမေရယ်။ ညွှန်းနေလိုက်တာများ။ မေမေ့ပါးစပ်က အဲဒီလောက် ညွှန်းတာမျိုး မကြားဖူးပါဘူး ...

တော်တော် သဘောကျနေတယ် ဟုတ် ! "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သဘောကျတယ်။ သူ့ပုံစံလေးက နွဲ့နွဲ့ပျောင်း ပျောင်း ယဉ်ယဉ်ကျေးကျေးလေးတော့ မဟုတ်ဘူး။ ဓာ လေးတစ်မျိုးရှိတယ် ...

ဒါပေမဲ့ အဲဒါလေးကကို သူ့ရဲ့ အရှိန်အဝါလေး တစ်ခုပဲလေ။

သူ့ပုံစံလေးက မာန်တစ်မျိုး ရှိပေမယ့် စိတ်ရင်း စေတနာကောင်းတာကလည်း ပေါ်လွင်နေတော့ အဲဒါက Attrection တစ်မျိုး ဖြစ်သွားတာ ...

တစ်လောက မေမေ ဆေးခန်းမှာ မူးနေတုန်း သူက အိမ်ကိုပြန်ပို့ပေးခဲ့တာပါ သားရယ်။ ခင်မင်ရင်းနှီး နေကြတာတော့ မဟုတ်ပါဘူး ...

သူ့နာမည်လေးကိုတော့ ထူးထူးခြားခြား မှတ်မိနေ တယ်။ နာမည်လေးက လှတာကိုး။ မောင့်ဘဒ္ဒါတဲ့"

မေမေ့ရဲ့စကားကို ကြားလိုက်ရလျှင် သူက အံ့ဩ စိတ်ကြောင့် မျက်ခုံးအစုံက ပင့်တက်သွားရသည်။ ပြီးတော့ ရင် ခုန်ဝမ်းသာစိတ်က ရင်ထဲမှာ လှိုက်တက်ပြီး လာလေသည်။





"မောင့်ဘဒ္ဒါ ! ဟုတ်လား။ သူနဲ့ မေမေနဲ့က ဘယ်လို လုပ် တွေ့ရတာလဲ"

"တစ်လောတုန်းကလေ။ ဆေးခန်းမှာ မေမေ မူးနေတုန်း ဂရုတစိုက်နဲ့ လာမေးပြီး အဖော်လည်း မပါတာနဲ့ ဒီအိမ် ထိ ပြန်လိုက်ပို့ပေးခဲ့တာ ...

သူနဲ့ သူ့အဒေါ်နဲ့ပေါ့။ မေမေကလည်း သား အကြောင်း နည်းနည်းပါးပါးတောင် ပြောပြလိုက်သေး တယ်"

"ဪ"

သူက ဪတစ်လုံးနဲ့ အားလုံးကို ရှင်းရှင်းလင်း လင်း သိမြင်သွားသည်။ နောက်ဆုံးတော့ ရှင်ဘုရင်ဘယ်ကထွက်၊ ခင်းကြီးတာကထွက်ပဲ ဖြစ်တော့သည်။ အင်း ... မေမေတောင် တစ်ခါတည်း မြင်ဖူးတာနဲ့ ဒီလောက်သဘောကျသွားရင် သူဆို ဘာတော့ ဘယ်လောက် အသည်းတုန်အောင် ချစ်လိုက်မလဲ ဉ်းစားကြည့်နိုင်ပါသည်။ မာန်တစ်မျိုး ထင်ဟပ်နေတာတောင် သူ့အမေက သဘောကျသတဲ့။ ဒါကိုက ဒီကလေးမလေးဟာ ရှေ့ဘုန်း ရှေးကံနှင့် ပြည့်စုံသော ကလေးမလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုသာ ချွေးမတော်ရရင် မေမေ သိပ်ပျော်နေမယ်နဲ့ တူတယ်"

"အင်း ... ဒါက မေမေ ဖြစ်ဖူးခဲ့တဲ့ ဆန္ဒလေးကို ပြောတာပါကွယ်။ ကိုယ့်သားလည်း အရွယ်ရောက်ပြီဆိုတော့ ပတ်ဝန်းကျင်က သဘောကျတဲ့ မိန်းကလေးဆိုရင် ကိုယ့်သားလေးအတွက် ကြည့်မိတဲ့ သဘောပါပဲ ...

အဓိကကတော့ သား ချစ်ဖို့ပါပဲ။ သားပြောသလို သားကလည်းချစ် သူကလည်းချစ်တဲ့အဖြစ်မျိုးဆို အကောင်းဆုံးပေါ့ သားရယ် ...

လောကမှာ ကာယကံရှင်နှစ်ယောက် နှစ်ကိုယ်ရှ ချစ်ပြီး ထူထောင်တဲ့ အိမ်ထောင်ရေးကသာ အကောင်းဆုံးပါပဲ"

"ဟုတ်ပါပြီ။ ကဲ ... မေမေ စားပြီးရင် သား အပြင်သွားလိုက်ဦးမယ်"

သူက ထိုင်ရာမှထကာ စတီးလ်ချိုင့်ထဲသို့ အုန်းနို့ခေါက်ဆွဲတွေ ပြင်ဆင်ပြီး ထည့်နေတာကို မေမေက ပြုံးကြည့်လျက် ...





"ဘာလဲ ... မာနခဲလေးဆီ သွားပို့မလို့လား"

"မေမေက အကြားအမြင်တွေ ရနေတယ် ထင်တယ်။ ဟုတ်တယ် မေမေရေ့ အချစ်ဟာ နှလုံးသားဆီသို့ အစာအိမ်လမ်းကြောင်းကနေ သွားတယ်တဲ့။ ဒါကြောင့် အဲဒီနည်းလမ်းကို သုံးမလို့၊ ဟဲ ဟဲ ... သွားလိုက်ဦးမယ်"

သူ့အမေကို သူက နှုတ်ဆက်ပြီးနောက် ကားပေါ်မှာ အုန်းနို့ခေါက်ဆွဲချိုင့်ကို တင်ဆောင်ကာ မောင့်တို့အိမ်သို့ မောင်းထွက်လာခဲ့သည်။ တည်တည်တင်းတင်းနှင့် ဝင်းဝင်းမွတ်မွတ် မျက်နှာပိုင်ရှင် မောင့်ကို အပြင်မှာမြင်ဖို့ မဆိုထားဘိ အတွေးထဲမှာ စိတ်ကူးယဉ်လိုက်တာတောင် မျက်နှာမြင်ရုံနဲ့ ရင်ခုန်ရပြီဖြစ်သည်။

မောင်တို့ခြံရှေ့သို့ရောက်လျှင် ဟွန်းတီးလိုက်တာနှင့် အိမ်အကူ အေးရွှေက ခြံတံခါးကို အပြေးလာဖွင့်သည်။ သူ ကြိုပြီး ဖုန်းဆက်ထားသောကြောင့် အန်တီလေးကလည်း ပေါ်တီကိုအောက်မှာ အဆင်သင့် ရပ်စောင့်နေလေသည်။ သူက ကားပေါ်ဆင်းရင်းမှ အန်တီလေးကို ကိုရီးယားစတိုင်လ်ဖြင့် ခေါင်းညွှတ်



www.burmeseclassic.com

www.burmeseclassic.com



အရိုသေပေးလိုက်လျှင် အန်တီလေးက သဘောတကျဖြင့် ရယ်သည်။

"အညာဖရော ... အားကျီးမ"

"ဟင်း ... နန္ဒာတို့ကတော့ တွေ့လိုက်ရင် ဖလန်း ဖလန်း ထနေတာပဲ"

"ဒါ ကိုယ့်စတိုင်လ်လေ တီလေးရဲ့"

သူက ဘောင်းဘီအိတ်ကပ်ထဲ လက်ထည့်ကာ ဂိုက်ပေးပြီး စတိုင်လ်ဖြင့် ရပ်ပြလိုက်လျှင် အေးရွှေကပါ သူ့ပုံကို တဟီးဟီးဖြင့် ရယ်သည်။

"အစ်ကိုလေးနန္ဒာက ဒီလိုကျတော့လည်း သိပ်မိုက်တာပဲ။ ရုပ်ရှင်မင်းသား ဟိန်းဝေယံနဲ့တူတယ် ... ဟီး ဟီး"

"တူတယ်ဆိုရင် ကားထဲမှာ ချိုင့်သွားထုတ်လိုက်"

"ဟား ... ပွတာပဲ။ ဒီတစ်ခါရော ဘာတွေ ချက်လာတာလဲ ဟင်"

"နို့စိမ်းခေါက်ဆွဲ။ အန်တီလေးနဲ့ တည့်တယ်နော်။ ဘာမှ မဖြစ်ဘူး။ ကြိုက်သလောက်ဆွဲ အမှန်းဆွဲလို့ရတယ် ..."





ဖြစ်လည်း အသိသာကြီး။ အာရုတော်ဝင်နဲ့ နီးနီးလေး ပဲဟာ ... ဟဲ ဟဲ"

"ကြည့် ...။ ဒီကောင်လေးဟာလေ။ ခုချိန်ထိကို အရွတ် အနောက်က မလျှော့သေးဘူး။ ကဲ ... ကဲ ... အေးရွှေ ကားထဲက ချိုင့်ကိုယူ ...

လှယ်ထည့်ထားလိုက်။ လာလေ နန္ဒာ၊ အိမ်ထဲဝင်"

"ဟုတ်ကဲ့"

အေးရွှေက ကားထဲကချိုင့်ကိုယူကာ သုံးယောက်သား အိမ်ထဲသို့ ဝင်မည်အလုပ်မှာပဲ ခြံတံခါးဆီက ဟွန်းတီးသံ ကြားရသည်။ အေးရွှေထံမှ အလန့်တကြားအော်သံ ထွက်လာလေသည်။

"ဟယ်တော့ ... မမလေး ပြန်လာပြီ"

အေးရွှေက သူ့ကို ဘယ်လိုလုပ်မလဲ ဟူသော အကြည့်မျိုးဖြင့် စိုးရိမ်တကြီး မော့ကြည့်သော်လည်း သူက အေးအေးပင် ပခုံးတစ်ချက် တွန့်ပြလိုက်ကာ ...

"ပြန်လာရင် တံခါးသွားဖွင့်ပေးလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



အေးရွှေက ခြံဝဆီသို့ သုတ်သီး သုတ်ပြာဖြင့် ပြေး သွားကာ ခြံတံခါးကို ဖွင့်ပေးလိုက်လျှင် မောင့်ရဲ့ကားက ခြံထဲ သို့ တရကြမ်း မောင်းဝင်လာသည်။ ပေါ်တီကိုအောက်မှာ သူ့ကား ရပ်ထားသောကြောင့် မောင့်ကားက ဘေးဘက်မှာပဲရပ်ကာ ကား ပေါ်မှ ဆင်းလာသည်။ မျက်မှန်တပ်ထားသဖြင့် ဒေါသမျက်ဝန်း တွေကို ချက်ချင်း မမြင်ရသော်လည်း မျက်မှန်ကို ဆတ်ခနဲ ဆွဲ ချွတ်လိုက်သောအခါ မောင့်မျက်ဝန်း ရှူးရှူးတွေက သူ့ထံသို့ တန်းခနဲပဲ ရောက်လာသည်။

ပြီးတော့ သူတို့နားသို့ လျှောက်လာပြီးတော့မှ သူ့ ကို တည့်တည့်ကြည့်ကာ ...

"ရှင် ဘာလာလုပ်တာလဲ"

"အန်တီလေးအတွက် နို့စိမ်းခေါက်ဆွဲ လာပို့တာပါ"

"ဘာမှ ပို့စရာမလိုဘူး။ နေစမ်းပါဦး ... ရှင် ဘာအချိုး ချိုးနေတာလဲ။ ရှင့်ကို ကျွန်မတို့နဲ့ လုံးဝမပတ်သက်ပါနဲ့လို့ ပြောထားတယ်လေ ...

ဒါကို လိုက်ပြီး ပတ်သက်နေတာ ဘာသဘောလဲ။ ပြောချင်ရာပြော ဂရုမစိုက်ဘူးဆိုတဲ့ အချိုးအချိတ်လား





ဒီလိုနည်းလမ်းတွေနဲ့ အန်တီလေးကို လာလာပြီး စည်းရုံး နေတာလား ...

အန်တီလေး ! အန်တီလေးကရော ဘာကိစ္စ သူ့ကို လက်ခံတွေ့နေတာလဲ။ သူနဲ့ မပတ်သက်နဲ့လို့ မောင် ပြောထားတယ်လေ။ ဘာလဲ ... မောင့်စကားကို အန်တီ လေးကပါ အရေးမစိုက်တာလား"

သူမက အန်တီလေးကိုပါ လှည့်ပြီး မာန်မဲသည်။ အန်တီလေးက မျက်နှာငယ်လေးနှင့်ပင် ...

"မဟုတ်ပါဘူး မောင့်ရယ်။ သူက အန်တီလေးကို အနူး အညွတ် တောင်းပန် ..."

"ကျွတ် ... ဘာတောင်းပန်တာလဲ။ တောင်းပန်တိုင်း လက်ခံစရာလား။ မောင့်က ပြောထားရက်နဲ့ အန်တီလေး က ဒီလိုတွေ လုပ်နေတော့ သင်းက ပိုပြီးရောင့်တက်တာ ပေါ့ ...

မောင့်ပဲ ငပေါလုံးလုံး ဖြစ်တာပေါ့။ ဒီမှာ မင်းနန္ဒာ ကျွန်မတို့ ခြံထဲက ရှင် အခုချက်ချင်း ထွက်သွားပါ။ နောက်ထပ် လုံးဝမပတ်သက်ပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါ ရှင့်ကို နောက်ဆုံးအကြိမ် ပြင်းထန်စွာ သတိပေးခြင်းပဲ။ ဒီထက် ကျော်လာရင် ရှင့်ကို သည်းခံမှာ မဟုတ်တော့ဘူး"

"မောင့်ရယ် … အဲဒီလောက်ကြီး စိမ်းကားပြတ်တောက်စရာ မလိုပါဘူး။ မောင့်တို့ မိသားစု ထိခိုက်နစ်နာအောင် ကိုယ် ဘာမှ မလုပ်ခဲ့ပါဘူး"

"မလိုချင်ဘူး။ ရှင် ကျွန်မတို့ကို လိမ်ညာပြီး ဒီအိမ်ပေါ်တက်နေခဲ့တယ်။ အဲဒါ ရှင့်ရဲ့ အကြီးမားဆုံးသော အပြစ်ပဲ။ ကျွန်မတို့အတွက်လည်း အနစ်နာဆုံးပဲ …

ကဲ … ရှင် ထွက်သွားတော့"

"မောင့်ရယ် … အဲဒီလောက်ကြီး မပြောပါနဲ့"

"ကျွတ် … အန့်တီလေး ဝင်မပါစမ်းပါနဲ့"

"မောင့် …။ မင်းကို ကိုယ် တစ်ခုပြောမယ်။ မင်းကို ကိုယ် မပတ်သက်ဖို့ တားမြစ်ရင် တားမြစ်ပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ ကိုယ်နဲ့ တီလေးရဲ့ ခင်မင်မှုကိုတော့ မင်း မပိတ်ပင်ပါနဲ့ …

ကိုယ် လိုက်နာမှာ မဟုတ်ဘူး"





"ဘာပြောတယ်။ ရှင် ဘာစကားပြောတာလဲ"

"ဟုတ်တယ်လေ၊ မောင့် ပြောနေတာတွေက တရားလွန်လာလို့ ပြောတာ။ မောင့်ပုံစံက ကလေးအထာ ဖြစ်နေပြီ။ ငါနဲ့မခေါ်လို့ ငါ မကျေနပ်လို့ နင်နဲ့လည်း မခေါ်ရဘူး ဆိုတဲ့ ပုံစံမျိုး ဖြစ်မနေဘူးလား …

ဒါမျိုး မလုပ်ပါနဲ့ မောင့်။ သဘောထားကြီးပါ"

"တောက် … ရှင် ထွက်သွား"

မောင့်က ရူးရူးဝါးဝါး ကျိုးအော်လျှင် သူက စိတ်ပျက်စွာဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းမိသည်။ ပြီးတော့ ကားပေါ်တက်ရန် ဟန်ပြင်စဉ်မှာပဲ သူမထံမှ အသံထပ်ထွက်လာသည်။

"ရှင့်ချိုင့် ရှင် ပြန်ယူသွား။ နောက်ကို ဒီနည်းလမ်းတွေနဲ့ လာပြီးမစည်းရုံးနဲ့"

"ဆောရီးပဲ မောင့်။ ကိုယ် မယူနိုင်ဘူး။ မင်းစားဖို့ လာပေးတာလည်း မဟုတ်ပါဘူး။ တီလေး စားဖို့ ကိုယ် လာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... လူပါးဝလိုက်တာ၊ ဒီလောက်တောင် ဖြစ်ဦး"

"ဟယ် ... မောင့်"

"အမယ်လေး ... မမလေး"

အံ့ဩတကြီး တားမြစ်သံတွေနဲ့အတူ တစ်ပြိုင်နက်လိုလို ဖြစ်သွားတာကတော့ မောင့်သည် သူ့ရဲ့အုန်းနို့ခေါက်ဆွဲချိုင့်ကြီးနှင့် သူ့ကို ပစ်ပေါက်လိုက်တာပဲ ဖြစ်တော့သည်။ ချိုင့်က အရှိန်ဖြင့် ကားကိုသွားထိမှန်ကာ ခလုတ်ပွင့်သွားပြီး အထဲမှ ဟင်းရည်တွေက အပြင်သို့ ဖိတ်စဉ်ကာ သူ့တစ်ကိုယ်လုံးလည်း စိုရွှဲသွားသည်။ လုံးဝကို ရင့်သီးရက်စက်လွန်းသော အပြုအမူကြောင့် သူက မောင့်ကို မယုံနိုင်စွာဖြင့် အံ့ဩတကြီး ကြည့်လိုက်မိသည်။

သူ့ကို တန်ပြန်စိုက်ကြည့်နေသော မောင့်ရဲ့မျက်လုံးတွေဟာလည်း အရည်တဆတ်ဆတ်လဲ့ကာ နှုတ်ခမ်းတွေကို ပြုတ်လုမတတ် ကိုက်ထားလျှင် သူသည် မောင့်ရဲ့အမုန်းတရားကို နားလည်လိုက်လေသည်။ အဲဒီနောက်မှာတော့ အသိစိတ်မကပ်တော့ပဲ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။





အစကတော့ မောင့် ဒီလောက် မုန်းနေမည်ဟု မထင်ခဲ့ချေ။ အခုတော့ သူ့နှလုံးသားသည် ဟင်းရည်ပူလောင်ကာ ဒဏ်ရာသင့်သွားခဲ့ရပြီ ဖြစ်ပါသည်။ အဲဒီလောက်တောင် မုန်းနေပြီ ဆိုမှတော့လည်း ...။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com

## ၂၁

အဖြစ်အပျက်များ ဖြစ်ပွားပြီးဆုံးသွားသည့် နောက်ပိုင်းတွင် မောင့်တို့အိမ်သည် ခါတိုင်းထက်ကို တိတ်ဆိတ်လို့သွားလေသည်။ အရင်တုန်းကလည်း သုံးယောက်တည်း ရှိခဲ့ပေမယ့် ဒီလောက်ကြီးတော့ တိတ်ဆိတ်မနေပါ။ အန်တီလေးက တရားခွေဖွင့်ရင်ဖွင့်၊ မဟုတ်ရင်လည်း ကိုရီးယားကားတွေဖွင့်ကာနှင့် အိမ်ရယ်လို့ နည်းနည်းပီသသေးသည်။ အရင်တည်းကလည်း မိသားစုစုံစုံလင်လင်နှင့် နေချင်ခဲ့သော အန်တီလေးဟာ မောင့်ကိုနားချခဲ့ဖူးသည်။

["မောင့်ရယ် ... အိမ်ထောင်လေး ဘာလေး ပြုပြီး သားသမီးတွေ မွေးပါလား။ ဒါဆို အိမ်လည်း စိုစိုပြည်ပြည်ဖြစ်ပြီး ကြည်နူးစရာ ကောင်းတာပေါ့"





"ဟွန်း ... အဲဒီလိုသာ အန်တီလေး နေချင်ရင် ယောက်ျားယူခဲ့ပေါ့"

"အန်တီလေးက အိမ်ထောင်ပြုလို့ မရလို့ပေါ့ မောင့်ရယ်။ ဖြစ်နိုင်ရင် ကိုယ့်ခင်ပွန်းရယ်၊ သားသမီးတွေရယ်နဲ့ ပျော်ရွှင်သာယာတဲ့ မိသားစုဘဝလေးကို တည်ထောင်ချင်တာပေါ့ ...

ဒါပေမဲ့ ဟိုဘက်ဘဝက ကုသိုလ်ကံ အကျိုးပေးညံ့ခဲ့တော့ ဒီဘဝမှာ ကိုယ်ဖြစ်ချင်တဲ့ဘဝကို မပိုင်ဆိုင်နိုင်ဘူး။ ဒါကြောင့် မောင့်ကို သာယာတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်စေချင်တာ။ အန်တီလေးသာ မရှိတော့ဘူး ဆိုရင် မောင့် စဉ်းစားကြည့်စမ်း။ လောကကြီးမှာ မောင့် တစ်ယောက်တည်း ...

အပျိုကြီး လုပ်တယ် ဆိုတာလည်း ဆွေမျိုးအသိုင်းဝန်း တောင့်တင်းမှ လုပ်လို့ကောင်းတာ မောင့်ရဲ့။ ဒါတောင် ကြီးလာရင် အထီးကျန်တတ်တယ် ...

ဒါကြောင့် အဘက်ဘက်က တွက်ဆပြီး မောင့်ကို အိမ်ထောင်ပြုဖို့ နားချရတာ။ မင်းနန္ဒာ ပြောသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူဦးရေသန်းခြောက်ဆယ်ထဲမှာ ကိုယ့်အပေါ် တကယ်ချစ် မြတ်နိုးပြီး တကယ်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့နိုင်ပါတယ်”]

အရင်ကတော့ အဲဒီလိုတွေ ပြောခဲ့ဖူးသော အန်တီ လေးဟာ တစ်နေ့ကကိစ္စ ပြီးသွားတည်းက မောင့်ကို စကားဟဟ မပြောတော့ချေ။ မောင့်ကလည်း စိတ်မကြည်တာမို့ ဘယ်သူ့ကို မှ စကားမပြော။ မပြောမဖြစ် ပြောရမည့်စကားသာပြောလျက် တတ်နိုင်သမျှ စကားမပြောဘဲ နေကြသည်။ ဒါကြောင့် သုံးယောက် တည်းသာရှိသော အိမ်မှာ အေးစက်ခြောက်ကပ်လို့ နေလေသည်။

တစ်နေ့မှာတော့ အန်တီလေးက မောင့် အလုပ်က ပြန်လာလျှင် ဆီးကြိုစောင့်ကာ စကားပြောသည်။

“မောင့် ... ခဏထိုင်ပါဦး၊ အန်တီလေး စကားပြောစရာ ရှိလို့ပါ”

မောင့်က မျက်နှာချင်းဆိုင်ခုံမှာ အသာဝင်ထိုင်လိုက် သည်။ အန်တီလေးကို တစ်ချက်ကြည့်လိုက်လျှင် ...

“အန်တီလေး ဝါတွင်းသုံးလ တရားစခန်း ဝင်မလို့”

“ဝါတွင်းသုံးလ ဆိုတော့ သုံးလစလုံးလား”





“ဟုတ်တယ်။ အဲဒါ မောင့်ကို အသိပေးတာပါ။ ဒီလကုန် တာနဲ့ သွားရမယ်။ မော်လမြိုင်နားက တောရကျောင်းလေး မှာ ဝင်မှာ”

“အန်တီလေး ကျန်းမာရေးအခြေအနေနဲ့ ဘယ်လိုလုပ် ဖြစ်မှာလဲ။ အနည်းဆုံး တစ်ပတ်လောက်ဆိုရင် တော်သေး တယ်”

“ဟင့်အင်း ... သုံးလပဲ ဝင်ချင်တယ်။ စိတ်ထဲမှာလည်း တရားအလုပ်ကို အရမ်းလုပ်ချင်စိတ်တွေ ပြင်းပြနေတယ် ...

အန်တီလေး သေသွားရင် အန်တီလေးနောက်ကို ဒါတွေပဲပါမှာ။ ကျန်းမာရေး အခြေအနေကလည်း စိုးရိမ် စရာ မရှိပါဘူး”

“ဟင် ... အန်တီလေးက သုံးလလောက် သွားနေတော့ အိမ်မှာက မောင့် တစ်ယောက်တည်းပေါ့”

“အန်တီလေး အခုချိန် သေသွားလည်း မောင့် တစ်ယောက် တည်းပဲ ကျန်ခဲ့ရမှာပဲလေ။ မောင့်အတွက် ကျင့်သားရတာ ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မောင့်သည် နှုတ်ခမ်းကို တင်းတင်းစေ့လျက် အဲဒီစကားကို ဘာမှပြန်မပြောသာချေ။

"အင်းပေါ့လေ။ ကုသိုလ်ရေးကိစ္စ ဆိုတော့လည်း မောင့်က ဘာပြောသာမှာလဲ။ အန်တီလေး သဘောပဲပေါ့"

"အင်း ... မောင့် နားချင် နားလို့ရပါပြီ။ အန်တီလေး ပြောချင်တာ အဲဒါပဲ"

မောင့်က အန်တီလေးကို တစ်ချက်အကဲခတ်ကြည့်ကာ ...

"အန်တီလေး မောင့်ကို စိတ်ကောက်ပြီး စခန်းဝင်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး။ မောင့်ကို အန်တီလေးက စိတ်ဆိုး စိတ်ကောက်စရာ ဘာအကြောင်းမှ မရှိပါဘူး။ လူဆိုတာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ပဲလေ။ ကိုယ်ဖြစ်ချင်တာ မဖြစ်ဘဲ သူ ဖြစ်ချင်တာ ဖြစ်နေတဲ့ လောကကြီးအကြောင်းကို သိနေတာပဲ ...

အရေးကြီးတာက နောင်တမရမိဖို့ပဲ"





"အန်တီလေး စကားက ဘာကိုဆိုလိုတာလဲ"

"ဘာကို ဆိုလိုတာလဲ ဆိုတာ မောင့် ရိပ်မိမှာပါ။ အဲဒီ လောက်ထိတော့ မအပါဘူး"

မောင့်က ဘာမှပြန်မပြောမိဘဲ အန်တီလေးကို စူးစိုက်စွာ ကြည့်နေမိသည်။ မောင့်အကြည့်တွေကို အန်တီလေးက သိမ်မွေ့ညင်သာသော အပြုံးတစ်ခုဖြင့်ကြည့်ကာ ...

"မောင့်ကို အန်တီလေး တစ်ခု ပြောချင်တာက ဒေါသကို လျှော့ပါ။ ဒေါသဟာ အမှားနဲ့အမှန်ကို ခွဲခြားနိုင်စွမ်း မရှိဘူး ...

ကိုယ့်ကို လိမ်ညာထားတယ်လို့ ထင်လို့ စိတ်တိုတာ၊ ဒေါသထွက်တာကို နားလည်တယ်။ ဒါပေမဲ့ ကောင်းတာတွေနဲ့ ဆိုးတာတွေ ရောနေတဲ့ အရာတစ်ခုကို အကောင်းနဲ့ အဆိုး ခွဲခြားကြည့်။ တစ်ပုံစီ သပ်သပ်ဖယ်ကြည့်လိုက် ...

ဘယ်ဘက်က အလေးသာလဲ ပြန်တွက်၊ ကောင်းတာတွေ များနေတဲ့ လူတစ်ယောက်ကို ခွင့်လွှတ်ပေးသင့်ရင်၊ ခွင့်လွှတ်နိုင်မယ်ဆိုရင် ခွင့်လွှတ်ပေးလိုက်တာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်အေးချမ်းတယ်။ သူ့အတွက်လည်း စိတ်အေးချမ်းတယ်။ မဟုတ်ရင် ကိုယ်က ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပြီး ခရီးသွားတဲ့ လူလိုပဲ။ ပင်ပန်းဆင်းရဲရတယ် _

မောင့်တော့ မသိဘူး။ ဘေးကကြည့်တဲ့ အန်တီလေးတောင် မောင့်ကိုကြည့်ပြီး ပူလောင်တယ်။ ပင်ပန်းတယ်။ အေးချမ်းမှု မရှိဘူး။ အလကားနေ စိတ်တိုဒေါသထွက်ပြီး ဘာတွေမှန်းမသိ တောက်လောင်နေတယ်"

"အန်တီလေး ပြောသလောက်လည်း မဟုတ်သေးပါဘူး"

"ဒါတော့ မောင့်ကိုယ်မောင့် အသိဆုံးနေမှာပဲလေ။ ပူနေတဲ့ မီးခဲဟာ သူ့ကိုယ်သူတော့ ပူတယ်လို့ ဘယ်ထင်မလဲ။ ဘေးကလူကတော့ ကိုင်ဖို့တောင်နေနေသာသာ အနားကပ်ရင်တောင် ပူလောင်နေလို့ ဘယ်သူကမှ မကပ်ချင်ကြဘူး..."

အန်တီလေးကတော့ မောင့်ကို အေးချမ်းတဲ့ပုံစံနဲ့ မြင်ချင်တာ။ ဒါပေမဲ့ သတ္တဝါတစ်ခု ကံတစ်ခုမို့ အန်တီလေးလည်း မောင့်ကို လက်လျှော့လိုက်ပါပြီ"





အန်တီလေးက ပြောစရာစကား မရှိတော့သည့်အလား ထိုင်ရာမှထကာ လှည့်ထွက်သွားလျှင် မောင့်တစ်ယောက်တည်း ဆိုဖာပေါ်မှာ ကျန်ရစ်ခဲ့သည်။ ဘာကြောင့်မှန်းမသိဘဲ မောင့်စိတ်တွေ သိပ်ကို နွမ်းညစ်လာသည်။ တကယ်ပဲ မောင့်ဟာ ပူလောင်နေပြီလားတော့ မပြောတတ်ချေ။ တစ်လောကလုံးနှင့် မောင့်တစ်ယောက်တည်း ကင်းကွာလာသလို ခံစားရသည်။

လူတွေအားလုံးကပဲ မှန်ပြီး မောင့်တစ်ယောက်တည်းကပဲ မှားနေသလားတော့ မပြောတတ်ပါ။ ဒါပေမဲ့ မောင့်မမှားဘူးဟု ခေါင်းမာတတ်သော မောင့်က ယုံကြည်လက်ခံထားဆဲပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၂၂ ❋

"သား … ဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော်။ ဖုန်းလည်း မှန်မှန်ဆက် ကြားလား။ အစစအရာရာ သတိထားပြီးနေ …

လူတွေကိုလည်း ပြောင်ဟယ် နောက်ဟယ် သိပ်လုပ်မနေနဲ့"

သူ့အမေက သူ့ကို ဆယ်ကျော်သက်လေးသဖွယ် တခုတ်တရ မှာကြားနေလျှင် သူက အသာအယာပြုံးကာ သူ့အမေရဲ့ပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လျက် …

"မေမေရယ် … သားက ကလေးလည်း မဟုတ်တော့ပါဘူး။ ပြီးတော့ စင်ကာပူနဲ့ ရန်ကုန်ဆိုတာ နီးနီးလေးဖြစ်သွားပါပြီ။ အချိန်မရွေး ထပြန်လာလို့ ရတာပဲ …





ဖုန်းလည်း တစ်ပတ်တစ်ခါ မှန်မှန်ဆက်ပါမယ်။ မေဖေ့ဆီလည်း အီးမေးလ်ပို့မယ်။ မေမေနဲ့ V.Z.O လည်း ပြောမယ် …

စိတ်ချ ဘာမှစိတ်မပူနဲ့။ အကြာကြီးသွားမှာမှ မဟုတ်တာ။ ခြောက်လပဲဟာ။ နော် .. မေမေ့တူမတွေလည်း အိမ်မှာ လာနေပေးမှာဆိုတော့ မေမေ ပျင်းရမှာမဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ မေမေ့အတွက်က အဆင်ပြေပါတယ်။ သားကို စိတ်ပူလို့ စိုးရိမ်လို့ ပြောနေတာ"

"ဘာမှ စိတ်မပူနဲ့ မစိုးရိမ်နဲ့။ စင်ကာပူ ဆိုတာ ရန်ကုန်ပါပဲ မေမေရယ်။ နော် … မေမေသာ ကျန်းမာရေးကို ဂရုစိုက်"

"အင်း … ဟုတ်ပြီ … ဟုတ်ပြီ"

သူက မေမေ့ကို ခပ်ဖွဖွ သိုင်းဖက်ပြီး နှုတ်ဆက်လိုက်သည်။ ဒီမှာ စားသောက်ဆိုင်ကောင်းကောင်းဖွင့်ဖို့ ရည်ရွယ်ထားပေမယ့် သူ လိုချင်တဲ့နေရာက ငှားနိုင်ဖို့ တစ်နှစ်လောက်စောင့်ရဦးမည်။ တစ်နှစ်ပြည့်သွားရင်တော့ ငှားတန်ငှား၊ ရောင်းလျှင်လည်း အပြတ်ဝယ်မှာမို့ သူက နေရာရဖို့ တစ်နှစ်စောင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားစဉ်မှာပဲ စင်ကာပူရှိ သူ့အဒေါ်ရဲ့ စားသောက်ဆိုင်ကို ခြောက်လလောက် သွားရောက်ကူပ်ကဲပေးဖို့ အကြောင်းဖန်လာသည်။

နဂိုထဲကမှ အတွေ့အကြုံ လိုချင်တာရော၊ ဒီမှာလည်း လောလောဆယ် သိပ်မနေချင်တာကြောင့် သူက လက်ခံလိုက်ကာ စင်ကာပူကိုထွက်ဖို့ စီစဉ်တာဖြစ်သည်။

"ကဲ ... မေမေ။ သား အထဲဝင်တော့မယ်။ ဘိုင့်ဘိုင်"

"အေး ... အေး ... သားလေး"

သူက မေမေ့ကို လက်ပြပြီးနောက် လတ်ဂ်ဂေ့ချ်ကိုဆွဲကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။'မောင့်ကို သတိရစိတ်၊ လွမ်းဆွတ်စိတ်တို့က ရင်ထဲသို့ အတိုင်းအဆမရှိ တိုးဝင်လာသော်လည်း ဒီဘဝမှာတော့ မောင့်ကို ပိုင်ဆိုင်နိုင်ဖို့ မောင့်အချစ်ကို ရဖို့ဆိုတာ ဝေးသွားခဲ့ပြီဟု ထင်ပါသည်။ သူ့ကို ရက်ရက်စက်စက် ဆက်ဆံခဲ့သော်လည်း မောင့်ကို သူ မနာကြည်းခဲ့၊ မမုန်းခဲ့ပါ။ အရင်လိုပဲ ချစ်ဆဲဖြစ်၍ ရှိသည့်အချစ်မှာလည်း လျော့မသွားခဲ့ချေ။ ဒါပေမဲ့လည်း သူ့အတွက်ကြောင့် မောင့်ဒေါသတွေပေါက်ကွဲကာ ပူလောင်နေတာမျိုးကို မမြင်ချင်တော့ပါ။





သူက ဘယ်လောက်ကြီးပဲချစ်ချစ် ဘယ်လောက်ကြီးပဲကောင်းကောင်း ဒါဟာ မောင့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု၊ ပူလောင်မှုတစ်ခု ဖြစ်နေခဲ့လျှင် မောင့်အတွက် မကောင်းတော့ချေ။ ဒါကြောင့် မောင့်နဲ့ဝေးရာမှာပဲ သူ နေတော့မည်။ အခုချိန်ခဏမှာတော့ မောင့်နဲ့ ဝေးဝေးနေပေးလိုက်ခြင်းဟာ မောင့်အတွက် သူ့ရဲ့စစ်မှန်သော ချစ်ခြင်းတစ်ခုပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်သည် လေဆိပ်ကားပါကင်မှာ ကားထိုးရပ်ပြီးနောက် ကားပေါ်မှဆင်းကာ လျှောက်လာနေတုန်းမှာပဲ ကားတစ်စီးပေါ်သို့ တက်တော့မည့် အန်တီကြီးတစ်ယောက်က လှမ်းခေါ်တာနှင့် ကြုံသည်။

“မောင့်ဘဒ္ဒါ ... မောင့်ဘဒ္ဒါ မဟုတ်လားကွယ်”

မောင့်က ဘယ်သူပါလိမ့်ဟု စူးစမ်းကြည့်မိလိုက်လျှင် မင်းနန္ဒာရဲ့အမေဆိုတာ မှတ်မိသွားသည်။ သူ့အမေကတော့ ဘာတွေ ညာတွေ သိဟန်မတူပါ။ မိတ်ဆွေဟောင်းတစ်ယောက်ကို ပြန်တွေ့သလိုမျိုးပဲ ရိုးရိုးသားသား ရှိနေသည်။

“သြော် ... အန်တီ”

“သမီး ... အန်တီ့ကို မှတ်မိလား”

“ဟုတ် ... မှတ်မိပါတယ်။ ဧည့်သည် လာပို့တာလား အန်တီ”





မောင့် လေယာဉ်ကွင်းကို လာစဉ်မှာပဲ လေယာဉ်တစ်စင်းက ပျံတက်သွားသည်မို့ မောင့်က မေးလိုက်ခြင်းဖြစ်သည်။

“ဧည့်သည်တော့ မဟုတ်ဘူး သမီးရဲ့။ သားကို လာပို့တာ”

“ရှင် ! ”

“သြော် ... အန်တီ့ သားလေ။ သားက စင်ကာပူသွားတာကို လိုက်ပို့တာပါ။ သမီးကရော”

“သမီး ... အဲ ... သမီးက ဗန်ကောက်ကလာမယ့် လေယာဉ်ကို လာစောင့်တာ။ သမီး မှာထားတဲ့ပစ္စည်းတွေ ရောက်မှာမို့လို့လေ”

“သြော် ... သြော် ...။ သမီးရဲ့အန်တီရော နေကောင်းရဲ့လား”

“ဟုတ် ... ကောင်းပါတယ် အန်တီ။ အန်တီလေးက အခု မော်လမြိုင်ဘက်က တောရကျောင်းမှာ တရားစခန်း ဝင်နေတယ်ရှင့် ...

ဝါတွင်းသုံးလပါ”

“သြော် ... ကောင်းလိုက်တာကွယ်။ သာဓု ... သာဓု”



www.burmeseclassic.com

www.burmeseclassic.com



မောင့်သည် သူ သွားတာ ဘာကိစ္စလဲ။ ခဏလား အပြီးလား စသဖြင့် ဘာမေးရမှန်းမသိ ဖြစ်နေတုန်းမှာပဲ ထို အန်တီကြီးက မောင့်ကို နှုတ်ဆက်စကားဆိုသည်။

"သမီးရေ .... အန်တီ့ကို ခွင့်ပြုဦးနော်"

"ရှင် ! ဩော် ... ဟုတ် ... ဟုတ်ကဲ့ ... အန်တီ"

အန်တီကြီးက ခေါင်းတစ်ချက်ဆတ်ပြီး ပြုံးပြကာ ဒရိုင်ဘာမောင်းသော ကားနောက်ခန်းထဲမှာ လိုက်ပါပြီး ထွက်ခွာသွားသည်။ မောင့်သည် အဲဒီမြင်ကွင်းကို ငေးကြည့်ကာ ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်းပြီး လာသည်။ အခုနက လမ်းမှာ တွေ့ခဲ့သော ပျံတက်သွားခဲ့သည့် လေယာဉ်ကြီးထဲတွင် မင်းနန္ဒာ ပါသွားခဲ့တာပေါ့။ သူ မောင့်ကို စိတ်နာသွားခဲ့ပြီဟု ထင်သည်။

ဒေါသထွက်စဉ်တုန်းကတော့ လုပ်မိလုပ်ရာ လုပ်ခဲ့ပေမယ့် ဒေါသပြယ်သွားချိန်မှာတော့ မောင့်လုပ်ရပ်ဟာ ရက်စက်ရိုင်းကားသည်ဟု မောင့်ကိုယ်မောင် ထင်မြင်လာသည်။ ခေါင်းကနေပြီး စီးကျလာသော အုန်းနို့ခေါက်ဆွဲရည်တွေ စိုရွှဲလျက် မယုံနိုင်သော မျက်ဝန်းများဖြင့် မောင့်ကို ကြေကွဲစွာ စိုက်ကြည့်ခဲ့ပုံတွေ ပြန်မြင်ယောင်လာမိသည်။ အခုတော့ သူ မောင့်ကို သိပ် စိတ်နာသွားပြီ။





မောင့်နားထဲတွင် သူနဲ့ မောင့်တို့ အပြန်အလှန် ပြောခဲ့သော စကားတွေကို ကြားယောင်ပြီးလာသည်။

["မောင့်နော် ... ဒီလိုသာဆို တစ်နေ့ကျရင် မောင့် နောင်တ ရလိမ့်မယ်"

"အံမာ ... ဘာကိစ္စ ကျုပ်က နောင်တ,ရ ရမှာလဲ"

"မောင့်ကို သိပ်ချစ်ပြီး မောင့်အပေါ်လည်း သိပ်ကောင်းမယ့် ယောကျ်ားတစ်ယောက်ယောက်နဲ့ လွဲလို့ ရ,ရမယ့် နောင်တ ပေါ့"]

အဲဒီစကားသံတွေသည် မောင့်နားထဲမှာ ကြားရလာလျက် ဝေးသွားလိုက် နီးသွားလိုက်၊ တိုးလာလိုက် ကျယ်လာလိုက်ဖြင့် ရှိသည်။ မောင့်ဟာ တကယ်ပဲ အချစ်စစ်နဲ့ မထိုက်တန်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေပြီလား။ အချစ်ကလွဲပြီး အားလုံးပြည့်စုံတဲ့ လူသားမဆန်တဲ့ စက်ရုပ်တစ်ယောက် ဖြစ်နေပြီလား။

ဝမ်းနည်းစိတ်သည် ရင်ထဲမှာ အပြည့်နေရာယူကာ မောင့်မျက်လုံးထဲ၌ အရာအားလုံး မှုန်ဝါးလို့ သွားလေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com








## ၂၄

ဖုန်းမြည်သံကြောင့် မင်းနန္ဒာက ဖုန်းကိုဖွင့်ကိုင်လိုက်လျှင် သူ့မိတ်ဆွေ ကိုမြင့်ဝေ ဖြစ်လို့နေသည်။

"ဟုတ်ကဲ့ ... ကိုမြင့်ဝေ"

"ကိုမင်းနန္ဒာ ... ဆိုင်နေရာ ကိစ္စလေး ပြောမလို့။ အခုနေရာကလေ ဟိုဘက်က အခြမ်းကို တခြားတစ်ယောက်ကလည်း လာငှားနေတယ်ဗျ ...

သူက ဒီဘက်က စားသောက်ဆိုင်ဆိုရင် သိပ်မငှားချင်ဘူးလို့ အင်တင်တင် ဖြစ်နေတယ်။ အဲဒါ ညှိကြဖို့လေ"

"သူ့ကို ဘယ်လို ပြောထားတာမို့လို့လဲ။ ကျွန်တော်က စားသောက်ဆိုင် မဟုတ်ပါဘူး။ Smile နာမည်နဲ့ ဖွင့်ပေမယ့် Bakery ဖွင့်မှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီနဲ့ မုန့်မျိုးစုံပေါ့။ အခု ကျွန်တော် ဖွင့်နေတဲ့ စားသောက်ဆိုင်မျိုး မဟုတ်ပါဘူး”

“အေးဗျာ ... တစ်ဖက်က လူကလည်း ခပ်ရစ်ရစ်ဆိုတော့ သိပ်မလွယ်ဘူး။ ဒီလို လုပ်ပါလား။ ကိုမင်းနန္ဒာတို့ နှစ် ယောက်တွေ့ပြီး ညှိကြည့်ကြပါလား ...

သေချာပြောပြရင်တော့ ရမယ်နဲ့ တူတယ်”

“ရပါတယ်၊ ကျွန်တော် ပြောဆိုလည်း ပြောပါမယ်။ သူ့ လိပ်စာသာ ပြောပါ”

“ဒီလိုလုပ်လေ ဒီနေ့ နေ့လယ်ခင်းကို ကိုမင်းနန္ဒာ ဆိုင် မှာ ကျွန်တော် ချိန်းလိုက်မယ်။ မကောင်းဘူးလား”

“ကောင်းပါတယ်၊ ကျွန်တော် စောင့်နေလိုက်မယ်”

“အိုကေ ... အိုကေ ... ကျွန်တော် ဖုန်းထပ်ဆက်ပါမယ်”

သူက ဖုန်းချလိုက်ကာ ထုံးစံအတိုင်း ပခုံးတစ်ချက် တွန့်လိုက်သည်။ သူ စင်ကာပူမှာ ခုနစ်လ ကြာခဲ့သည်။ ဒီ ရောက်တော့ Smile ဆိုသော နာမည်နှင့် စားသောက်ဆိုင်လေး တစ်ဆိုင်ကို ကိုယ်တိုင်ဦးစီးပြီး ဖွင့်ခဲ့ရာ တစ်ပိုင်တစ်နိုင်လေး အောင်မြင်ပါသည်။ ဟိုမှာနေတုန်းက အလကားမနေဘဲ မုန့်





သင်တန်းတစ်ခု ထပ်တက်ခဲ့တာမို့ ဒီမှာလည်း Bakery လေး တစ်ခု ထပ်ဖွင့်ဖို့ စီစဉ်နေတာဖြစ်သည်။ အချစ်ရေးရယ်လို့ မစဉ်းစားတော့ဘဲ အလုပ်မှာသာ အာရုံအပြည့်အဝ စိုက်ခဲ့သည်မို့ သူ့အလုပ်လေးတွေဟာ ထိုင်သင့်သလောက်တော့ အောင်မြင်မှု ရသည်။

ယခုဆိုလျှင် အစားကောင်း ကြိုက်သူတိုင်းက Smile ဆိုလျှင် သိနေကြပြီဖြစ်သည်။ သူက နာရီကို တစ်ချက်ကြည့်ပြီး နောက် သူ့အမေကို နှုတ်ဆက်ကာ ဆိုင်သို့ကားမောင်းပြီး ထွက် လာခဲ့သည်။ သူ့ဆိုင်သို့ရောက်လျှင် လုပ်နေကျအတိုင်း မီးဖိုချောင် ကို အရင်ဝင်စစ်ဆေးသည်။ ပြီးတော့မှ တစ်ဆိုင်လုံးကို လှည့်စစ် ဆေးသည်။ စာရင်းအင်းကိုတော့ နောက်ဆုံးမှ စစ်ဆေးတာဖြစ် သည်။ အဲဒီအချိန် သူ မီးဖိုချောင်ထဲ ရောက်နေတုန်းမှာပဲ စားပွဲ ထိုးက ပန်းကန်ပြားတစ်ချပ်ကို ကိုင်မ,ကာ ပြန်ဝင်လာသဖြင့် ...

“ဘာဖြစ်တာလဲ ဖော်ဖော်”

“ဧည့်သည်က ကွန်ပလိန်းတက်လို့လေ။ ဒီ မြိတ်ကတ်ကြေး ကိုက်က အရင် သူ စားနေကြလက်ရာ မဟုတ်လို့တဲ့”

“ဟုတ်လား ... ဘာလို့လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး။ ပေါ့တာလား လေးတာလား ဘာလိုလဲ ဆိုတော့လဲ မသိဘူးတဲ့။ သူ စားနေကြ မဟုတ်တာတော့ သေချာတယ်တဲ့"

"ဟုတ်လား ... ဘာဖြစ်တာလဲ"

ဇော်ဇော်က သူ့ကို ခေါင်းတစ်ချက် ကုတ်ပြရင်းမှ ...

"အရင်က အဲဒါတွေကို မမြင့်ဝင်း ပြင်ပေးတာလေ။ အခု မမြင့်ဝင်းက ခွင့်ယူထားတဲ့ဟာ"

"သူက စားနေကြ ကက်စတန်မာလား"

"ဟုတ်တယ်။ သူ အမြဲ လာစားနေကြပဲ"

"အင်း ... ဒီလိုလုပ်။ အဲဒီ ကတ်ကြေးကိုက်ကို ငါကိုယ်တိုင် အသစ်ပြင်ပေးမယ်။ မင်းက သူ့ကို ခဏစောင့်ပေးဖို့ သွားပြောထားလိုက်"

"ဟုတ်ကဲ့ အစ်ကို"

ဇော်ဇော် ထွက်ခွာသွားလျှင် သူက တစ်ချက်ပြုံးကာ အကြိုလက်တွေကို ပင့်တင်ပြီးနောက် ပေထရွန်ကို ဝတ်ဆင်ကာ ခြိတ်ကတ်ကြေးကိုက်တစ်ပွဲကို မြန်ဆန်သွက်လက်စွာ လုပ်ကိုင်





လိုက်သည်။ ခဏနေတော့ စားချင်စဖွယ် ပြင်ဆင်ပြီးသွားသဖြင့် ဇော်ဇော့်ကို ခေါ်ကာ ပို့ခိုင်းလိုက်သည်။ ခဏနေတော့ ဇော်ဇော်က မန်းကြေနက်ကိုင်ပြီး ပြန်ရောက်လာသည်။

"ဘာဖြစ်ရပြန်ပြီလဲ"

"အရင်လက်ရာကို မမီသေးဘူးတဲ့။ ကောင်းတာတော့ ကောင်းပါတယ်တဲ့။ ဒါပေမဲ့ မစားတော့ဘူးတဲ့။ ပိုက်ဆံ ရှင်းတော့မယ်တဲ့ ...

သူက ပြောသေးတယ်။ စားဖိုမှူး ပြောင်းတယ် မဟုတ်လားတဲ့။ စားသုံးသူကို လျှော့မတွက်နဲ့တဲ့။ ဒီလက်ရာကို သူ မကြိုက်သေးဘူးတဲ့"

"အောင်မာ ... အခုချက်ချင်း သွားပြန်ပြောစမ်း။ မပြန်သေးနဲ့ဦး မကောင်းရင် ပိုက်ဆံပေးစရာ မလိုဘူးလို့။ နောက်တစ်ပွဲ လုပ်ပေးဦးမယ်လို့"

ဇော်ဇော်က ခေါင်းကုတ်ပြီး ပြန်ထွက်သွားသည်။ သူက အံကိုတင်းတင်းကြိတ်ကာ နောက်ထပ် ပွဲသစ်ကို စိတ်ဝင်တစားဖြင့် အမြန်ပြင်ဆင်သည်။ သူ့လက်ရာကို မကောင်းဘူး ပြောတာသည် သူ့မာနကို ထိပါးတာနှင့် အတူတူပဲ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တစ်ပွဲကို အကောင်းဆုံး ကြိုးစားပြင်ဆင်ပြီးတာနှင့် သူက ပို့ခိုင်းလိုက်သည်။

ခဏအကြာတွင် ဇော်ဇော် ပြန်ရောက်လာသည်။ သူက ဇော်ဇော့်မျက်နှာကို အမောတကောကြည့်ကာ ...

"ဘာတဲ့လဲ ... ဘာပြောလဲ"

ဇော်ဇော်က ဂုဏ်ယူနေသောအပြုံးဖြင့် လက်မထောင်ပြကာ ...

"အရင်လက်ရာတော့ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ အရင်လက်ရာထက်တောင် အများကြီး ပိုကောင်းတယ်တဲ့ အစ်ကိုရ—

ကျွန်တော်ကလည်း ပြောလိုက်တယ်။ အဲဒါ ဆိုင်ရှင်ကိုယ်တိုင် လုပ်ပေးတာ ဆိုတော့ သူက ခဏတွေ့ချင်တယ်တဲ့"

"မအားသေးဘူးလို့ ပြောလိုက်ကွာ"

"ဟုတ်ကဲ့"

ဇော်ဇော်က ပြန်လည်ထွက်ခွာသွားပြီး ခဏနေတော့ လက်ထဲမှာ လိပ်စာကတ်တစ်ခုကို ကိုင်ကာ ပြန်ရောက်လာသည်။

"ဟော့ကောင် ... ဘာတွေ အရစ်တက်ပြန်ပြီလဲ"





"အမျိုးသမီးကတော့ ရှယ်ရစ်တယ်ဗျာ။ လှသလောက် ဇီဇာကြောင်တယ်နဲ့ တူတယ်၊ အခုတော့ ပြန်သွားပြီ။

အစ်ကို့ကိုတော့ ဒီကတ်လေး ပေးသွားတယ် ...

သူ ဖုန်းဆက်ပြီး ကျေးဇူးတင်စကား ပြောပါ့မယ်

တဲ့ ... ရော့"

သူက ဇော်ဇော် ကမ်းပေးသော ကတ်ကို ငုံ့ကြည့်လိုက်လျှင် အံ့ဩစိတ်က ဆောင့်တက်လို့ သွားလေသည်။

"မောင့်ဘုဒ္ဓါ"

လိပ်စာကတ်မှာ ရေးထားတာက သူမရဲ့နာမည်နဲ့ အလုပ်အကိုင်၊ ဖုန်းနံပါတ်တွေ ဖြစ်သည်။

သူ့နှလုံးသားသည် အခုမှပဲ ထခုန်လာသလို ဝုန်းဒိုင်းကြသွားသည်။

"ဟော့ကောင် ... သူ ... သူက မင်းကို ဆိုင်ရှင်နာမည်မေးသေးလား"

"မေးတယ်လေ .. ဆိုင်ပိုင်ရှင်က ကိုမင်းနန္ဒာလို့ ပြောလိုက်တာပါ၊ ဘာဖြစ်လို့လဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူက ဝေ့ဝေ့ အမေးကို ပြန်မဖြေတော့ဘဲ ဆိုင်ရှေ့သို့သာ အမောတကော ပြေးထွက်လာခဲ့သည်။ ဆိုင်အပြင်ဘက်ကားပေါ်တက်ခါနီး မောင့်ကို တွေ့လိုက်ရလျှင် သူက အကျယ်ကြီးပဲ ကျူးအော်မိလေသည်။

သူမနဲ့ ပတ်သက်လာလျှင် သူကား ခုချိန်ထိ ရူးဆဲပဲဖြစ်သည်။

ချစ်စဖွယ်ကောင်းသော မောင့်သည် တစ်ခါမှ မမြင်ဖူးသော အပြုံးမျိုးဖြင့် သူ့ကို ပြုံးပြနေသည်။

"မောင့်"

"... ... ..."

မောင့်က ဘာမှ ပြန်မပြောချေ။ သူ့ကိုသာ ဆွတ်ပျံ့သော မျက်လုံးများဖြင့် ငေးကြည့်နေသည်။

"မောင့် ... ထင်မထားဘူး မောင့်ရယ်"

"ကိုမင်းနန္ဒာ ... ရှင့်လက်ရာက သိပ်စားလို့ ကောင်းပါတယ်။ အရင်လိုပဲ ကျွန်မတို့အိမ်မှာ ထမင်းချက်ပြန်လုပ်မလားဟင်"





မောင့်စကားကြောင့် သူ့ရင်တွေ ဒိန်းခနဲ ခုန်သွားသည်။ ပြီးတော့ တစ်စုံတစ်ခုကိုလည်း သိမြင်လို့ လာပါသည်။ အိုး ... အိပ်မက်လား၊ တကယ်လားကွယ်။

"မောင့်သာ ခန့်ရင် ကိုယ်က မလုပ်နိုင်စရာ အကြောင်း မရှိပါဘူး"

"ကျွန်မက အပေါက်ဆိုးတဲ့ အိမ်ရှင်ပဲနော်"

"မောင့်သဘာအတိုင်းပါ"

"လစာလည်း များများမပေးဘူး"

"မောင့်သဘောပဲ"

"စိတ်မထင်ရင် လက်ပါ, ပါတတ်တယ်"

"မောင့်သဘောပါ"

သူမ မျက်ဝန်းတွေက အရောင်လက်သွားသည်။ ပြီးတော့ သူ့ကို နက်ရှိုင်းစွာ ကြည့်လာကာ ...

"နန္ဒာ ... ကျွန်မလေ ကိုယ့်အပေါ် သိပ်ကောင်းပြီး သိပ်ချစ်တဲ့ ယောကျာ်းတစ်ယောက်နဲ့ မလွဲချင်တော့ဘူး။ ရှင့်သဘောကရောဟင်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောလေးဟာ သူ့ရင်ထဲသို့ တဆုံးမွှေနှောက်သွားပြီးလျှင် သူက မောင့်ရဲ့လက်ကလေးနှစ်ဖက်ကို ယုယစွာဆွဲယူပြီး သူ့ရင်ဘတ်မှာ အပ်ထားလျက် တစ်သက်လုံးအတွက် အတည်ဖြစ်မည့် စကားတစ်ခွန်းကိုသာ ဆိုလိုက်လေသည်။

"ကိုယ့်သဘောက မောင့်သဘောပါပဲကွယ်"

ဆုမြတ်မွန်မွန်
7:00 (P:M)
22-5-2010

---

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ဆုမြတ်မွန်မွန်

ကလောင်နာမည်ကို အနုပညာလောကအရ လေးစားခင်မင်စွာနဲ့ပဲ အပြည့်အစုံခေါ်လိုက်တယ်နော်။ ဆုမြတ်မွန်မွန်ရဲ့ ဝတ္ထုတွေဟာ ရိုးအီခြင်း၊ ထပ်ခြင်းမရှိအောင် စိတ်ကူးဉာဏ်ကွန့်ပြီး အပီအပြင်(mood)သွင်းထားတာ တွေ့ရပါတယ်။ ဖတ်ပြီးသမျှ ရင်ထဲမှာ တစ်ခုခုကျန်သွားအောင် ရေးနိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုပါတယ်။ 'တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်' ဆိုတဲ့ လုံးချင်းဝတ္ထုဟာ 'မျက်နှာများတဲ့လောကကြီးအတွက်' အခြေခံဥပမာသင်ခန်းစာကောင်း တစ်ခုလို့ပဲယူဆတယ်။

ဆုမြတ်မွန်မွန်
ရှင်လန်းချမ်းမြေ့ပါစေ
ဆန္ဒပြုရင်း

စိုင်းဝင်းနိုင်လေး
ရှမ်းပြည်နယ်၊
ဖယ်ခုံမြို့၊
'ပျိုးခင်း'ဘော်ဒါကျောင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်

ကျွန်တော်က မဆုမြတ်ရဲ့ထာဝရပရိသတ် တစ်ယောက်ပါ။ မဆုမြတ်ရဲ့ထွက်သမျှစာအုပ်တွေကို မလွတ်တမ်း ဖတ်ဖြစ်ပါတယ်။ ကျွန်တော် ဖတ်ခဲ့သမျှ စာအုပ်တွေထဲက အကြိုက်ဆုံးကို ရွေးချယ်ရမယ်ဆိုရင် 'မှော်ကဗျာရွှေရုပ်'ဝတ္ထုက အသည်းစွဲပါ။ မဆုမြတ်ကို ကျွန်တော် တစ်ခုလောက်အကြံပြု ပါရစေ။ မဆုမြတ်အနေနဲ့ ပရိသတ်တွေကို အလွမ်းဝတ္ထုတစ်ပုဒ် လောက် အလွမ်းနိုင်းကြည့်ပါလား။ ကျွန်တော်ကတော့ အလွမ်း ဝတ္ထုတွေဆိုရင် အရမ်းကြိုက်တယ်ဗျ။ မဆုမြတ်တစ်ယောက် ပျော်ရွှင်မှုတွေ ရင်ထဲမှာ ထာဝရကိန်းအောင်းနေပါစေလို့...

ဖြင့်မြတ်သီဟ(မာမက)
မင်းကျောင်းဆောင်၊
ကန်အောက်ရပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
တောင်ကြီး။

စေတနာစာပေ
၏

အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မင်္ဂလာပါနော် အစ်မ။ ကျွန်တော်က အစ်မရဲ့ဝတ္ထုတွေကို လတိုင်းအားပေးနေတဲ့သူပါ။ လတိုင်းထွက်တဲ့စာအုပ်တွေကို အမြဲတမ်းဖတ်ပါတယ်။ အစ်မစာအုပ်တွေကအရမ်း ကောင်းတယ်။ အခုနောက်ဆုံးထွက်တဲ့စာအုပ် (၁၀)လပိုင်းထိ ဖတ်ပြီးသွားပါပြီ။ အကြိုက်ဆုံးက 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင်မိုးခေါင်နေသည်'၊ 'ဖေဖော်ဝါရီ၁၄' 'လိမ္မော်ပင်ပျိုလေးရဲ့ ကောင်းဘွိုင်' အဲဒီ(၃)အုပ်ကို အရမ်းကြိုက်တယ်။ နောင်လည်း အဲဒီလိုစာအုပ်မျိုးလေးတွေ ရေးပေးပါနော်။ စာတစ်ခါမှမရေးဘူးလို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ အစ်မတစ်ယောက် စာပေလောကမှာ သရဖူဆောင်းနိုင်ပါစေလို့ ...

ဆုတောင်းလျက်
မနှင်းဝေလွင်

တပ်ကြပ်ကြီးအေးလွင်+ဒေါ်သက်သက်
အမှတ်(၁)ဆက်သွယ်ရေးအလုပ်ရုံ
အောင်မြေသာစံမြို့နယ်၊
နန်းတွင်း၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်မွန်မွန်

အခုဆိုရင် မမရဲ့ထွက်ပြီးသမျှစာအုပ်တွေ ဖတ်ရတာ (၃၁)အုပ်တောင်ရှိနေပါပြီ။ မမကို သမီး မန်းမြို့တော်ပြင်ဦးလွင်မှာ ပညာသင်နေစဉ်ကာလတုန်းက မဂ္ဂဇင်းတစ်ခုမှာ တွေ့မိတာပါ။ မမရဲ့ရန်ကုန်မြေကို စတင်ရောက်ရှိတဲ့အကြောင်းလေးလေ။ အဲဒီမှာပဲ မမရဲ့အမည်လေးကို အမှတ်ရသွားတယ်။ သမီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေပြီးလို့ နေရပ်ပြန်တော့ မမရဲ့စာအုပ်တွေကို စတင်ဖတ်တော့တာပဲ။ ဖတ်ရင်းနဲ့ပဲ မမရဲ့ဝတ္ထုတွေဟာ သမီးရဲ့ရင်ထဲကို စာပေကဏ္ဍလေးမှာ လွှမ်းမိုးသွားတော့တာလေ။ သမီးဖတ်ပြီးသမျှ မမရဲ့စာအုပ်တွေထဲမှာ 'နူးညံ့ခြင်းပြိုင်ပွဲ'နဲ့ 'အတူတူငိုဖူးတဲ့သူ' ကို အကြိုက်ဆုံးပဲ။ မမရဲ့စာအုပ်တွေဟာ သာမန်အချစ်ဇာတ်လမ်းတွေချည်းမဟုတ်ဘဲ နူးညံ့ခြင်း၊ နားလည်ခြင်း သံယောဇဉ်တွေကို နေရာပေးထားတာကြောင့် ပိုကြိုက်တယ်။

မမ Fature ရဲ့ Most Best Seller Authoress

တစ်ယောက်ဖြစ်ပါစေလို့ တောင်းဆုပြုရင်းဆ s

ထာဝရထက် ထာဝစဉ်အားပေးနေမယ့်

ညီမလေး

နန်းကောင်းခမ်း(ခ)နန်းခိုင်သစင်ထွန်း

၄/၉၁၊ စပ်စုံထွန်းလမ်း၊

မြို့နယ်ဆရာဝန်အိမ်ရှေ့၊

ရပ်ကွက်(၄)၊ မိုင်းရှူးမြို့။

မေတ္တာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မမမွန်

ညီမရှိသေစွာစာရေးလိုက်ပါတယ်။ မမမွန်ရဲ့ထွက်သမျှစာအုပ်တွေကို မလွှတ်တမ်းအားပေးနေတဲ့ ထာဝရပရိသတ်တစ်ဦးပါ။ မမမွန်ရဲ့ စာအုပ်တွေက တစ်ခါဖတ်ပြီးရင် မဖတ်ရမနေနိုင်အောင်ပါပဲ။ မမမွန်ရဲ့ စာအုပ်ကို ဖတ်နေရလို့ ထမင်းစားဖို့ အချိန်တောင်မေ့နေတယ်။ မမွန်ရဲ့ စာအုပ်တိုင်းစိတ်ဝင်စားစရာကောင်းလို့ပါ။ နောက်လထွက်မဲ့ စာအုပ်တွေကို ထာဝရစောင့်မျှော်အားပေးနေပါမယ်။ မမမွန် ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းလျက်... ။

မမမွန်ရဲ့ထာဝရပရိတ်သတ်

လှိုင်

နှင်းဝေလှိုင်

ဦးအုန်းမောင်+ဒေါ်လှတင်

အင်းဆည်မြောင်းဝင်း

မုံရွာမြို့၊ မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်

ခင်မင်စွာဖြင့်စာရေးလိုက်ပါတယ်။ အစ်မနေကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အစ်မရဲ့ စာအုပ်တွေ အကုန်ကောင်းပါတယ်။ 'နေမဝင်ချယ်ရီ'နဲ့ 'အသည်းကြီးဝတ်ရည်'ကို အကြိုက်ဆုံးပဲ။ နောက်ထွက်မဲ့ စာအုပ်တွေကို မျှော်နေမယ်နော်။

မဆုမြတ်ရဲ့ ဇရိသတ်
ထက်ထက်လှိုင်

အမှတ် (၁၅)၊
သဇင်လမ်း၊
(၁၁)ရပ်ကွက်၊
မော်လမြိုင်ကျွန်းမြို့။

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမမွန်။ မမမွန်လို့ ခေါ်ခွင့်ပြုပါနော်။ ညီမလေးက မမမွန်ရဲ့ စာအုပ်တွေဆိုရင် အရမ်းကြိုက်တယ်။ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ' စာအုပ်ကစပြီး ဖတ်ဖူးတာပါ။ နောက်ပိုင်းစာအုပ်တွေဆိုရင် မမမွန်ရဲ့စာအုပ်တွေပဲ ဖတ်ဖြစ်တာများတယ်။ ညီမလေးတို့က ထွက်သမျှစာအုပ်တိုင်းတော့ ငှားမဖတ်ဖြစ်ဘူး။ မမမွန်ရဲ့အရင်ထွက်တဲ့စာအုပ်တွေက ပိုပြီးကောင်းတယ်။ စာအုပ်ကို ဖတ်မိရင် မချချင်ဘူး။ ဖတ်ပြီးရင် ရင်ထဲမှာ တစ်ခုခုကျန်ခဲ့အောင်ကို စိတ်ထဲမှာ ခံစားရတာ။ ညီမလေးက မမမွန်ဆီကို စာရေးချင်တာကြာပါပြီ။ ဒါပေမဲ့ မရေးဖြစ်ခဲ့ပါဘူး။ အခုတော့ မမကို အကြံပေးချင်တာလေးရှိလို့ ရေးလိုက်တာပါ။ စိတ်မဆိုးပါနဲ့နော်။ အခုနောက်ပိုင်းထွက်တဲ့စာအုပ်တွေဖတ်ဖြစ်တယ်။ အရင်ထွက်တဲ့ စာအုပ်တွေလောက် ဖွဲ့ဆောင်မှုမရှိဘူး။ နည်းနည်းပေါ့ဆနေသလိုပဲ။ မမမွန်စာပေလောကမှာ ထွန်းလင်းတောက်တဲ့ ငွေလမင်းကြီးအဖြစ် အမြဲမြင်ချင်တာကြောင့်ပါ။

အမြဲအားပေးနေမဲ့ ညီမလေး ဆုမွန်

ဦးအောင်သန်း+ဒေါ်သင်းသင်းချို
အမှတ်(၄)ရပ်ကွက်၊ ကံမြို့၊
မကွေးတိုင်း။ သရက်ခရိုင်၊ ကံမြို့
တ/ဆ မ[illegible]အေး

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

သို့

မမဆုမွန်

မင်္ဂလာပါရှင်။ မြတ်နိုးက မမရဲ့စာဖတ်ပရိသတ်ပါ။ မမရဲ့စာအုပ်တွေကို အစောပိုင်းထွက်ထားတဲ့ စာအုပ်တချို့က လွဲရင် နောက်ပိုင်းထွက်သမျှစာအုပ်တွေ ဖတ်ဖြစ်ပါတယ်။ မမ စာအုပ်ပေါင်း ဘယ်လောက်ထုတ်ဝေပြီးပြီလဲ။ မြတ်နိုးကတော့ မမရဲ့စာအုပ် (၃၇)အုပ်တိတိ ဖတ်ပြီးပါပြီ။ နောက်ဆုံးဖတ်ဖြစ်တာက 'တောင်တန်းတွေရဲ့သံစဉ်'ပါ။ တချို့စာအုပ်တွေမှာလေ ဇာတ်သိမ်းနည်းနည်းမြန်တာကလွဲရင်(မြတ်နိုးထင်တာပါ) မမရဲ့စာအုပ်တွေ အကုန်ကောင်းပါတယ်။ 'ဖေဖော်ဝါရီ ၁၄' ကတော့ အကြိုက်ဆုံးပါ။ 'မြူ'ရဲ့စိတ်ဓာတ်ကို သဘောကျတယ်။ မမရဲ့စာအုပ်တွေကိုဖတ်ပြီးတော့ List လုပ်ထားတယ်။ ဇာတ်လမ်းတွေ မမေ့အောင်လို့ပါ။ မမရဲ့စာအုပ်တွေထဲမှာ မြတ်နိုးရဲ့စိတ်တွေ နိုးကြွားလာစေတဲ့ စာအုပ်လေးရှိပါတယ်။ 'ရင်ခွင်ဆီသို့ လှေကားထစ်များ' စာအုပ်ပါ။ မမကို အမြဲအားပေးနေမယ်နော်။

မမရဲ့ထာဝရပရိသတ်

သွင်မြတ်နိုး
အမှတ်(၃၃၆)၊ အောင်မင်္ဂလာ(၄)လမ်း၊
လှည်းကူးမြို့။

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

သို့

မဆုကို ပထမဦးဆုံးအကြိမ်ဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မဆုရဲ့ဝတ္ထုတွေက အရမ်းကောင်းပါတယ်။ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ မဆုရေးတဲ့ 'အတူတူငိုဖူးတဲ့သူ'ဆိုတဲ့ စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။ အဲဒီထဲမှာ မဆုရေးထားတဲ့ စာသားလေးတွေက အရမ်းအဓိပ္ပာယ်ရှိပါတယ်။ ဥပမာ လူတစ်ယောက်ကိုနားလည်ပေးနိုင်တဲ့ အရည်အချင်းဆိုတာ မွေးရာပါ စိတ်လည်းမဟုတ်ဘူး။ ပါရမီပါလာခဲ့တာလည်း မဟုတ်ဘူး။ အချစ်လို့သာ နားလည်ပေးရတာ၊ နောက်တစ်ခုက ပထမဆုံးအချစ်ဆိုတာ နှလုံးသားမှာ ပျောက်ပျက်သွားစေဦးတော့ ဦးနှောက်ထဲမှာ ပျောက်သွားတာမဟုတ်ဘူးဆိုတဲ့ အဲဒီစာသားလေးတွေကို ထည့်ရေးပေးတာ ကျေးဇူးတင်ပါတယ်။ အဲဒီစာအုပ်ကလေးကို ကြိုက်ရတဲ့အကြောင်းအရင်းကတော့ တိုက်ဆိုင်မှုတွေ ရှိလို့ပေါ့နော်။

မဆု ဒီထက်မက အောင်မြင်ပါစေလို့
ဆုတောင်းလျက်ပါ

မထိုက် ပြည်
အမှတ်(၅၀၁)၊ စစ်ကဲလမ်း၊
ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရ အစီအစဉ်

သို့

ဆုမြတ်မွန်မွန် ဆိုတဲ့စာအုပ်ဖတ်ပြီးတဲ့အချိန်မှာ နောက်တစ်အုပ်တောင် ထပ်ဖတ်ချင်အောင် စွဲသွားတယ်။ ထွက်သမျှစာအုပ်တွေဖတ်တာ အရမ်းကောင်းတယ်။ 'ကြယ်ကလေးရဲ့နှင်တံ'၊ 'ပန်းတစ်ပွင့်ရဲ့မူပိုင်ရာသီဥတု' စာအုပ်တွေကို အရမ်းကြိုက်တယ်။ နောက်ထွက်မဲ့စာအုပ်ခေါင်းစဉ်လေးကို စာပြန်ရင်းနဲ့ ရေးပေးပါနော်။ ခင်မျိုးက မမဆုမြတ်ရဲ့ ပရိသတ်ပါ။ စာအုပ်ထဲမှာ အင်္ဂလိပ်လိုစာလုံး မြန်မာလိုပြန်တော့ တချို့စာလုံးတွေ မသိလည်း နားလည်သွားတာပေါ့။

မမဆုမြတ် ထာဝရ
အောင်မြင်မှုရပါစေ

ခင်မျိုးမျိုး
၁၁၁–၂၄(ဘူမိဗေဒ)
ပုသိမ်တက္ကသိုလ်

စေတနာစာပေ

၏

အမှတ်တရ အစီအစဉ်

သို့

မမဆုမြတ်ရေ မင်္ဂလာပါနော်။ မမဆုမြတ်ရဲ့ဝတ္ထုကို 'အသည်းကြီးဝတ်ရည်' ကနေစပြီး 'ကျွန်မတင်တဲ့ရွှေမင်းသား' ဖတ်ပြီးသွားပြီ။ လေးစားတယ်ဗျာ။ မမဆုမြတ်ကို အရမ်းအားကျသလို အရမ်းလည်း လေးစားပါတယ်။

မမဆုမြတ်ကမ္ဘာကျော်တဲ့စာရေးဆရာမတစ်ယောက် ဆိုတဲ့ဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေ ထာဝရပျော်ရွှင်ပါစေ။

အစဉ်လေးစားလျက်

ရတုဆက်
စဥ့်ကိုင်မြို့၊ ရန်နိုင်ရပ်ကွက်၊
မန္တလေးတိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မှ

မဆုလို့ခေါ်ပါရစေ။ မဆု အရမ်းတော်တာပဲ။ မဆုရေးတဲ့စာအုပ်ကို ကျွန်တော် အားလုံးဖတ်ပြီးသွားပြီ။ အားလုံးကြိုက်တယ်။ ဒီစာအုပ်က ပိုကောင်းတယ်။ ဟိုစာအုပ်က ပိုကောင်းတယ်လို့ ပြောလို့မရတဲ့အထိပေါ့။ နောက်ပြီး မဆုရဲ့ ဝတ္ထုတွေတော်တော်များများကို ဗွီဒီယိုပြန်ရိုက်တယ်နော်။ ဘယ်မင်းသားနဲ့ ဘယ်မင်းသမီးကမှ လိုက်မမီပါဘူး။ မဆု အမြဲတမ်း အောင်မြင်ပါစေလို့ ထာဝရ ဆုတောင်းနေပါတယ်။

မင်းချစ်ရင်ထူး(ခ)မင်းလဝီမွန်

အမှတ်(၅၃၇)၊ ဆေးရုံလမ်း၊
မြောက်ရွာရပ်၊ ထားဝယ်မြို့၊
တနင်္သာရီတိုင်း။

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါရစေ။ မမွန်လို့ပဲခေါ်မယ်နော်။ မမွန်က အရမ်းချောတာပဲ။ မမွန်ရေးတဲ့စာအုပ်တွေအားလုံးကို သမီးကြိုက်တယ်။ စာအုပ်ဆိုင်သွားရင် မမွန်ရေးတဲ့စာအုပ်တွေပဲ ရွေးဖတ်တယ်။ မမွန်ရေးတဲ့ 'အနမ်းဆက်တိုင်း'၊ 'နှလုံးသားတစ်ခုအရင်းပြု၍'၊ အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်'၊ 'မှော်ကဗျာရွှေရုပ်'၊ 'လမင်းခေတ်ကချစ်ခြင်း၏ယဉ်ကျေးမှု'၊ 'ရင်ခုန်ခြင်းနှင့်အတ္တနန်းတော်'၊ 'အညိုးမြစ်'၊ လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘိုင်'၊ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ' တို့ အားလုံး ဖတ်ပြီးပါပြီ။ အားလုံး good တယ်။ မမရေးတဲ့ဝတ္ထုတွေထဲမှာ အင်္ဂလိပ်လိုရေးတာလေးတွေက ထူးခြားတယ်နော်။ မမွန်ကို အမြဲအားပေးနေမယ်။ ပရိသတ်ထဲမှာ သမီးလည်းပါတယ်။ မမွန်ရဲ့ ပြန်စာကို သမီးစောင့်နေမယ်။ မမွန်လေး ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းလျက်။

May you live along life. your love'

မသဆုမွန်

စိန်ပုအုပ်စု၊ ကျွဲတဲကုန်းရွာ
တစ်ဆင့်–ဒေါ်သန်းသန်းဦး၊
ဈေးချိုတန်းလမ်း၊ မြောက်ဘက်ဈေး၊
အပ်ချုပ်ဆိုင်၊ မင်းလှမြို့၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာလေးတစ်စောင် ပါးလိုက်ရပါတယ်။ ကျွန်တော်က မမရဲ့ဝတ္ထုတွေကို ခုံမင်နှစ်ခြိုက်စွာ ဖတ်ရှုအားပေးနေတဲ့ ထာဝရစာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့ထွက်ပြီးသားဝတ္ထုတွေကို ဖတ်ပြီးပါပြီ။ ဆက်လက်ထွက်ရှိမဲ့စာအုပ်တွေကိုလည်း မျှော်လင့်နေရပါတယ်။ 'မမ'ရေးတဲ့ဝတ္ထုတွေထဲက dialogue တွေကို အရမ်းကြိုက်တယ်။ ဗဟုသုတများစွာရရှိစေတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို မမရဲ့စာဖ်ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုတယ်ဆိုလျှင် 'မမ'ရဲ့ ဓာတ်ပုံနဲ့စာလေးတစ်စောင်လောက် ပြန်ပါးစေလိုပါတယ်။

ဆရာမ အလိုရှိတိုင်း ရရှိနိုင်ပါစေ...

မောင်ဘုန်းမြင့်(G.T.C, Y.M.T)
ဆေးရုံကွက်သစ်၊ ဆရာဦးဝင်းမြင့်
အိမ်အမှတ်–၈/၄၅၂

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ ကျွန်တော်က နည်းပညာတက္ကသိုလ်(ရမည်းသင်း)က ပထမနှစ်ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ မဆုမြတ်ရဲ့ ထာဝရပရိသတ်တစ်ယောက်လည်း ဖြစ်ပါတယ်။ မဆုမြတ်ရဲ့ ဝတ္ထုတွေကစာဖတ်သူပရိသတ်အပေါ် အရမ်းဆွဲဆောင်မှုကောင်းသလို ဗဟုသုတလည်း များစွာရပါတယ်။ ကျွန်တော် အကြံပြုလိုတာကတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်သည့်အတွက် တက္ကသိုလ်နဲ့ဆိုင်ရာ ဖြစ်တတ်ပျက်တတ်တဲ့ ဗဟုသုတလည်းများစွာ ရရှိလိုကဲ့ဆန္ဒနဲ့ ဖြစ်ပါတယ်။ ကျွန်တော် မဆုမြတ်ရဲ့ဝတ္ထုတွေ အများဆုံးဖတ်ဖြစ်ပါတယ်။ ဝတ္ထုတွေဟာ အရမ်းဖတ်လို့ကောင်းတော့ စာသင်ခန်းထဲမှာတောင် အမြဲဖတ်ဖြစ်တယ်။

မဆုမြတ်တစ်ယောက် စာပေလောကမှာ
အရမ်းအောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်
ဖြစ်ပါစေလို့ ဆုတောင်းပေးလျက်

မောင်ဇင်ဘိုအောင်(G.T.C)
ရမည်းသင်းမြို့၊ နာရီစင်အနီး၊
အောင်တမန်ဓာတ်ပုံတိုက်။

BURMESE CLASSIC .com

www.burmeseclassic.com